ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်

# EDU2109

## သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာလေ့လာမှုများ - ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲ ပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ပါဝင် သည်။ လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသား များအား မြန်မာနိုင်ငံမူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သောတတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထား ပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း ၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာဖော်ပြထား သည့်ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံသင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးဒီဂရီ ကောလိပ်ကျောင်းသားများသည် မိမိတို့သိထားပြီး သော အယူအဆသဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာ မည်ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးကို အပိုင်း၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ်နှင့် ဒုတိယနှစ်) တွင်သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့်စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးဒီဂရီကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်းလုပ်ဆောင်လေ့ရှိသည်များကို မိမိတို့အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသောချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့ အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ်မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည် သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အသိပညာများကိုသာ အလေးပေးခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ် အုပ်စုအလိုက် သင်ကြားသင်ယူမှု အခြေအနေများတွင်အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ ကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သောကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင် သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊စိတ်နေသဘောထားများနှင့် ၎င်းတို့ကိုထိရောက်စွာ အသုံးချနိုင်ခြင်းစသည်တို့ကို အလေးပေးထားသောကြောင့် ဤ သင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆသဘောတရားသစ်များကို လေ့လာသင်ယူသည့်အခါ တွင်လည်း ၎င်းတို့ကိုအသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)

၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်

၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးဒီဂရီကောလိပ်၌ ပညာသင်ယူပြီးချိန်တွင်လည်း ပညာရေးဒီဂရီကောလိပ်ဘွဲ့ရ ကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည် သုံးသပ်ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင်အသုံးချ ခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု များကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ် တာဝန်ပေးအပ်ထားသော ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေး

တက္ကသိုလ်များနှင့် ပြည်ထောင်စုတိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ်တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက်မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်း ရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို သြစတြေးလျအစိုးရ၊ ဖင်လန်အစိုးရ နှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။

# မာတိကာ


နိဒါန်း ....................................................................................................................က

မာတိကာ...................................................................................................................ဃ

ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။..........................................................၁

အခန်း ၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မိတ်ဆက်.......................................................၅၁

၁.၁။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း နှင့် အလယ်တန်းဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ ......................................................................................................၅၅

၁.၁.၁။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ.............................................................................................၅၅

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ........................................... ၆၂

၁.၂။ အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ယူမှုအား ပံ့ပိုးခြင်း...............................................................................................................၆၄

၁.၂.၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် သင်ကြားရေးဆိုင်ရာ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများ ............................၆၅

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ........................................... ၇၂

အခန်းဆုံးအနှစ်ချုပ် ......................................................................................................၇၄

အဓိကအချက်များ..........................................................................................................၇၄

အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း ......................................................................၇၅

ဆက်လက်ဖတ်မှတ်စရာများ ..........................................................................................၇၆

အခန်း ၂။ တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများ .......၇၈

၂.၁။ တိုင်းရင်းသား ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများ အကြောင်း သင်ယူခြင်းမိတ်ဆက် .......................................................................၈၁

၂.၁.၁။ ဒေသယဉ်ကျေးမှုမိတ်ဆက်-တိုင်းဒေသကြီး/သမိုင်းဝင်အထင်ကရ နေရာများ .......................................................................................၈၁

၂.၁.၂။ ဒေသအလိုက်၊ ရိုးရာအလိုက်ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ..............၈၇

၂.၁.၃။ တိုင်းဒေသကြီး စီးပွားရေး၊ ဒေသတွင်း စီပွားရေး၊ ဒေသထွက်ထုတ်ကုန်များ.......................................................................၉၅

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ..............................................၁၀၂

အခန်းဆုံးအနှစ်ချုပ် .......................................................................................... ၁၀၇

အဓိကအချက်များ.............................................................................................. ၁၀၇

အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း.............................................................. ၁၀၈

ဆက်လက်ဖတ်မှတ်စရာများ ................................................................................ ၁၀၈

အခန်း ၃။ စိုက်ပျိုးရေးလုပ်ငန်း.......................................................................................၁၁၁

၃.၁။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း...........................................................................၁၁၃

၃.၁.၁။ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ .......................................................၁၁၃

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ .............................................. ၁၁၇

၃.၂။ အပင်နှင့် မျိုးစေ့များ......................................................................................၁၁၈

၃.၂.၁။ အပင်များကိုအမျိုးအစားခွဲခြားခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံ သီးနှံများ...................................................................................... ၁၁၈

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ...................................................၁၂၂

၃.၃။ မြေဆီလွှာများနှင့် မြေသြဇာများ ..................................................................၁၂၃

၃.၃.၁။ အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်း..............................၁၂၃

၃.၃.၂။ သဘာဝမြေသြဇာများ ...........................................................................၁၂၇

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ ...........................................၁၃၁

၃.၄။ အပင်မျိုးပွားခြင်း ...........................................................................၁၃၃

၃.၄.၁။ ကိုင်းဆက်ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း...........................................၁၃၃

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ ...........................................၁၃၇

အခန်းဆုံးအနှစ်ချုပ် ...........................................................................၁၃၈

အဓိကအချက်များ...........................................................................၁၃၈

အခန်းဆုံးပြန်လည် သုံးသပ်စဉ်းစားခြင်း ...........................................................................၁၃၈

ဆက်လက်ဖတ်မှတ်စရာများ ...........................................................................၁၃၉

ခက်ဆစ်အဘိဓာန် ...........................................................................၁၄၀

ကျမ်းကိုးစာရင်း...........................................................................၁၄၅

နောက်ဆက်တွဲများ ...........................................................................၁၄၉

နောက်ဆက်တွဲ (၁) လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား
ကွာခြားချက်များ...........................................................................၁၄၉

နောက်ဆက်တွဲ (၂) ဇယား (၃.၃) နှင့် ဇယား (၃.၅) အတွက် အဓိကအချက်များ...........၁၅၀

နောက်ဆက်တွဲ (၃) သဘာဝ မြေဆွေး/နွားချေး၏ အားသာချက်များ......................၁၅၁

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ် ကျောင်းသား[၁]များအား ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသောစာအုပ်ဖြစ်ပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်ကိုသင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့် သင်ခန်းစာတစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့်အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ကြားရေးအစီအစဉ်တွင် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၁၀ ချိန်၊ ဒုတိယ စာသင်နှစ်ဝက်တွင် ၁၂ ချိန်) တစ်နှစ်လျှင် စုစုပေါင်း စာသင်ချိန် ၂၂ ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဘာသာရပ် ဆရာလမ်းညွှန်တွင် မည်သည့်အရာများ ပါဝင်သနည်း။

ဤဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထား ပါသည်။

ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင် ပါသည်။

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက်

---

၁ ဤဆရာလမ်းညွှန်တွင်ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

၂ ဤဆရာလမ်းညွှန်တွင်ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

- တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်း စီးပွားရေးများ
- စိုက်ပျိုးရေးလုပ်ငန်း
- သက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ
- အိမ်တွင်းစီမံခန့်ခွဲမှု စွမ်းရည်များ
- စစ်ဆေးအကဲဖြတ်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံတူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**နှင့် **ရရှိသွားမည့်တတ်ကျွမ်းမှုများ**ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သောအရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာ တစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည် -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများ တတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များ ဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်း ဖြစ်သည်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။** သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်း ဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များ အတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသော ဘာသာရပ်များနှင့် ဆက်နွှယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် ရည်ညွှန်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသောသင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ရှိပြီးအသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင်သင်ကြားသင့်သည်။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှုအခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာသင်ယူနိုင်ရေးအတွက် အလေးထားရမည့်အချက်များ ရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက်ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်းအပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်းပြသခြင်း (သို့မဟုတ်) အနှစ်ချုပ်၍ ပြန်လည်ပြောဆိုရှင်းပြခြင်း ဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့ အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် **စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော**

**သင်ထောက်ကူသေတ္တာ** (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ အပေါ် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြ ထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအား ခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင်တွင်ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်း ဖြစ်သည်။ ဆရာတတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာပါ အကြောင်းအရာများတွင် မည်သို့ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်မည့်အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း အကျိုးကျေးဇူးများကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန်အတွင်း မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် ကျောင်းသားများ၏ကွဲပြားသော သင်ယူမှုလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင်ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုလုပ်ငန်းများကိုဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍

ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှုပုံစံများအတွက် အလေးထား ဖော်ပြထားခြင်း ဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသောကျောင်းသားများ၏ အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံး အနှစ်ချုပ်တွင်အောက်ပါတို့ ပါဝင်သည် -

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်း ဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်း ဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံဖော်ပြ ထားပါသည်။ သင်၏တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန် ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန်အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများအလိုက် ဖတ်စရာထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။

သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမိုသိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေး ဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေး နိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားတစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သောညွှန်ကြားချက်များသည် အကြံပြုချက်များသာ ဖြစ်ပါသည်။ သင်၏ စာသင်ခန်းအတွင်းမှကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက်များ ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင်သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်း မူဘောင်တွင်ထည့်သွင်းရေးဆွဲထားပြီး ၎င်းသည်ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှု အခြေပြုချဉ်းကပ်မှုဆိုသည်မှာ ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည်မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝအခြေအနေတွင် ပြန်လည်၍အသုံးချရန်

အလေးထားခြင်း ဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းများသည် သင်ယူသူ ဗဟိုပြု ဖြစ်ပြီးကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲ နိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။[၃]

- **နောက်ခံအခြေအနေနှင့် ဆက်စပ်ပေးခြင်း (Contextualisation)။** သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။
- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)။** ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်းအတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/ မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိကိုယ်ပိုင် လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာနားလည်သဘောပေါက်လာကြမည်ဖြစ်သည်။
- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်းဆောင်တာ တစ်ခုအား ပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံဆွေးနွေးခြင်းများမှ တစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိက ဝိသေသလက္ခဏာများမှာ - တူညီသောအလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး

[၃] Adapted from the Glossary of Curriculum Terminology (UNESCO-International Bureau of Education, 2013)

ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မှီခိုဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်းစသည်တို့ ဖြစ်သည်။[၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအတွက် အခြေခံပညာရေး သင်ရိုးညွှန်းတမ်းအသစ်ရှိ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အခြေခံသဘောတရားနှင့် ဤသင်ရိုးသည် ဒေသလိုအပ်ချက်များကြောင့် မည်သို့ပေါ်ပေါက်လာပုံနှင့် ဒေသလိုအပ်ချက်များအား မည်သို့တုန့်ပြန်ပုံ စသည်တို့ကို အကျွမ်းတဝင်ရှိစေရန် ဖြစ်ပါသည်။ ၎င်းတို့သည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အထူးသဖြင့် စိုက်ပျိုးရေးအတွက် ခွဲခြားသတ်မှတ်ထားသော ခေါင်းစဉ်အများအပြားတွင် အသိပညာနှင့် ကျွမ်းကျင်မှုများရရှိမည် ဖြစ်ပါသည်။ သင်ခန်းစာအပြီးတွင် ကျောင်းသားများသည် မြန်မာနိုင်ငံရှိ ဒေသဆိုင်ရာအကြောင်းအရာများတွင် ဆက်စပ်ပတ်သက်မှုရှိသော ပညာရေးအတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်နှင့် အရေးပါပုံတို့ကိုလည်းကောင်း၊ ယဉ်ကျေးမှုအချင်းချင်း အလေးထားမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့အပေါ် ၎င်း၏ပါဝင်ဖြည့်ဆည်းပေးမှုကိုလည်းကောင်း နက်နက်နဲနဲ နားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း ဦးတည်ချက်များ

အမျိုးသားပညာရေးဥပဒေ (NEL) (၂၀၁၄၊ ၂၀၁၅ တွင်ပြင်ဆင်ခဲ့) သည် ပြည်နယ်/တိုင်းဒေသကြီးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း မူဘောင်နှင့်အညီ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ပေါ်ပေါက်လာစေရန် ပြည်နယ်အစိုးရများအား အခွင့်အလမ်း ပေးပါသည်။ အစီအစဉ်များတွင် (အဓိက) သင်ရိုးညွှန်းတမ်း၏ ဆက်စပ်နေသော ဘာသာရပ်များနှင့်အတူ မာတိကာအချို့ကို ပေါင်းစည်းခြင်း (သို့မဟုတ်) မာတိကာအချို့ကို သီးခြားဘာသာရပ်များအဖြစ် သင်ကြားခြင်းဖြင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါဝင်ရန် စီစဉ်ဆောင်ရွက်ပါသည်။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအဖြစ် အဓိကပါဝင်ပတ်သက်သည့် အကြောင်းအရာများမှာ တိုင်းရင်းသား

[၄] Lejenue's Collaborative Learning for Educational Achievement (1999)

ဘာသာစကားများ၊ ၎င်းတို့၏ကိုယ်ပိုင်သမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုများ၊ ဒေသစီးပွားရေး အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြေခံကွန်ပျူတာတို့ကို လေ့လာသင်ကြားခြင်းပင် ဖြစ်ပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ပေါ်ပေါက်လာမှု အထူးသဖြင့် တိုင်းရင်းသားဘာသာ လေ့လာသင်ယူခြင်းသည် မိခင်ဘာသာစကားဖြင့် သင်ကြားသင်ယူခြင်းကို ကြောင်းကျိုး ဆက်စပ်ပေးရန်၊ တိုင်းရင်းသားကလေးငယ်များ၏ မိမိကိုယ်ကို တန်ဖိုးထားမှု မြှင့်တင်ရန်နှင့် ယဉ်ကျေးမှုအချင်းချင်း အလေးထားမှုနှင့် နားလည်သဘောပေါက်မှုတို့ကို ထောက်ခံအားပေးရန် အခွင့်အလမ်းတစ်ရပ် ပေးပါသည်။

## အခြေခံပညာရေး ရည်မှန်းချက်များ

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင် ကြံဆဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသော နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရန်

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများ ရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည် လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေး အခြေခံအသိများ နှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သူများဖြစ်ရန်

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ် နှင့် ဆက်နွှယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့်အရာများကို သိရှိထား သင့်ပြီး၊ ပညာရေးဒီဂရီကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့် အရာများ ရရှိတတ်ကျွမ်းသွား မည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ ၎င်းတတ်ကျွမ်းမှု စံသတ်မှတ် ချက်များသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများ အတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှုရှိပါသည်။

### ဇယား (က)။ ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းဘာသာရပ်၊ ဆရာများအတွက် အဓိက တတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| (က-၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။ | (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်း အလိုက်၊ ဘာသာရပ်အလိုက် သင်ကြား သော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက် များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br>(က) (၄.၁.၃) အလယ်တန်းသင်ရိုးညွှန်းတမ်း ၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ မူများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| (က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များ အလိုက် သင်ကြားသော ဘာသာရပ်ဆိုင်ရာအဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |
| | | (က) (၅.၁.၂) ကျောင်းသားများ၏ အဓိက ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများနှင့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန် ဆီလျော်သောသတင်းအချက်အလက်များ၊ နမူနာများနှင့်လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။ |
| | | (က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင်တိကျသော ဘာသာရပ်ဆိုင်ရာအခြေခံများနှင့်ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန်  အဓိကသဘောထားအယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။ |
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှု လိုအပ်ချက်နှင့် ဆက်နွှယ်နေသောသင်ယူမှုအခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများကို မည်သို့ပို့ချရမည်ကိုနားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမူများ၊ အတွေးအခေါ် များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှု လုပ်ငန်းများကိုထည့်သွင်း စဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။ |
| | | (က) (၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာသတင်း အချက်အလက် များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်သို့ ဖွဲ့စည်း ဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ |
| (ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်းအရာကို သင်ကြားသည်။ | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့အတွက် သင့်လျော်ကိုက်ညီသော သင်ကြားနည်းများ၊ သင်ယူမှုနည်းဗျူဟာများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း | (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့် သုံးသပ်အကြံပြုချက်များပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |
| | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း(အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေးအကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများသင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်းပြသည်။ | (ခ) (၂.၂.၁) ကျောင်းသားများ၏ သင်ယူ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျ မှန်ကန်စွာ မှတ်တမ်းထားသည်။<br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက် မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ် ပြောဆိုသည်။ |
| (ဂ-၁) ဆရာအတတ်ပညာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးပြု တာဝန်ထမ်း ဆောင်သည်။ | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်း စဉ်လာ အရ စံနမူနာပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာတစ် ယောက်တွင်ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင် ကြောင်းပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံးသည့် ကျင့်ဝတ် (၅)သွယ် အပါအဝင် ဆရာ့အတတ်ပညာဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာသည်။ |
| | (ဂ) (၁.၃) ဒေသန္တရယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေ အနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက် နိုင်ကြောင်းကို နားလည်သဘောပေါက် ကြောင်း ပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။ |
| | (ဂ) (၁.၄) ပညာရေးဆိုင်ရာရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံ ကြောင်းပြသသည်။ | (ဂ) (၁.၄.၁) ကျောင်းများအား ထောက်ပံ့ ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာ အသုံးပြုသည်။ |
| (ဂ-၃) ကျောင်းသားအားလုံး ပညာရေးအရည်အသွေး မြင့်မား စေရန်နှင့် ပညာသင်ယူခွင့် မျှတမှုရှိ စေရန်မြှင့်တင် ဆောင်ရွက်သည်။ | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြား ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည် အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာ အကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင်ကျောင်းသား များအားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန်ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ၏ ကွဲပြား ခြားနားသော ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကမ္ဘာ့နိုင်ငံသားဖြစ်မှု အကြောင်းအရာများ ကို နားလည်နိုင်ရန်အတွက် ပြုစုပျိုးထောင် ပေးနိုင်စွမ်းရှိကြောင်းပြသည်။ | (ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူ ညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့်ပတ်သက် သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံး လိုအပ်ချက် | အညွှန်းကိန်းများ |
|---|---|---|
| (ဃ-၂) သင်ကြားရေး လက်တွေ့ ကျင့်သုံးမှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။ | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့်လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့ သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။ |
| (ဃ-၃) သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများ တိုးတက်မြင့်မား ရေးအတွက် လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူ လေ့လာမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက် သည်။ | (ဃ) (၃.၁) လက်တွေ့သင်ကြားမှုလုပ်ငန်း များ တိုးတက်မြင့်မားစေရန်စူးစမ်းလေ့လာမှုနှင့် သုတေသနအခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘောပေါက်ကြောင်း ပြသည်။ | (ဃ) (၃.၁.၁) မိမိ၏ လက်တွေ့သင်ကြား မှုများ တိုးတက်ကောင်းမွန်စေရန်ဆီလျော် သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်းများ ကို သတ်မှတ်ဖော်ထုတ်သည်။ |

***ရင်းမြစ်*** **-** မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင်တာဝန် ထမ်းဆောင်သော ဆရာများ (၂၀၂၀ ခုနှစ်) (စာ. ၁၀၉ - ၁၄၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါ အကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသား အသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်း အတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်း ရသောအခါနှင့်
- မိမိ၏ သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံ ပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသော အခါတို့တွင် ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာ များသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ ‘အလေ့အကျင့်ကောင်း’ များကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက် ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများသင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသောအကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခု မည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှအသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ် ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်း ရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက် ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့်ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။

စာသင်ခန်းအတွင်းရှိ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသောအရာကို ရှာဖွေစေပြီးတွေ့ ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင် ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှုဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ တန်းတူအခွင့်အရေးများအား နှစ်ခြိုက်စွာ ခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူဖြစ်သည်။ ပညာရေးတွင် လူတိုင်းအကျုံးဝင်ပါဝင်မှုဆိုသည်မှာ (၁၉၉၀) ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေးတစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့်ရရှိနိုင်ရေးဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE) ၏ မျှော်မှန်းချက်မှာ ကုလသမဂ္ဂသဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG) အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေးဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက်ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင်ဆိုသည်မှာ *SDG ပန်းတိုင်(၄)၊ လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေး ဖြစ်သည်။*

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့်ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင် (၄) သို့ ရောက်ရှိအောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် သာတူညီမျှရှိသော စာသင်ခန်းအလေ့အထများကို ၎င်းတို့၏ ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ခံခြင်းအား ဆန့်ကျင်သည့်မူဝါဒအပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊ မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာဖော်ဆောင်ခြင်းသည် သင်၏သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီရယူနိုင်သည့်

ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့်တာဝန်ဝတ္တရားဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည်သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင် သင်ကြားမှု အလေ့အကျင့်များနှင့် ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့်တာဝန်ဝတ္တရားဖြစ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး ဖန်တီးခြင်းနှင့် စပ်လျဉ်းသောစာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထားများသည် ကျောင်းသားများ၏ အနာဂတ်စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျနည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အား ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်း စဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင်ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွားအခြေအနေတို့ကြောင့် တွေ့ကြုံကောင်းတွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။
- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။
- ကျား၊မ အားလုံးပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင်လုပ်ဆောင်ပါ။ ကျား၊မ ရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိအောင် သတိပြုပါ။
- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေးအုပ်စုအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထားဆင်ခြင်ပါ။
- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့်

ကျောင်းတွင်ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိခြင်းမျိုးဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသားအားလုံး ရင်းနှီးမည့်အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိကစာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။

- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံအသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြု ရန်ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲရှိသူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။
- လုပ်ငန်းများနှင့် ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများအတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင်လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသော ဒေသဆိုင်ရာဥပမာများနှင့်ရရှိရန်လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။
- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာများကို ပြောင်းလဲပြုပြင်ပေးပါ။
- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြားအာရုံအချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံ အချက်ပြမှုများမှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ်ရန် အလို့ငှာ ကွဲပြားခြားနားသောကျောင်းသားများအတွက် အမျိုးမျိုးသောလုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင်တင်ဆက်ပါ။
- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှုရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေးဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင် လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့

အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများ အတွင်းကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာအထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထားသိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသား ကိုယ်စားပြုမှုနှင့် အမျိုးသမီးကိုယ်စားပြုမှုတို့သည် ညီတူညီမျှရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့်တရားသေ မှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်းမရှိကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာသာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန်ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီအားပေးပါ။ ကျား၊ မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် အသားပေး ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန်ပြောဆို ဆွေးနွေးရာတွင် ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှပြောဆို ဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှ အမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ဥပမာ - မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသားအမည်များကို မှတ်မိအောင် ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ခွဲခြင်း၊ ထိုင်ခုံနေရာစီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာကို အလေးထားသိရှိနားလည် သတိပြုမိပြီး ညီမျှမှု ရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် လမ်းညွှန်ချက်များ

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ | ၎င်းတို့၏ ဘဝနှင့်ခေါင်းစဉ်အကြား သက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများ ပါဝင်ပါစေ။ |
| လုပ်ငန်းများတွင် စိတ်အားတက်ကြွမှု မရှိသော ကျောင်းသားများ ပါဝင်ခြင်း | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင်လုပ်ဆောင်ပါ။ |
| စာသင်ခန်းတွင်ပါဝင်ရန် ကျောင်းသားများ တွန့်ဆုတ်နေခြင်း | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း အုပ်စုငယ်များအကြား/ ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ် ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအားပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |
| လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ ကြာမြင့်တတ်သော ကျောင်းသားများ | လိုအပ်ပါက အလုပ်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံမသန်စွမ်းကျောင်းသားများ အပါအဝင်) | အရာဝတ္ထုများ ရုပ်ပုံများ/ရုပ်ပုံစုစည်းမှုများပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်း မွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှု အခြေပြုသင်ယူခြင်း၊ အတန်းဖော်အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက်ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကို အသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| သင်ယူရာတွင် (သို့မဟုတ်) အာရုံစူးစိုက်ရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ | အချက်အလက် အပိုင်းအစငယ်များ၊ မကြာခဏ ထပ်ကျော့ လုပ်ဆောင်မှုများ၊ ဥပမာအမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့သရုပ်ပြ သင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |
| ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏ ရွေ့လျားခြင်း၊ စီမံကိန်း အခြေပြုသင်ယူခြင်းတို့ကို အသုံးပြုပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ယဉ်ကျေးမှုကွဲပြား စုံလင်သော ကျောင်းသားများ | ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်းနည်းလမ်းများကို အသုံးပြုပါ။ |
| မသန်စွမ်းကျောင်းသားများ | အခက်အခဲတွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |
| အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ | စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | နှုတ်ကြည့်ဖတ်ခြင်း (lip-reading) ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏နှုတ်ခမ်းများကို သေချာစွာမြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ရှေ့နားတွင် ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့်ရေးသား ပံ့ပိုးပေးပါ။ |
| အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |
| ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင်အခက်အခဲရှိသည့် ကျောင်းသားများအပါအဝင်) | နေ့စဉ်မှတ်တမ်း (ဂျာနယ်) ကွက်လပ်ဖြည့်လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| နှုတ်ဖြင့် ဖော်ပြလိုသော ကျောင်းသားများ (စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | စာသင်ခန်းတွင်း ဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို "ပြန်လည်အစီရင်ခံခြင်း" တို့ကို အသုံးပြုပါ။ |
| ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံး ဆက်သွယ်နိုင်သောကျောင်းသားများ (စကားပြောဆိုရာတွင် (သို့မဟုတ်) စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |
| သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်းတို့မှ တစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သောကျောင်းသားများ | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ် လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်းမှတစ်ဆင့် သင်ကြားပါ။ |
| ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယ ဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်) | သင်နှင့်/သို့မဟုတ် အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်း မပြုမီအဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကို အချိန်ပေးပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ | ရွေ့လျားမှုပြုလုပ်ရန် လိုအပ်ပါက ၎င်းတို့၏အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဝှီးချဲလ်ရွေ့လျားမှုကိုအသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကိုခွင့်ပြုသော အပြောင်းအလဲများပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ | စာရေးသားခြင်းကို ပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| သင်ယူမှု/ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝါကျအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှုတိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသား အများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင် ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန်သာမက ၎င်းတို့တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကိုထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန်ကိုလည်းခွင့်ပြုပေးသည်။

- သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏ အသုံးပြုပါ။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းမှရရှိသည့် ညွှန်ကြားချက်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။
- ကျောင်းသားအားလုံး လက်လှမ်းမီ ပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။
- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီး နားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန်

(သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)

- သင်ယူမှုပန်းတိုင်သို့ ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) "အထောက်အထားမရှိသေး"၊ "စတင်နေဆဲ"၊ "တိုးတက်ဆဲ" နှင့် "အမှီအခိုကင်း" စသည်တို့ကို အဆင့်သတ်မှတ်ချက်စကေးများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ အလေးပေးရွေးချယ်မှုများပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထားမှတ်တမ်းများနှင့် တိုးတက်ရန် လိုအပ်သည့်နယ်ပယ်များ ပါဝင်သည်။
- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မကရှိကြောင်း သေချာအောင်လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းအမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကို ပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

**စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ**

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| တင်ပြခြင်းကိုလုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက် ပေးမှုများ | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက်ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန်အတွက် အသံကိုချဲ့ထားပေးခြင်း (အကြားအာရုံ အထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက်ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | မေးခွန်းများဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ - ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်းသတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |
| နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကို ချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက်အလိုက် အလင်းရောင်ကို တိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။ ဥပမာ - headphones၊ ear plugs၊ earphones |
| အချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ - စိုးရိမ်ပူပန်မှုကို လျှော့ချရန်အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင် သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင်ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီသင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက်ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန်ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ပြန်လည်သုံးသပ်ခြင်းအတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ -

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစား ထားပါသလား။
- သင်ကြားမှု နည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။

- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက် ပါသလား။
- သင်ပြမှုပုံစံသည် ရရှိလိုသောသင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုးပေး ပါသလား။
- မည်သူ့အတွက် မည်သည့်အရာက အဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေ ပါသနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သောနည်းလမ်းရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက်အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့်သိရှိပြီး အသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့်ပံ့ပိုးရန်နှင့် လိုအပ်ချက်အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

## ၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆို ပါသလား။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါသလား။
- သင်ခန်းစာ သင်နေစဉ်အတွင်း ၎င်းတို့လည်း ပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

## ၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများတက်ကြွစွာ ပါဝင်သည်။

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက် တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်း အားပေး ပါသလား။
- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသော သင်ယူမှုကို တိုက်တွန်းအားပေး ပါသလား။
- ကျွန်ုပ်သည် သင်ခန်းစာကို ရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့ သင်ယူပုံ

အတွက် ရွေးချယ်စရာ အခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

## ၄။ အခြားသူများ၏ သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအား တိုက်တွန်းအားပေးသည်။

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။
- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။
- သင်ခန်းစာ၏ ပန်းတိုင်များကို အောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့် တစ်ဦး ကူညီကြပါသလား။

## ၅။ ကျောင်းသားများ အခက်အခဲနှင့် တွေ့ကြုံရသောအခါ အထောက်အပံ့များကို ပံ့ပိုးပေးသည်။

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်ကသတိထား စောင့်ကြည့်နေပါသလား။
- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

## ၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။

- အလှည့်ကျ ပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။
- ၎င်းတို့၏ အသံများကို ညီတူညီမျှ ကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။
- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေမှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ် ထားပါသလား။

## ၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက်ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။

- ကျွန်ုပ်နှင့် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။
- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ်ဖန်တီး ထားပါသလား။

## ၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်း ပေးသည်။

- သင်ယူမှုကိုအားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ်အသုံးပြုပါသလား။
- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီးလက်လှမ်းမီနိုင်ပါသလား။
- ကျောင်းသားများ သင်ယူရမည်ဟု ယူဆထားသောအရာများကို ၎င်းတို့ အမှန်တကယ် သင်ယူနေပါသလား။
- ကျောင်းသားများ၏လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။
- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့ တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ်ကူညီလျက်ရှိပါသလား။
- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကိုသင်ခန်းစာ ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကိုလိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့်အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန်ဆန္ဒ ရှိပါက [http://www.theteachertoolkit.com/index.php/tool/all-tools](http://www.theteachertoolkit.com/index.php/tool/all-tools) (သို့မဟုတ်) အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက် နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ - ဖတ်ထားသော စာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များ ဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက်ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ - သင်ခန်းစာမသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန် မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့်အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ် တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ ရှိကြသည်။


## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)

ဤလုပ်ငန်းများသည် ဆရာကချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်းဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ - လက်တွေ့တန်းပြလေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာကျောင်းမှဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်းသုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်းပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း (သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအားပြသရန် အလားတူလုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင် ရေးကြသည်။




## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီးထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့်သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်း အချို့ကို သင်၏ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။


- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**

  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသောအချက်အလက်များကို စုစည်းရန် အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့် အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စတင်ပြီး အတွေးအခေါ်အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ်) ပိုမိုအသေးစိတ်သော အသိသညာများကို ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကိုတင်ပြထားပါသည်။



- **ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာ (သို့မဟုတ်) စိတ်ကူးနှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn diagram ကိုသုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က) နှင့် (ခ) တို့၏ တူနေသော လက္ခဏာများ ဖြစ်ကြသည်။ ထပ်မနေသော နေရာများမှာ (က) နှင့်(ခ) တို့၏ သီးသန့်ကိုယ်ပိုင်လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသော အချက်များကိုနှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ်ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကိုမသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့ သိပြီးသည့် အကြောင်းအရာနှင့် သိလိုသောအကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အကြောင်းအရာများကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသော အချက်များ | L<br>သိနားလည်သွားသောအချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

  တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ်(၁) | ခေါင်းစဉ်(၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကို ကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများတက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန် ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့်လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်း ပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူအလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကိုရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှုအတွက်

တာဝန်ရှိသလို ကျောင်းသားများက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြု ပေးရန်အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူး ထိရောက်မှုရှိနေခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော ကျွမ်းကျင်မှု စွမ်းရည်အမျိုးအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများအုပ်စုအကြား တစ်လမ်းသွားဆက်သွယ်မှုများ ဖြစ်သည်။ ဤဟောပြော ပို့ချချက်များသည် အကြောင်းအရာ သစ်များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည်ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့်လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသား အုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းသည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသောကျောင်းများတွင် လက်တွေ့ သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိကသင်ကြား လေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များပေးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက သဘောတရားအသစ် (သို့မဟုတ်) ချဉ်းကပ်နည်း အသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်း ဖြစ်သည်။

ဆရာတစ်ဦးအနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်း ဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့တင်ပြခဲ့သည်။ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့်သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေး စေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးဒီဂရီကောလိပ်ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့သင်ကြားပို့ချမည့် အခြေခံပညာကျောင်းသားများအတွက် မည်သို့ဆက်စပ် အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကြည့်ရှုလေ့လာခဲ့မှုများကို နားလည်သဘောပေါက် စေရန်အတွက် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်သုံးသပ် စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြားဆက်စပ်မှုပြုပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင်လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများ ဦးဆောင်သော (သို့မဟုတ်) ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ (ဥပမာ - ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအားမည်သို့ သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက

ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုး တိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူ ဖြစ်စေသည်။

**QR Codes**

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန်(သို့မဟုတ်) သတ်မှတ် သတင်းအချက်အလက်၏ ချိတ်ဆက်လင့်ခ်များအား စစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကို နှိပ်ခြင်း ထက်စတုရန်းပုံ အကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသောအရာလေးကို စကဲင်န် ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Playတို့မှ QR code scanner / reader ကို စမတ်ဖုန်းများ အသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ်ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသားများသည် ၎င်းတို့၏ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့်ချိန်ကာ QR code ကို စကဲင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် နည်းလမ်းအတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုး ဖြစ်နိုင်ပြီး ချိတ်ဆက် လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်းလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့် သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည် ဖြစ်ကြောင်း သတိထားပါ။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာတစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခု ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကိုအုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်း ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်းဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာအရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူး အတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသောနည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေအစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသော နည်းလမ်းတစ်ခု ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသား များအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသောရှုထောင့် အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပေးသော ပတ်ဝန်းကျင်တစ်ခုအတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူ တစ်ဦးအနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြ ခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန် အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ် နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်းရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေးအထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်း ပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အချေအတင် ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာ လေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီးလုပ်ဆောင်ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။ နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာ စဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သောနည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး-တွဲ-မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ** ။ ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်းမျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့်ကျောင်းသား တစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှု ဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်းသင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက် အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း (Virtual Learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခု ဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်း စာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက်အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ၊ ရင်းမြစ်များကိုရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ် ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကိုမသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသောနည်းလမ်းများစွာ ရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်းသတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန်အထောက်အကူပြုသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း(သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်းမတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများမှာ -

## သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် (သို့မဟုတ်) ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ ကျွမ်းကျင်မှု တိုးတက်စေရန်ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်း အချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့် လုပ်ငန်းများကို အိမ်စာအဖြစ်ပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသောအိမ်စာလုပ်ငန်းအလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက်စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကိုသိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူနေသောဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သောနည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ (သို့မဟုတ်) တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ (Checklist) (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ပုံစံ (Criteria) ကို အသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန် အကြံပြုချက်များကို ပေးသည်။

## အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း (Peer- Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်းစစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်များ အပေါ်အခြေခံပြီး အချင်းချင်းတုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန်အချက်များပါသော စာရင်း (Checklist) (သို့မဟုတ်) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားချိန်အတွင်း ကျောင်းသားများအချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့် ပုံစံကိုဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြ သင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှား များကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော

ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သောအစီအစဉ်များ ပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှ တစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ် ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ပရောဂျက်တစ်ခု ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများ အား ညွှန်ကြားချက်များပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်/ မရှိသည်ကိုသိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ မေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာ ဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့် သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင် ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီး အတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင်စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိ ကိုယ်တိုင်တာဝန်ယူတတ်စေရန် အားပေးသောနည်းလမ်း ဖြစ်သည်။ အချင်းချင်း စစ်ဆေး

အကဲဖြတ်ခြင်းကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချ ရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသ ပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

**ရေးဖြေစာမေးပွဲများ (Written examinations)**

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာသင်ကြားနည်း အတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်းဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှု နည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် သင်လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည် ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ

ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့သင်ကြား ပို့ချပေးမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏စာသင်ခန်း အခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာပြောင်းလဲမှု ပြုလုပ်နိုင်သည်။
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာရေးသား ပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မျှဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့်စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့် ထားနိုင်ပါသည်။ ဤသို့ လေ့ကျင့်ထားခြင်းသည် လုပ်ငန်း မစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို ပြုလုပ်ရမည် ဆိုသည်ကို နားလည်သဘောပေါက် ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင်မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန်လိုအပ်သည်များ ရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အား တောင်းဆိုပါ။
- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာ သရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာ လုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား ကျောင်းသားများအဖြစ်ပါဝင်စေပြီး အချိန်တို သရုပ်ဆောင် သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့မည်သည့်အရာကိုလုပ်ဆောင်သင့်ကြောင်းတိကျစွာတွေ့မြင်နိုင်စေမည်ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခုပြုလုပ် ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသား

များ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကိုဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီအောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါကများစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသော အလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီ သင် ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအားပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည် ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင်ပို့ချ သင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများလုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့နားလည် သဘောပေါက်မှုရှိ

သည်/ မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန် ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသောနည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏ နေရာအနှံ့ လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံးရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်းရှိ/မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း တွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့်အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန်ပြောပြီး ကျောင်းသားတိုင်း သိအောင်ရှင်းပြပေးပါ။
- သင်ခန်းစာများရှေ့မဆက်မီ “ဆရာ့မှတ်စု” ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာသင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့်အထောက်အကူဖြစ်စေနိုင်ပါသည်။

- သင်ခန်းစာသင်ယူမှု ပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာ သင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီ

အောင် မည်သို့ထောက်ပံ့ပေးကြောင်းကိုလည်း နားလည် သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကိုပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်းအားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်း ပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှ ရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန် ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သောအချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာမေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန်ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့် ဆရာများဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

## ဇယား (ခ)။ ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်၊ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာ အကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၁။ ဒေသ ဆိုင်ရာ သင်ရိုး ညွှန်းတမ်း မိတ်ဆက် | ၁.၁။ ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့် အလယ်တန်း အဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း တို့နှင့် ဆက်စပ်သော အသိပညာများ | ၁.၁.၁။ ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့် အလယ်တန်း အဆင့်ဒေသ ဆိုင်ရာ သင်ရိုးညွှန်းတမ်း တို့နှင့် ဆက်စပ်သော အသိပညာများ | • ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအားအလယ်တန်း ကျောင်းတွင် အဘယ်ကြောင့် သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆို တတ်မည်။<br>• ပညာရေး ဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် ခေါင်းစဉ်များနှင့် အလယ်တန်း သင်ရိုးညွှန်းတမ်းကို နှိုင်းယှဉ်တတ်မည်။ | (က)(၄.၁) | (က)(၄.၁.၁) | ၁ |
| | ၁.၂။ အလယ်တန်း ကျောင်းသားများ ၏ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ယူမှုအား ပံ့ပိုးခြင်း | ၁.၂.၁။ ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်းအတွက် သင်ကြားရေး ဆိုင်ရာ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများ | • အလယ်တန်း ကျောင်းသားများ၏ သင်ယူပုံကိုဆွေးနွေး တတ်မည်။<br>• အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန် အတွက်သင်ကြား သင်ယူမှုနည်းလမ်း အမျိုးမျိုးကို သရုပ်ပြ တတ်မည်။ | (ဂ) (၁.၃)<br>(ဂ) (၃.၂)<br>(ဂ) (၃.၃) | (ဂ)(၁.၃.၁)<br>(ဂ)(၃.၂.၁)<br>(ဂ)(၃.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • မြန်မာနိုင်ငံ တိုင်းဒေသအနှံ့အပြားတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား သင်ကြားနိုင်ရန် အတွက်အမျိုးမျိုးသော ချဉ်းကပ်နည်းများနှင့် ပံ့ပိုးရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ်တတ်မည်။ | | | |
| ၂။ တိုင်းရင်းသား ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်း စီးပွားရေးများ | ၂.၁။ တိုင်းရင်းသား ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်း စီးပွားရေးများ အကြောင်း သင်ယူခြင်း မိတ်ဆက် | ၂.၁.၁။ ဒေသယဉ်ကျေးမှု မိတ်ဆက်- တိုင်းဒေသကြီး/ သမိုင်းဝင် အထင်ကရ နေရာများ | • မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရေးဟောင်း အမွေအနှစ်နေရာများကို ဖော်ထုတ်ပြသတတ်မည်။<br>• မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင်အထင်ကရ နေရာများကို မည်သို့ တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက် သင့်ကြောင်း ဆွေးနွေးတတ်မည်။ | (က)(၅.၁)<br>(ဂ) (၁.၃) | (က)(၅.၁.၁)<br>(ဂ) (၁.၃.၁) | ၁ |
| | | ၂.၁.၂။ ဒေသအလိုက်၊ ရိုးရာအလိုက် ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ | • မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက်ဝတ်စားဆင်ယင်မှု၊ ပွဲတော်များ အကြောင်းကိုဖော်ထုတ်လေ့လာတတ်မည်။<br>• ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက်ဝတ်စားဆင်ယင်မှုပွဲတော်များကိုမည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်းပြောဆိုတတ်မည်။ | (ဂ) (၁.၃) | (ဂ)(၁.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၂.၁.၃။ တိုင်းဒေသကြီးစီးပွားရေး၊ ဒေသတွင်းစီးပွားရေးနှင့် ဒေသထွက်ထုတ်ကုန်များ | • မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။<br>• နိုင်ငံတွင်းနှင့် ဒေသတွင်း စီးပွားရေးစနစ်များ၏ အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံဒေသကြီးတို့၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။<br>• အာဆီယံအသိုက်အဝန်းအတွင်း တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ၏ တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) စနစ်ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကိုဖော်ပြတတ်မည်။<br>• နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်းစီးပွားရေး၊ ဒေသတွင်းထုတ်ကုန်များ၊ ဒေသတွင်းစီးပွားရေးစနစ်တို့ကို အသိအမှတ်ပြု၊ တန်ဖိုးထားတတ်မည်။ | (ဂ) (၃.၂)<br>(ဂ) (၃.၃) | (ဂ) (၃.၂.၁)<br>(ဂ)(၃.၃.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၃။<br>စိုက်ပျိုးရေးလုပ်ငန်း | ၃.၁။<br>မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း | ၃.၁.၁။<br>စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ | • မြန်မာနိုင်ငံစိုက်ပျိုးရေး၏ အရေးပါပုံကို ရှင်းပြတတ်မည်။<br>• မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများ အလိုက်တွေ့ရှိရသော ဒေသထွက်သီးနှံများကိုဖော်ပြပြောဆိုတတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁)<br>(က)(၅.၁.၂)<br>(က)(၅.၁.၃) | ၁ |
| | ၃.၂။<br>အပင်များနှင့် မျိုးစေ့များ | ၃.၂.၁။<br>အပင်များကိုအမျိုးအစားခွဲခြားခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ | • လယ်ယာသီးနှံများနှင့် ဥယျာဉ် ခြံသီးနှံများ အကြားကွာခြားချက်များကိုဖော်ထုတ်တတ်မည်။ | (က)(၅.၁) | (က)(၅.၁.၁)<br>(က) (၅.၁.၂)<br>(က)(၅.၁.၃) | ၁ |
| | ၃.၃။ မြေဆီလွှာနှင့် ဓာတ်မြေဩဇာများ | ၃.၃.၁။ အချဉ်ပေါက်မြေနှင့်အငန်ပေါက်မြေကိုပြုပြင်ခြင်း | • ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေပြဿနာများနှင့်၎င်းအချဉ်ပေါက်မြေအား မည်ကဲ့သို့ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။<br>• အငန်ပေါက်မြေပြဿနာအမျိုးအစားနှင့် ၎င်းအငန်ပေါက်မြေအား မည်ကဲ့သို့ပြုပြင်နိုင်မည်ကိုရှင်းပြတတ်မည်။ | (က)(၅.၁)<br>(ဂ) (၁.၄) | (က)(၅.၁.၁)<br>(က)(၅.၁.၂)<br>(က)(၅.၁.၃)<br>(ဂ) (၁.၄.၁) | ၁ |
| | | ၃.၃.၂။ သဘာဝမြေဩဇာများ | • စိုက်ပျိုးရေးလုပ်ငန်း၌ သဘာဝမြေဩဇာများ၏တန်ဖိုးကို ဖော်ပြတတ်မည်။ | (က)(၅.၁)<br>(ဂ) (၁.၄) | (က)(၅.၁.၁)<br>(က)(၅.၁.၂)<br>(က)(၅.၁.၃)<br>(ဂ) (၁.၄.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ကောက်ပဲသီးနှံများစိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေဩဇာများကို သိုလှောင်ပုံနှင့်အသုံးချပုံကို ဖော်ပြတတ်မည်။ | | | |
| | ၃.၄။ အပင်မျိုးပွားခြင်း | ၃.၄.၁။ ကိုင်းဆက်ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း | • ရိုးရှင်းသော ကိုင်းဆက်ကူးနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။ | (က)(၅.၁)<br>(ခ) (၁.၂) | (က)(၅.၁.၁)<br>(က)(၅.၁.၂)<br>(က)(၅.၁.၃)<br>(ခ)(၁.၂.၃) | ၁ |
| **စုစုပေါင်းစာသင်ချိန် ပထမနှစ်ဝက်** | | | | | | **၁၀** |

# အခန်း ၁

## ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းမိတ်ဆက်

ဤအခန်းတွင် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို မိတ်ဆက်သင်ကြား၍ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ ဆီလျော်မှုနှင့် အရေးပါပုံတို့ကို ရှင်းပြထားပြီး ဤဘာသာရပ်အား အခြားနိုင်ငံများတွင် လက်တွေ့အကောင် အထည်ဖော်သည့် သာဓကများကိုလည်း ဖော်ပြထားပါသည်။ ဤအခန်းသည် အလယ်တန်း ကျောင်းများတွင် ဘာသာရပ်နယ်ပယ်တစ်ခုအနေဖြင့် သင်ကြားသည့် ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်း၏ အရေးပါပုံကို ကျောင်းသားများနားလည်အောင် ပံ့ပိုးပေးမည် ဖြစ်ပါသည်။ ပိုအရေးကြီးသည့်အချက်မှာ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်းမှ နဝမတန်းကျောင်းသားများအား သင်ကြားရမည့်အကြောင်းအရာများကို ခြုံငုံသုံးသပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ကျောင်းသား များသည် အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်းအား သင်ယူပုံနှင့် ထိုဘာသာရပ်ကို သင်ကြားရန် ချဉ်းကပ်နည်းများအကြောင်း လေ့လာခွင့်ရရှိပြီး ကျောင်းသား များ၏ သင်ယူမှုကို ပံ့ပိုးပေးခွင့်ရရှိပါမည်။ နောက်ဆုံးသင်ခန်းစာအား ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်း သင်ကြားရန်အတွက် အမျိုးမျိုးသော သင်ကြားရေးနည်းလမ်းများ၊ ချဉ်းကပ်နည်း များနှင့် နည်းဗျူဟာများကို သင်ယူနိုင်အောင် ဖန်တီးပေးထားခြင်း ဖြစ်ပါသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန်အတွက် အောက်ပါ ဝေါဟာရများကို အနက်ဖွင့်ပေးထားပါသည်။ "ဒေသဆိုင်ရာ" ဆိုသည်မှာ ဒေသတစ်ခုမှ အကြောင်းအရာ၊ ထိုဒေသနှင့် ဆက်နွှယ်နေသော အကြောင်းအရာ၊ ထိုဒေသတွင် တည်ရှိ

ဖြစ်ပွားနေသော အကြောင်းအရာ (သို့မဟုတ်) ထိုဒေသအတွက် တာဝန်ရှိသော အကြောင်းအရာများကို ဆိုလိုခြင်း ဖြစ်ပါသည်။ "အမျိုးသား"ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်းကိုသာ ရည်ညွှန်းလိုခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် ဆက်နွှယ်နေသည့် အကြောင်းအရာ (သို့မဟုတ်) ထိုနိုင်ငံ၏ ဝိသေသလက္ခဏာကိုဆိုလိုခြင်း ဖြစ်ပါသည်။ "တိုင်းဒေသကြီးဆိုင်ရာ" ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ပိုင်းနှင့် ဆက်နွှယ်နေသော အကြောင်းအရာ (သို့မဟုတ်) ယင်းမှအခြေတည်သော အကြောင်းအရာများကို ဆိုလိုခြင်း ဖြစ်ပါသည်။[၅]

၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) ၏ အပြည်ပြည်ဆိုင်ရာ ပညာရေးဦးစီးဌာန (IBE) ၏ ထုတ်ပြန်ချက်အရ အမျိုးသားသင်ရိုးညွှန်းတမ်းအား "ပုံမှန်အားဖြင့်အမျိုးသားစာသင်ကျောင်းစနစ်၏ ဘုံပန်းတိုင်များ၊ ရည်မှန်းချက်များနှင့် အရည်အသွေးနှင့်/သို့မဟုတ် အကြောင်းအရာစံနှုန်းများကို ဖော်ပြထားသည့် စာအုပ်တစ်အုပ် (သို့မဟုတ်) ဆက်စပ်နေသော စာအုပ်တွဲများအဖြစ် ရေးဆွဲချမှတ်ပါသည်။" အမျိုးသားသင်ရိုးညွှန်းတမ်းကို စံသတ်မှတ်ချက်များဖြစ်သည့် ပညာရေးအဆင့်များနှင့် ဘာသာရပ်တစ်ခုချင်း (သို့မဟုတ်) သင်ယူရေးနယ်ပယ် တစ်ခုချင်းအတွက် ပြဋ္ဌာန်းထားသော ရည်မှန်းချက်များနှင့် ရရှိသွားမည့်တတ်ကျွမ်းမှုများအဖြစ်လည်း ရေးဆွဲပါသည်။ ယင်းသည် သင်ရိုးညွှန်းတမ်းအကြောင်းအရာအားဒေသတွင်းအဆင့် (သို့မဟုတ်) ကျောင်းတွင်းအဆင့်အဖြစ် မည်သည့်အတိုင်းအတာအထိရေးဆွဲနိုင်ကြောင်း ညွှန်ပြနေပါသည်။ (စာမျက်နှာ - ၄၄)။ "ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း" အား အမျိုးသားသင်ရိုးညွှန်းတမ်း ဘောင်ထဲတွင် အကျုံးဝင်နေသ၍ စာသင်ကျောင်းအဆင့်၊ ရပ်ရွာအသိုက်အဝန်းအဆင့်၊ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့် စသည်ဖြင့် အဆင့်အမျိုးမျိုးပေါ်တွင် ဆွေးနွေးသဘောတူ၍ ရေးဆွဲပို့ချနိုင်ပါသည်။ အမျိုးသားသင်ရိုးညွှန်းတမ်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ ကျောင်းသားအများစု လိုက်နာရမည့် သင်ရိုးဘာသာရပ်တစ်ရပ် ဖြစ်ပါသည်။ ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအားသင်ယူခြင်းမှတစ်ဆင့်ဒေသခံများ၊ နေရာများနှင့်ဆက်စပ်သော အကြောင်းအရာအမျိုးမျိုးကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်လာကြပါသည်။

ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ဒေသခံလူ့အဖွဲ့အစည်း၊ ဒေသခံတိုင်းရင်းသားလူမျိုးစုများ၊ ဒေသစီးပွားရေးနှင့် ဒေသသမိုင်းကြောင်းတို့အပါအဝင် ပြည်တွင်းရှိဒေသများ၏ အရေးပါသည့် အကြောင်းအရာများကို သင်ကြားသင်ယူ နားလည်သဘောပေါက်စေရန်အတွက် နယ်ပယ်တစ်ခု ပံ့ပိုးပေးပါသည်။ ဒေသန္တရအကြောင်းအရာများတွင် တိုင်းရင်းသားဘာသာစကားများဖြစ်သည့် ရှမ်း၊ မွန်၊ ဂျိမ်းဖော့ နှင့် အခြားသော ကချင်ဘာသာစကားများ (သို့မဟုတ်)

[၅] Definition of local, national and regional from the Cambridge Advanced Learner's Dictionary and Thesaurus (2020)

မြန်မာဒေသိယစကားများပင် ပါဝင်နိုင်ပါသည်။ တစ်ခါတစ်ရံတွင် ဒေသဆိုင်ရာနှင့် တိုင်းဒေသကြီးဆိုင်ရာ အကြောင်းအရာများသည် ကိုက်ညီနေတတ်ပြီး မကိုက်ညီသည့် အခါမျိုးလည်း ရှိတတ်ပါသည်။ ဥပမာ - ကျောင်းသားသည် ရှမ်းပြည်နယ်တွင် စာသင်ကြားနေပါက ရှမ်းပြည်နယ်နှင့် သက်ဆိုင်သည့်အကြောင်းအရာ ထည့်သွင်းသင်ကြားရန် သင့်လျော်ပါသည်။ သို့သော်ရှမ်းပြည်နယ်တွင် အင်းသား၊ ပအိုဝ် (သို့မဟုတ်) ပလောင် လူမျိုးကဲ့သို့ အခြားလူမျိုးစုများလည်း နေထိုင်သည့်အတွက် ၎င်းတို့အကြောင်း လေ့လာရန်လည်း သင့်လျော်ပါသည်။

အထက်မြန်မာပြည်ကဲ့သို့ဒေသအချို့တွင်ဒေသခံတိုင်းရင်းသားလူမျိုးစုအနည်းငယ်ရှိပါသည်။ ကျောင်းသားများအနေဖြင့် ဒေသခံလူ့အဖွဲ့အစည်းနှင့် ဒေသသမိုင်းကြောင်းကို လေ့လာရန်ဖြစ်စေ၊ နိုင်ငံ၏အခြားဒေသများရှိ ဒေသခံတိုင်းရင်းသား လူမျိုးစုများအကြောင်းကို လေ့လာရန်ဖြစ်စေ ရွေးချယ်နိုင်ပါသည်။ ဒေသန္တရအကြောင်းအရာအား ဘာသာရပ်အများစုတွင် ထည့်သွင်းသင်ကြားနိုင်ပြီး ထိုသို့သင်ကြားခြင်းအားဖြင့် သင်ခန်းစာများအား အလယ်တန်းကျောင်းသားများ၏ဘဝနှင့် ဆီလျော်အောင် သင်ကြားနိုင်သောကြောင့် စိတ်ဝင်စားမှု ပိုရှိလာစေသည်ကို အမှတ်ရပါ။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်းကျောင်းတွင် အဘယ်ကြောင့် သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများကို အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများနှင့် နှိုင်းယှဉ်တတ်မည်။
- အလယ်တန်းကျောင်းသားများ၏ သင်ယူပုံကို ဆွေးနွေးတတ်မည်။
- အလယ်တန်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် သင်ကြားသင်ယူမှုနည်းလမ်း အမျိုးမျိုးကို သရုပ်ပြတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသအနှံ့အပြားတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် အမျိုးမျိုးသော ချဉ်းကပ်နည်းများနှင့် ပံ့ပိုးရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။

# ၁.၁။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ

ဤအခန်းငယ်သည် ကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းပါ အခြေခံသဘောတရားများကို မိတ်ဆက်ပေး၍ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသင်ယူခြင်း မှတစ်ဆင့် အလယ်တန်းကျောင်းသားများအတွက် မည်သည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်ကို စူးစမ်းဖော်ထုတ်ဖို့ တိုက်တွန်းအားပေးရန်ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့် အကြောင်းအရာများကိုလည်း စူးစမ်းလေ့လာရမည် ဖြစ်ပါသည်။

## ၁.၁.၁ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့နှင့် ဆက်စပ်သော အသိပညာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်းကျောင်းတွင် အဘယ်ကြောင့် သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။
- ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများကို အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့်အကြောင်းအရာများနှင့် နှိုင်းယှဉ်တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှုဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှု နည်းလမ်းများ** - မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၊ နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခြင်း၊ အုပ်စုလုပ်ငန်း၊ ဇင်ပုံဖြင့် သင်ကြားသင်ယူခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - လမ်းညွှန်ပေးထားသည့် အကြောင်းအရာနှင့် ရင်းနှီးမှုရှိစေရန်အတွက် ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၁.၁.၁) ကို ဖတ်ထားပါ။ ကျောင်းသားများသည် သင်ခန်းစာမစတင်မီတွင် သင်ခန်းစာ (၁.၁.၁) ကို ပြီးအောင်ဖတ်ထားရပါမည်။

**လိုအပ်သောရင်းမြစ်များ** - အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်- ပညာရေးဒီဂရီကောလိပ်ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာ၊ နောက်ဆက်တွဲ (၁) (ကျောင်းသားကိုင်စာအုပ်) - အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်မှ ကောက်နုတ်ချက်။

### သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား နားလည်သဘောပေါက်ခြင်း (၂၀ မိနစ်)

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အလယ်တန်းနှင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ်အတွက် ဘာသာရပ်သင်ရိုးမာတိကာများအပေါ် နားလည်သဘောပေါက်မှုကို အခြေခံပြီး ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် မည်သည့်အကြောင်းအရာများ ပါဝင်သင့်သည်ကို ကျောင်းသားများ တွေးတောအောင် တိုက်တွန်းအားပေးရန် ဖြစ်ပါသည်။ ကျောင်းသားများသည် မူလအတန်းကျောင်းအဆင့် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ အဓိက အကြောင်းအရာများကို ယမန်နှစ်တွင် လေ့လာခဲ့ပြီးဖြစ်ပါသည်။

၁။ "ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။" ဟူသည့် မေးခွန်းကို သင်ပုန်းပေါ်တွင် ရေးသားပါ။

၂။ ကျောင်းသားများအား မေးခွန်းကို တွေးတောစေ၍ ၎င်းတို့၏ ကိုယ်ပိုင်စကားဖြင့် ဖြေစေပါ။ ကျောင်းသားအချို့အားခေါ်၍ ၎င်းတို့၏ ထင်မြင်ချက်များကို စာသင်ခန်းထဲတွင်ဝေမျှခိုင်းပါ။

၃။ "ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းတို့ကြားရှိ တူညီချက်များနှင့် ခြားနားချက်များမှာ အဘယ်နည်း။" ဟူသည့် နောက်မေးခွန်းတစ်ခုကို သင်ပုန်းပေါ်တွင် ရေးသားပါ။

၄။ ကျောင်းသားများအား မေးခွန်းကိုတွေးတောစေ၍ ဤသင်ရိုးညွှန်းတမ်းနှစ်မျိုးကို နှိုင်းယှဉ်ရန်အတွက် ၎င်းတို့ကျောင်းသားကိုင်စာအုပ်ထဲရှိ ဇင်ပုံထဲတွင် ဖြည့်ခိုင်းပါ။

၅။ ကျောင်းသားအချို့အား ၎င်းတို့တွေးမိသည့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အမျိုးသား သင်ရိုးညွှန်းတမ်းတို့ကြားရှိ အဓိကတူညီချက်များနှင့် ခြားနားချက်များကို ဝေမျှခိုင်း၍ရပါသည်။

၆။ အုပ်စုဆွေးနွေးပွဲတွင် ကျောင်းသားများအား ကျောင်းစနစ်တွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ထည့်သွင်းသင်ကြားရသည့် ရည်ရွယ်ချက်ကို ဆက်လက်သုံးသပ်စေပါ။ သင့်အနေဖြင့် "ယင်းသည် မည်သည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသနည်း။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတွင် မည်သည်တို့ ပါဝင်ဖွဲ့စည်းထားသနည်း။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရာတွင် မည်သည့် စိန်ခေါ်မှုများ ရှိသနည်း။" ဟူသည့် မေးခွန်းများ မေးမြန်းနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်တွင် အမေးအဖြေများပြုလုပ်ခြင်းနှင့် အုပ်စုဆွေးနွေးပွဲ အနှစ်ချုပ်များမှတစ်ဆင့် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ အခန်းထဲတွင် လှည့်လည်သွားလာ၍ ကျောင်းသားများ၏ ဇင်ပုံများကို ကြည့်ရှုလေ့လာခြင်းဖြင့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းတို့ကြားရှိ တူညီချက်များနှင့် ခြားနားချက်များအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကိုလည်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ထဲရှိ သင်ခန်းစာ (၁.၁.၁) ကို ဖတ်၍ အလယ်တန်းနှင့် ပညာရေးဒီဂရီကောလိပ် ပထမ စာသင်နှစ်နှင့် ဒုတိယ စာသင်နှစ်အတွက် ဘာသာရပ် သင်ရိုးမာတိကာအပေါ်ရှိပြီးသား နားလည်သဘောပေါက်မှုကို အခြေခံကာ ပြန်လည် သုံးသပ်သင့်ပါသည်။ ကျောင်းသားများ၏အဖြေများသည် ၎င်းတို့၏ နားလည် သဘောပေါက်မှုနှင့် အတွေ့အကြုံတို့အပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

### ဆရာ့မှတ်စု

ကျောင်းသားများသည် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် "လိုအပ်ချက်" ဟူသော ဝေါဟာရက မည်သည်ကိုဆိုလိုကြောင်း မေးခွန်းထုတ်နိုင်ပါသည်။ ကျောင်းသားများအား ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို ဒေသခံရပ်ရွာအသိုက်အဝန်း၊ ဒေသတွင်း အခြေအနေများနှင့် မည်သို့ဆီလျော်အောင်ပြင်ဆင်ရမည် (အကြောင်းအရာ၊ သင်ကြားရေးနည်းလမ်းများ၊ မြန်မာဘာသာစကားကို အဓိကထား မပြောသည့် ကျောင်းသားများနှင့် ဆက်ဆံခြင်း) ကို စဉ်းစားခိုင်းနိုင်ပါသည်။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် မည်သို့တိုက်တွန်းအားပေးပုံကိုလည်း စဉ်းစားခိုင်းနိုင်ပါသည်။ ကျောင်းသားအချို့သည် ဒေသခံလူထုအနေဖြင့် အစိုးရစာသင်ကျောင်းများက ၎င်းတို့အား ထည့်သွင်းကိုယ်စားပြုမှု နည်းပါးသည်ဟု ခံစားရသော (ဥပမာ - မတူညီသော တိုင်းရင်းသားဘာသာစကား ပြောဆိုခြင်းကြောင့်) ရပ်ရွာအသိုက်အဝန်းများနေထိုင်ရာနယ်မြေဒေသများတွင် တာဝန်ကျနိုင်ပါသည်။ ကျောင်းသားများသည် ဤအရေးကိစ္စများအား မည်သို့ရင်ဆိုင်ဖြေရှင်း၍ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ၎င်းတို့ကျရာကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြောင်း မည်သို့အတည်ပြုနိုင်ပါသနည်း။

ဒေသခံလူ့အဖွဲ့အစည်း (လူနည်းစု တိုင်းရင်းသားများသာမက ဒေသခံများ) အကြောင်း လေ့လာရာတွင် ဒေသထွက်ပစ္စည်း၊ ပွဲတော်များနှင့် ဝတ်စားဆင်ယင်မှုများအကြောင်း ထက်ပို၍ ထဲထဲဝင်ဝင် လေ့လာနိုင်ပါသည်။ ဒေသခံရပ်ရွာ အသိုက်အဝန်းများနှင့် ချိတ်ဆက်ရန်သာမက ၎င်းတို့အား လေးစားသမှုနှင့် ဆက်ဆံရန်မှာလည်း အလွန် အရေးပါပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း - ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ (၂၅ မိနစ်)

ဤလုပ်ငန်း၏ ရည်ရွယ်ချက်မှာ အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို လေ့လာခြင်းဖြင့် အလယ်တန်းကျောင်းများတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ဘာသာရပ်များအကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းပုံစံဖြင့် သင်ကြားသည့် သဘောသဘာဝအပေါ် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ချဲ့ထွင်နိုင်စေရန် ဖြစ်ပါသည်။

ကျောင်းသားများအား အုပ်စုငယ်များအဖြစ်ခွဲ၍ အခြေခံပညာသင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို ကြည့်စေပါ။

၁။ ပထမဦးစွာ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ထဲရှိ ဇယား (၁) - ပညာရေးဒီဂရီကောလိပ် ပထမနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း မာတိကာ အကြောင်းအရာ နှင့် ဇယား (၂) - ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာရှိ မေးခွန်းများကို အလေးပေး၍ ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို လေ့လာစေပါ။ ဇယားများကို လျော်ညီစွာ ဖြည့်စွက်နိုင်ရန်အတွက် ၎င်းတို့၏အုပ်စုငယ်ထဲတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ပါသည်။

၂။ "ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့ကြားရှိ တူညီသော (သို့မဟုတ်) ခြားနားသော အကြောင်းအရာများမှာ အဘယ်နည်း။" ဟူသော မေးခွန်းကို သင်ပုန်းပေါ်တွင် ရေးသားပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏တွဲဖက် (သို့မဟုတ်) အုပ်စုငယ်ဖြင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ကျောင်းသားကိုင်စာအုပ်ထဲရှိ ဇယား (၁.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်း - ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း - အလယ်တန်း (ဆဋ္ဌမတန်း မှ နဝမတန်း) နှင့် နှိုင်းယှဉ်စေပါ။

၄။ မှီငြမ်းကိုးကားရန်အတွက် နောက်ဆက်တွဲ (၂) - အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်မှ ကောက်နုတ်ချက်ကို အကြမ်းဖျင်း ဖတ်စေပါ။

၅။ ကျောင်းသားများအား ကိုးကားရန်အတွက် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင်းရှိ နောက်ဆက်တွဲ (၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းမူဘောင် ကောက်နုတ်ချက်အား အကြမ်းဖျင်း ဖတ်ခိုင်းပါ။

၆။ ကျောင်းသားများအား ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းကျောင်းသားများအတွက် ဤအကြောင်းအရာများ၏ အရေးပါပုံကိုအုပ်စုထဲတွင် ဆွေးနွေးစေပါ။

၇။ အုပ်စုလိုက် ဆွေးနွေးပြီးပါက ကျောင်းသားတစ်ယောက်ကို ရွေးချယ်၍ ၎င်းတို့အဖွဲ့ ဆွေးနွေးသည့် အကြောင်းအရာနယ်ပယ်အကြောင်းကို ကျန်အုပ်စုများအား ရှင်းပြစေပြီးဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ “အနက်အဓိပ္ပာယ်” နှင့် အလယ်တန်းအဆင့်တွင် ပါဝင်သောအကြောင်းအရာများ၏ ဆီလျော်မှုကို ဖော်ပြစေပါ။ အခြားအုပ်စုများမှကျောင်းသားများကိုလည်း ၎င်းတို့အနေဖြင့် အခြားဖြည့်စွက် ပြောစရာများရှိပါက ဖြည့်စွက် ဆွေးနွေးစေပါ။

၈။ ကျောင်းသားများအား ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်းကျောင်းများတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားခြင်းတို့ကြားရှိ ဆက်နွှယ်မှုကို ပြန်လည်သုံးသပ်၍ ဆွေးနွေးစေပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အခန်းအတွင်း လှည့်လည်၍ အုပ်စုဖွဲ့ဆွေးနွေးခြင်းများကို ကြည့်ရှုလေ့လာကာ သင်ခန်းစာအဆုံးတွင်အုပ်စုမှ ဆွေးနွေးရရှိချက်များကို စာသင်ခန်းထံ တင်ပြခိုင်းခြင်းအားဖြင့် ကျောင်းသားများ၏ ပညာရေးဒီဂရီကောလိပ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းတို့အပေါ် နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ် နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လုပ်ငန်းလုပ်ဆောင်စဉ် ၎င်းတို့လေ့လာခဲ့ရသည့် အခြေခံပညာ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယ

စာသင်နှစ် သင်ရိုးမာတိကာများအပေါ် အခြေခံ၍ ဆွေးနွေးဖြေဆိုသင့်ပါသည်။ ကျောင်းသားကိုင်စာအုပ်ရှိ ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများနှင့် သက်ဆိုင်သည့်ဇယားနှစ်ခုကို ၎င်းတို့ဖြည့်စွက်ရာတွင်လည်း ဆွေးနွေးချက်များ ပါဝင်သင့်ပါသည်။

**ဆရာ့မှတ်စု**

ကျောင်းသားများအား အွန်လိုင်းပေါ်ရှိ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း အနက်အဓိပ္ပာယ်များကို ၎င်းတို့ကိုယ်တိုင် စူးစမ်းလေ့လာကာ ရေးသားထားသည့် အနက်အဓိပ္ပာယ်အားထပ်မံချဲ့ထွင်စေပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာသည် အောက်ပါမျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေးပြောကြားပါ။

*(က) ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက်အဓိပ္ပာယ်နှင့် ယင်းအား အလယ်တန်းအဆင့်တွင် အဘယ်ကြောင့် သင်ကြားရသည်ကို အဓိပ္ပာယ်ဖွင့်ဆိုတတ်မည်။*

*(ခ) ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများကို အလယ်တန်းကျောင်းသင်ရိုးညွှန်းတမ်းတွင် သင်ကြားမည့် အကြောင်းအရာများနှင့် နှိုင်းယှဉ်တတ်မည်။*

ဤသင်ယူမှုရလဒ်များအား ကျောင်းသားများ ရရှိအောင်မြင်ခဲ့သည့် ပမာဏနှင့် ရရှိအောင်မြင်ခဲ့ပုံအကြောင်း ၎င်းတို့နှင့်အတူ ပြန်လည်ဆန်းစစ်ပါ။

၂။ ဤသင်ခန်းစာသည် အောက်ပါ ဆရာ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ခြုံငုံမိကြောင်း ကျောင်းသားများအား သတိပေး ပြောကြားပါ။

*(က) (၄.၁) အခြေခံပညာသင်ရိုး ညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။*

သင်ခန်းစာသင်ကြားစဉ်တွင် ဤတတ်ကျွမ်းမှုအား မည်သို့ခြုံငုံမိခဲ့ကြောင်း အချိန်ယူ ရှင်းပြပါ။

၃။ သင်ခန်းစာသင်ကြားစဉ်မှ သင်ယူရေး ရည်မှန်းချက်များကို ပြန်ပြောပေးပါ။

၄။ ကျောင်းသား တစ်ဦး၊ နှစ်ဦးခန့် ရွေးချယ်၍ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း၏ အနက် အဓိပ္ပာယ်ကို ရှင်းပြစေပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှမျှော်မှန်းထားသော အဖြေများ**

မေးခွန်း ၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းဆိုသည်မှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသင်ရိုးညွှန်းတမ်းအား ဒေသမှုပြုခြင်းသည် ဒေသတွင်း ဖြစ်ပွားလျက်ရှိသည့် အဓိကကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ပိုမိုအဓိပ္ပာယ်ပြည့်ဝသော သင်ယူရေး အတွေ့အကြုံများ ရရှိနိုင်စေရန်အတွက် ပြည်နယ်နှင့် ဒေသပညာရေးဌာနများ၊ အခြား ပါဝင်ပတ်သက်သူများနှင့် တိုင်းရင်းသားအသိုက်အဝန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အကြောင်းအရာများကို ရပ်ရွာအသိုက်အဝန်း၊ ဒေသ (သို့မဟုတ်) ကျောင်းအဆင့်တွင် အဓိပ္ပာယ်ဖွင့်ဆိုသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။*

မေးခွန်း ၂။ အမျိုးသားသင်ရိုးညွှန်းတမ်းအား ကျောင်းသားများနှင့် ပိုမိုဆီလျော်မှုရှိစေရန် အတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းက မည်သို့ပံ့ပိုးပေးသနည်း။

အဖြေ။ *ကျောင်းသင်ရိုးညွှန်းတမ်းများအား နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်းနှင့် ဒေသမှုပြုခြင်းဖြင့် အလယ်တန်းကျောင်းသားများ သင်ယူရာတွင် ပိုမို ဆီလျော်စေသောကြောင့် ၎င်းတို့၏သင်ယူမှုကို ပံ့ပိုးပေးနိုင်ပါသည်။ အကြောင်းအရာ များကို ကျောင်းသားတစ်ဦးချင်းစီအတွက် ပိုမိုဆီလျော်၍ ကိုယ်တွေ့ဖြစ်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့်၎င်းတို့ပိုမိုကောင်းမွန်စွာသင်ယူနိုင်စေရန်၊သင်ရိုးညွှန်းတမ်း မှ ချမှတ်ထားသော သင်ယူမှုရလဒ်များရရှိစေရန်သာမက နေ့စဉ်ဘဝတွင် အသုံးချ နိုင်သော အသိပညာ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးထားမှုများ ရရှိလာစေရန် ကူညီပေး ပါသည်။*

မေးခွန်း ၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား အဘယ်ကြောင့် ရေးဆွဲထားသနည်း။

အဖြေ။ *ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသည် ဒေသခံလူ့အဖွဲ့အစည်း၊ ဒေသခံတိုင်းရင်းသား လူမျိုးစုများ၊ ဒေသစီးပွားရေးနှင့် ဒေသ သမိုင်းကြောင်းတို့အပါအဝင် ပြည်တွင်းရှိ ဒေသ များ၏ အရေးပါသည့် အကြောင်းအရာများကို သင်ကြား/သင်ယူ နားလည်သဘောပေါက် စေရန်အတွက် နယ်ပယ်တစ်ခု ပံ့ပိုးပေးပါသည်။ ဒေသန္တရ အကြောင်းအရာများတွင် တိုင်းရင်းသား ဘာသာစကားများဖြစ်သည့် ရှမ်း၊ မွန်၊ ဂျိန်းဖောနှင့် အခြားသော ကချင် ဘာသာစကားများ (သို့မဟုတ်) မြန်မာဒေသိယ စကားများပင် ပါဝင်နိုင်ပါသည်။*

မေးခွန်း ၄။ ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုး ညွှန်းတမ်း သင်ရိုးမာတိကာ အညွှန်းဘောင်နှင့် အလယ်တန်းအဆင့် သင်ရိုးမာတိကာတို့ မည်သို့ ဆက်စပ်နေသနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် သင်ယူမှုလုပ်ငန်း (၂) တွင် ၎င်းတို့ လုပ်ဆောင် ခဲ့သည့် လုပ်ငန်းပေါ်တွင် အခြေခံသင့်ပါသည်။*

မေးခွန်း ၅။ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများ၏ အရေးပါပုံမှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် သင်ယူမှုလုပ်ငန်း (၂) တွင် ၎င်းတို့လုပ်ဆောင် ခဲ့သည့် လုပ်ငန်းပေါ်တွင် အခြေခံသင့်ပါသည်။*

မေးခွန်း ၆။ ဒေသခံ ကျောင်းသားများအနေဖြင့် အလယ်တန်းအဆင့် (ဆဋ္ဌမတန်း မှ နဝမတန်းထိ) တွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ယူရန် အဘယ်ကြောင့် အရေးကြီး သနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ကွဲပြားပါလိမ့်မည်။ သို့သော် ၎င်းတို့၏ အဖြေများတွင် ကျောင်းသားကိုင်စာအုပ်ထဲရှိ "ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြား ရခြင်း၏ အဓိကအချက်များ" ဟူသည့် အပိုင်းရှိ အခြေခံသဘောတရားများနှင့် ဆိုလိုရင်း များ ပါဝင်သင့်ပါသည်။*

# ၁.၂။ အလယ်တန်းကျောင်းသားများ၏ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ယူမှုအားပံ့ပိုးခြင်း

ဤအခန်းငယ်တွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအား သင်ကြားသင်ယူရန်အတွက် "ကျောင်းသားဗဟိုပြုနှင့် ကျောင်းသားအားလုံးပါဝင်မှုရှိသော ချဉ်းကပ်နည်း" အားဖြင့်ဖော်ပြ၊ ရှင်းလင်း၊ ပံ့ပိုးပေးသွားမည် ဖြစ်သည်။ ပညာရေးဒီဂရီကောလိပ်၏ လေးနှစ်တာ သင်ရိုးညွှန်းတမ်းအသစ်သည် ကျောင်းသားများအား ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ တန်ဖိုးများနှင့် စိတ်သဘောထားပြည့်စုံကြွယ်ဝသည့် အရည်အချင်းရှိသော ဆရာတစ်ယောက်ဖြစ်အောင် ပြင်ဆင်ပေးရန်အတွက် တတ်ကျွမ်းမှုအခြေပြုသော၊ သင်ယူသူဗဟိုပြုသော၊ ကျောင်းသားအားလုံးပါဝင်မှုရှိသောချဉ်းကပ်နည်းများအား ပျိုးထောင်ပေးပါသည်။ ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ် ပညာရေးဘာသာရပ်တွင် ဖော်ပြထားကဲ့သို့ အလယ်တန်းကျောင်း စာသင်ခန်းများတွင် အသုံးပြုနိုင်သော သင်ယူသူဗဟိုပြုနှင့် ကျောင်းသားအားလုံး ပါဝင်မှုရှိသည့် အမျိုးမျိုးသော ချဉ်းကပ်နည်းများလည်း ပါဝင်ပါသည်။ ဤအခန်းငယ်သည် ကြိုတင်လေ့လာ ပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်ဖြင့် ချဉ်းကပ်နည်း၊ စုံစမ်းမေးမြန်းမှုအခြေပြုသင်ယူခြင်း၊ စီမံချက်အခြေပြုသင်ယူခြင်း (PBL)[၆] ကဲ့သို့သော အချို့သောချဉ်းကပ်နည်းများမှာ အလယ်တန်းကျောင်းသားများ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ယူမှုအား မည်သို့ပံ့ပိုးပေးနိုင်ပုံကို ရှင်းပြထားပြီး ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ခိုင်လုံပြည့်စုံ၍ လက်တွေ့ကျသော နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖြစ်နိုင်ခြေရှိသည်များကို ဖော်ထုတ်တင်ပြထားပါသည်။

၆ စုံစမ်းမေးမြန်းမှုအခြေပြုသင်ယူခြင်းနှင့် စီမံချက်အခြေပြု သင်ယူခြင်းဆိုင်ရာ အသေးစိတ်ရှင်းလင်းချက်အား ပညာရေးဒီဂရီကောလိပ်၊ ဒုတိယနှစ် ပညာရေးဘာသာ သင်ခန်းစာ (၃.၃.၇) တွင် ရည်ညွှန်းလေ့လာပါ။

# ၁.၂.၁ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် သင်ကြားရေးဆိုင်ရာ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများ နှင့် နည်းလမ်းများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အလယ်တန်းကျောင်းသားများ၏ သင်ယူပုံကို ဆွေးနွေးတတ်မည်။
- အလယ်တန်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းကို သင်ကြားနိုင်ရန်အတွက် သင်ကြား သင်ယူမှု နည်းလမ်းအမျိုးမျိုးကို သရုပ်ပြတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသအနှံ့အပြားတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားနိုင်ရန်အတွက် အမျိုးမျိုးသော ချဉ်းကပ်နည်းများနှင့် ပံ့ပိုးရေးနည်းစနစ်များကို စူးစမ်းဖော်ထုတ် တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာ အဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန်အချိန်ယူသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

(ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်း အခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှု နည်းလမ်းများ -** အုပ်စုလိုက် လုပ်ဆောင်ခြင်း၊ ဆွေးနွေးခြင်း၊ ဉာဏ်ဖွင့် ဆွေးနွေးခြင်း၊ ဂရပ်ဖစ်ပုံများအသုံးပြု သင်ယူခြင်း၊ တင်ပြခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်း -** အမေးအဖြေများ၊ စီမံချက်၊ တင်ပြခြင်း၊ ကြည့်ရှု လေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားများသည် သင်ခန်းစာမစတင်မီ ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်ရှိ သင်ခန်းစာ (၁.၂.၁) ကို ဖတ်ရမည်။

**လိုအပ်သော ရင်းမြစ်များ -** မာကာ၊ ပိုစတာစာရွက်၊ ကားချပ်ကြိုး။

## သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုလိုက်လုပ်ဆောင်ခြင်း - သင်ရိုးညွှန်းတမ်း မာတိကာအကြောင်းအရာရေးဆွဲခြင်း (၂၀ မိနစ်)

စာသင်ချိန် မစတင်မီတွင် ကျောင်းသားများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ သင်ခန်းစာ (၁.၂.၁) အား ဖတ်ရှုလေ့လာပြီးဖြစ်ကြောင်း သေချာအောင် စစ်ဆေးပါ။

၁။ ကျောင်းသားများအား လုပ်ငန်းလုပ်ဆောင်မည့် အဖွဲ့ငယ်များအဖြစ် ခွဲလိုက်ပါ။

၂။ ၎င်းတို့အား ပုံ (၁.၂) - "ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် ဒေသခံ ရပ်ရွာအသိုက်အဝန်း၏ ကျယ်ပြန့်သော ရင်းမြစ်အမျိုးအစားများ" ကို ထပ်ဖတ်ခိုင်း ပါ။ ၎င်းတို့သည် အလယ်တန်း ကျောင်းသားများအတွက် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားရာတွင် အသုံးဝင်နိုင်သည့် အခြားသောသင်နည်းဗေဒ ချဉ်းကပ်နည်းများ နှင့် သက်ဆိုင်သည့် ရင်းမြစ်များကို ဖြည့်စွက်ရမည်။


၃။ မိမိ၏ တွဲဖက်ဖြင့်သော်လည်းကောင်း အုပ်စုငယ်များဖြင့်လည်းကောင်း (လူများ၊ မီဒီယာနှင့် အခြားသောရင်းမြစ်များ) ဆိုသည့် ရင်းမြစ်အမျိုးအစားများထဲမှ သင်ခန်းစာ ပို့ချနိုင်မည့် နမူနာပုံစံတစ်ခု သို့မဟုတ် နှစ်ခုအား ကျောင်းသားများကို ရွေးချယ်ခိုင်းပါ။ ကျောင်းသားများအား ဇယား (၁.၁) - အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း - အလယ်တန်းကျောင်း (ဆဋ္ဌမတန်းမှ နဝမတန်းထိ) (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ် ဒုတိယစာသင်နှစ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း

သင်ရိုးမာတိကာမှ အလယ်တန်းကျောင်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအတွက် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နှစ်ခု ရွေးချယ်ခိုင်းပါ။

၄။ ကျောင်းသားများအား ဤရင်းမြစ်များကို အသုံးပြုပြီး ၎င်းတို့ ရွေးချယ်ထားသော ခေါင်းစဉ်များအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် သင်ကြားပို့ချနိုင်သည့် သင်ခန်းစာ ဥပမာအမျိုးမျိုးအား ဉာဏ်ဖွင့်စဉ်းစားခြင်းဖြင့် ကျောင်းသားကိုင်စာအုပ်မှ ဇယားကို ဖြည့်ခိုင်းပါ။

၅။ ဉာဏ်ဖွင့်စဉ်းစားပြီးပါက အုပ်စုငယ်တစ်စုချင်းစီအား ၎င်းတို့၏ ခေါင်းစဉ်များကို ကားချပ်ကြီးတစ်ခုပေါ်တွင် ရေးဆွဲဖန်တီးခိုင်းပါ။ ထို့နောက် အုပ်စုတစ်စုချင်းစီအား ၎င်းတို့၏ စိတ်ကူးအကြံဉာဏ်များကို အခန်းသို့ တင်ပြခိုင်းပါ။

၆။ အချိန်စီမံခန့်ခွဲရန်အတွက် အုပ်စုတစ်စုစီအား ၎င်းတို့ရွေးချယ်ထားသော ခေါင်းစဉ်များ၏ သင်ခန်းစာများထဲမှ သင်ခန်းစာတစ်ခုစီကိုသာ တင်ပြခိုင်း၍ ရသည်။



**ဆရာ့မှတ်စု**

သင်သည် ကျောင်းသားများအား ဒေသခံရပ်ရွာအသိုက်အဝန်းမှ ရင်းမြစ်များကို စဉ်းစားခိုင်းရမည်။ ထိုရင်းမြစ်များတွင် ဒေသခံများနှင့် ဒေသတွင်းရှိနေရာများ ပါဝင်နိုင်ပါသည်။ လူများအကြောင်း စဉ်းစားသည့်အခါ “ကျွမ်းကျင်ပညာရှင်” တစ်ဦးသည် ပုံစံအမျိုးမျိုး ဖြစ်နိုင်ပါသည်။ အကယ်၍ ကျောင်းသားများသည် ဒေသတွင်းစီးပွားရေးနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာကို သင်ကြားလိုပါက တက္ကသိုလ်တစ်ခုမှနေ၍ ပါမောက္ခတစ်ဦးအား ဖိတ်ခေါ်ရန် မလိုပေ။ ၎င်းတို့သည် ဒေသခံလယ်သမား၊ ဒေသခံစီးပွားရေးသမား၊ မုန့်လုပ်ရောင်းသည့် ဒေသခံအမျိုးသမီးတစ်ဦး အစရှိသူတို့အား အခန်းထဲသို့ လာရောက်မျှဝေပြောကြားစေ နိုင်သည်။ ဒေသတွင်းရှိ ရင်းမြစ်များတွင် ဘုန်းကြီးကျောင်းများ (သို့မဟုတ်) ဘုရားစေတီများမှ စာအုပ်စာတမ်းများ ပါနိုင်ပါသည်။ ထိုနေရာများတွင် ကျောင်းသားများ အသုံးချနိုင်မည့် ကွန်ပျူတာများလည်း ရှိနေနိုင်ပါသည်။ ကျောင်းသားများသည် ၎င်းတို့အတွက် အကျိုးရရှိနိုင်မည့် ဒေသတွင်းရင်းမြစ်များအား ရှာဖွေရာတွင် တက်ကြွမှုရှိအောင် အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အလယ်တန်းကျောင်း ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား မည်သို့ သင်ကြားရမည့်အပေါ် ကျောင်းသားများ၏ နားလည်မှုအား ၎င်းတို့၏အုပ်စုလိုက်/ နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် သော်လည်းကောင်း၊ ၎င်းတို့၏ ကားချပ်များအား တင်ပြချက်များကို နားထောင်ခြင်းအားဖြင့်သော်လည်းကောင်း စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ အချိန်ရပါက ၎င်းတို့၏တင်ပြချက်အပြီးတွင် ကျောင်းသားများအား မေးခွန်းအချို့ကို မေးနိုင်ပါသည်။

- ထိုခေါင်းစဉ်ကို သင်ကြားရန်အတွက် အဘယ်ကြောင့် ထိုသင်ကြားရေးနည်းလမ်းများအား ရွေးချယ်ခဲ့သနည်း။
- သင်ရွေးချယ်လိုက်သည့် ရင်းမြစ်များသည် အလယ်တန်းကျောင်းသားများ၏ သင်ယူမှုနှင့် ပါဝင်ဆောင်ရွက်မှုအား မည်သို့အားပေး ပံ့ပိုးပါသနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်း၏ ခေါင်းစဉ်များအား မတူညီသော သင်ကြားရေးနည်းလမ်းများနှင့် သင်နည်းဗေဒရင်းမြစ်များအား အသုံးပြု၍ သင်ကြားနိုင်ပုံနှင့် ပတ်သက်သော စိတ်ကူးအကြံဉာဏ်များအား ဉာဏ်ဖွင့်ဆွေးနွေး သင့်ပါသည်။ ၎င်းတို့သည် ပုံ (၁.၂) မှ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားရန်အတွက် ဒေသခံ ရပ်ရွာအသိုက်အဝန်း ၏ ကျယ်ပြန့်သော ရင်းမြစ်အမျိုးအစားများအပေါ် အခြေခံ၍ တည်ဆောက်သွားနိုင်သည်။ အထူးသဖြင့် ကျောင်းသားများသည် ဒေသခံရပ်ရွာ အသိုက်အဝန်းတွင်ရရှိနိုင်မည့် ရင်းမြစ်များကို စဉ်းစားရမည်။ ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့ရွေးချယ်သည့် ခေါင်းစဉ်ပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ ဂရပ်ဖစ်ပုံများအသုံးပြု သင်ယူခြင်း၊ “ကျွန်ုပ်တို့၏ စီမံချက်” စီမံချက် အခြေပြုသင်ယူမှုနည်းဗျူဟာများအား အသုံးပြုခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများသည် သင်ခန်းစာမတိုင်မီတွင် ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်တွင်းရှိ စီမံချက်အခြေပြု သင်ယူမှု (PBL) အကြောင်း ဖတ်ရှုပြီးသား ဖြစ်ရပါမည်။ သင်သည် ကျောင်းသားအချို့အား စီမံချက်အခြေပြုသင်ယူမှုနှင့် ပတ်သက်ပြီး ဖတ်ရှုခဲ့သည်များမှ ၎င်းတို့သင်ယူခဲ့သည့် အရာများအား အနှစ်ချုပ် ခိုင်းနိုင်ပါသည်။

၂။ ကျောင်းသားများ၏ PBL အပေါ် ရှင်းပြချက်အား သင်၏ကိုယ်ပိုင်ဗဟုသုတနှင့် အတွေ့အကြုံများကိုသုံးပြီး ထပ်မံဖြည့်စွက် နိုင်ပါသည်။

၃။ ကျောင်းသားများအား (ဗင်ပုံဖြင့် သင်ကြားသင်ယူခြင်း၊ တီပုံစံ ဇယားကွက်၊ စိတ်ကူးပုံဖော်ခြင်း၊ အကြောင်းအရာ ဆက်သွယ်ပုံပြစသည်ဖြင့်) ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း အမျိုးအစားများထဲမှ တစ်ခုကို ရွေးခိုင်းပါ။ ကျောင်းသားများသည် မိမိတို့ရေးဆွဲထားသော ဂရပ်ဖစ်ပုံကို အသုံးပြု၍ စီမံချက်အခြေပြုသင်ယူမှုချဉ်းကပ်နည်းနှင့် သမားရိုးကျသင်ကြားရေးနည်းဗျူဟာများအကြား နှိုင်းယှဉ်မှုပြုရမည် ဖြစ်သည်။ ကျောင်းသားများသည် စီမံချက်အခြေပြုသင်ယူမှုချဉ်းကပ်နည်းအား အသုံးပြုလေ့ရှိသည့်သမားရိုးကျ သင်ကြားရေးနည်းဗျူဟာများဖြင့် နှိုင်းယှဉ်ရန် ၎င်းတို့စိတ်ကြိုက် ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်းအား သုံးသင့်ပါသည်။

၄။ ကျောင်းသားများအား ငါးယောက်မှ ခြောက်ယောက်ပါဝင်သည့် အုပ်စုငယ်များ အဖြစ်ခွဲလိုက်ပါ။ ဤမေးခွန်းနှစ်ခုကို သင်ပုန်းပေါ်တွင် ရေးပါ။

(က) ကျောင်းသားများအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် PBL အသုံးပြုခြင်း၏ အခက်အခဲများ၊ အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများမှာ မည်သည်တို့ ဖြစ်သနည်း။

(ခ) ဆရာများအတွက် အလယ်တန်းကျောင်း စာသင်ခန်းများတွင် PBL အသုံးပြုခြင်း၏ အခက်အခဲများ၊ အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများမှာ မည်သည်တို့ ဖြစ်သနည်း။

၅။ ကျောင်းသားများအား ၎င်းတို့၏အုပ်စုများတွင် ဤမေးခွန်းနှစ်ခုအား မိနစ်အနည်းငယ်ကြာ ဆွေးနွေးခွင့်ပေးပါ။ မတူညီသောအုပ်စုများမှ ကျောင်းသားတစ်ယောက် (သို့မဟုတ်) နှစ်ယောက်အား မေးခွန်းတစ်ခုစီကို ဖြေကြားခိုင်းပါ။

၆။ ကျောင်းသားများအား ၎င်းတို့၏အုပ်စုတွင်းတွင် အလယ်တန်းကျောင်း ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းမှ ခေါင်းစဉ်တစ်ခုအတွက် မိမိတို့၏ကိုယ်ပိုင် PBL (သို့မဟုတ်) “ကျွန်ုပ်တို့၏ စီမံချက်” အား ဒီဇိုင်းရေးဆွဲဖန်တီးရမည် ဖြစ်ကြောင်း ရှင်းပြပါ။

၇။ လုပ်ငန်းအတွက် ဖြစ်နိုင်ခြေရှိသော ခေါင်းစဉ်များမှာ - ဒေသတွင်းရှိ အထင်ကရနေရာများ၊ ဒေသဖြစ် အဝတ်အထည်များ၊ ဒေသထွက်ထုတ်ကုန်များ၊ ဒေသတွင်းပွဲတော်များ၊ ဒေသတွင်း အလုပ်အကိုင်များ၊ ဒေသတွင်းစီးပွားရေး၊ ဒေသတွင်း ဆော့ကစားနည်းများ (သို့မဟုတ်) ဒေသခံလူငယ်များတို့ ဖြစ်သည်။

၈။ အုပ်စုတစ်စုချင်းစီသည် ၎င်းတို့၏ "ကျွန်ုပ်တို့၏ စီမံချက်" အား ကားချပ်စာရွက်ပေါ်တွင် ဖော်ပြရမည်။

၉။ အုပ်စုအချို့အား ၎င်းတို့၏ "ကျွန်ုပ်တို့၏စီမံချက်" ကို တင်ပြခိုင်းပါ။ ကျောင်းသားများသည် PBL အားမည်သို့ဆောင်ရွက်မည်၊ အချိန်မည်မျှလိုအပ်မည်နှင့် ၎င်းအားလုပ်ဆောင်ရန် မည်သည့်နည်းလမ်းများကို အသုံးပြုမည်တို့အပေါ် အဓိကထားရမည်။

**ဆရာ့မှတ်စု**

ကျောင်းသားအုပ်စုများသည် "ကျွန်ုပ်တို့၏စီမံချက်" အား သင်ခန်းစာ၏ ပေးထား သောအချိန်အတွင်း ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက ထိုလုပ်ငန်းကို အိမ်စာအဖြစ်ပြီးမြောက်အောင် လုပ်ဆောင်ခိုင်းပါ။ ကျောင်းသားများသည် ၎င်းတို့၏ ကားချပ်များကိုနောက်သင်ခန်းစာ အစတွင် ပြန်တင်ပြရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

စီမံချက်အခြေပြု သင်ယူခြင်းချဉ်းကပ်နည်းနှင့် သမားရိုးကျ သင်ကြားရေး နည်းဗျူဟာများကိုနှိုင်းယှဉ်နိုင်စွမ်းအား စစ်ဆေးအကဲဖြတ်ရန် ကျောင်းသားများ၏ ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်းအား ကြည့်ရှုလေ့လာပါ။

အုပ်စုလိုက် ဆွေးနွေးခြင်းများနှင့် အုပ်စုလိုက်လုပ်ဆောင်ရသည့် စီမံချက်လုပ်ငန်းများကိုကြည့်ရှုလေ့လာရန် အခန်းတွင်း လှည့်လည်သွားလာနေပါ။ ကျောင်းသားများ၏ "ကျွန်ုပ်တို့၏စီမံချက်" အား တင်ပြချက်များကို ကြည့်ရှုလေ့လာပြီး ၎င်းတို့၏ သင်ယူမှုအား ပံ့ပိုးပေးမည့်တုံ့ပြန်အကြံပြုချက်များ ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ ဂရပ်ဖစ်ပုံများအသုံးပြု သင်ကြားခြင်းများနှင့် ဆွေးနွေးခြင်းများသည်ကျောင်းသားကိုင်စာအုပ်ရှိ သင်ခန်းစာ (၁.၂.၁) အပေါ်တွင် အခြေခံထားရမည် ဖြစ်သည်။ ကျောင်းသားများ၏ အုပ်စုလိုက်လုပ်ဆောင်ရသည့် စီမံကိန်းအတွက် အဖြေများသည်၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ယခင်ရှိပြီးသား ဗဟုသုတပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြုပေးနိုင် ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြုပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများအား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည် ဆွေးနွေးပါ။

၄။ နောက်သင်ခန်းစာကို ပြင်ဆင်ရန်အတွက် ကျောင်းသားများအား မြန်မာတိုင်းမ် သတင်းစာတွင်ပါဝင်သည့် 'ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် နေရာအဖြစ် အမည်စာရင်းတင်သွင်း' ဆိုသည့် ဆောင်းပါးအပြည့်အစုံ အပါအဝင် သင်ခန်းစာ (၂.၁.၁) တွင် ပါဝင်သည့် ဖတ်စရာများအား ကြိုတင်ဖတ်ထားခိုင်းပါ (သင်ယူမှုလုပ်ငန်း (၁) တွင် လင့်ခ်ပေးထားသည်)။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။

မေးခွန်း ၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းသင်ယူမည့် ကျောင်းသားများအား ကျွန်ုပ်တို့ မည်သို့ပံ့ပိုးကူညီ နိုင်မည်နည်း။

အဖြေ။ *စီမံချက်အခြေပြု သင်ယူမှု (PBL) သည် ကျောင်းသားဗဟိုပြုသင်နည်း ဗေဒတစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ကျောင်းသားများသည် အဖွင့်ပြဿနာတစ်ခုအားဖြေရှင်းရသည့် အတွေ့အကြုံမှတစ်ဆင့် ဘာသာရပ်တစ်ခုကို လေ့လာသည်။ ဤလုပ်ငန်းစဉ်သည် သင်ယူသူများအား ၎င်းတို့၏ အနာဂတ်တွင် လက်တွေ့ဆောင်ရွက်ရန် အသုံးပြုမည့် ကျွမ်းကျင်မှုများကို ပျိုးထောင်ခွင့် ပေးသည်။*

မေးခွန်း ၂။ စီမံချက်အခြေပြု သင်ယူမှု၏ ဝိသေသလက္ခဏာများမှာ မည်သည်တို့ ဖြစ်မည်နည်း။

အဖြေ။ *အရည်အသွေးမြင့် စီမံချက်အခြေပြု သင်ယူမှု၏ ရည်မှန်းချက်များ (ဝိသေသ လက္ခဏာများ)မှာ ပညာရပ်ပိုင်းဆိုင်ရာ အကြောင်းအရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ကို သင်ကြားရန်၊ ပိုမိုနက်ရှိုင်းသော နားလည်မှုကို ပျိုးထောင်ရန်၊ (၂၁) ရာစုနှင့်သက်ဆိုင် သော ကျွမ်းကျင်မှုများဖြစ်သည့် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ပြဿနာဖြေရှင်းခြင်း၊ ပို၍ကောင်းမွန်သော ဆက်သွယ်ပြောဆိုခြင်း နည်းဗျူဟာများ၊ ပူးပေါင်းဆောင်ရွက်နိုင် သည့် စွမ်းရည်နှင့် ဆန်းသစ်ပြီး တီထွင်ဖန်တီးမှုရှိခြင်း စသည်တို့အားတည်ဆောက်ရန် ဖြစ်သည်။*

မေးခွန်း ၃။ စီမံချက်အခြေပြု သင်ယူမှု၏ အကျိုးကျေးဇူးများမှာ မည်သည်တို့ ဖြစ်မည်နည်း။

အဖြေ။ *မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်းသည် ကျောင်းသားများအား ဖြစ်မြောက် အောင်မြင်သွားပြီဆိုသည့် ခံစားချက်မျိုးပေးပြီး ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုအတွက် တာဝန်ယူတတ်ခြင်းကိုလည်း ထပ်မံ၍ ထည့်သွင်းမွေးမြူပေးသည်။ စီမံချက်အခြေပြု လုပ်ငန်းတာဝန်များနှင့် လက်တွေ့လောကကြားရှိဆက်နွှယ်မှုကိုမြင်သောကျောင်းသား များသည် လက်ဝယ်ရှိသောပြဿနာကို နားလည်ပြီး ဖြေရှင်းရန် ပို၍စိတ်ဓာတ်တက်ကြွ နေမည်ဖြစ်သည်။ ကျောင်းသားများသည် သင်ယူရာတွင် အဓိပ္ပာယ်ပြည့်ဝမှသာ သင်ယူရန်ပို နှစ်သက်ကြသည်။*

## ဆရာ့မှတ်စု

ကျောင်းသားများအတွက် စီမံချက်အခြေပြုသင်ယူမှု၏ အကြောင်းအရာများနှင့် လက်တွေ့ဆောင်ရွက်ချက်များကို နားလည်ရန်မှာ အစပိုင်းတွင် ခက်ခဲနေပါဦးမည်။ ၎င်းတို့၏ အခြေခံပညာရေးတွင် PBL နှင့် ပတ်သက်သည့် အတွေ့အကြုံများ ရှိမည်မဟုတ်ပေ။ သို့သော် ဆရာများ၏ပံ့ပိုးမှုဖြင့် ကျောင်းသားများသည် အနာဂတ်တွင် ကြုံရမည့် ၎င်းတို့၏ သင်ကြားရေးအတွက် များစွာအကျိုးကျေးဇူးရရှိပါမည်။

လုပ်ငန်းခွင်အကြို တန်းပြဆင်းသည့် ပရိုဂရမ်များနှင့် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု နှစ်မျိုးလုံးတွင် ဆရာများအတွက် ပြုပြင်ပြောင်းလဲနိုင်သော သင်ယူမှုအခွင့်အရေးများကို ရေးဆွဲဖန်တီးရာ၌ ကျောင်းသားဗဟိုပြုနှင့် သင်ယူသူကိုယ်တိုင် ဦးဆောင်သင်ကြားခြင်းတို့တွင် မည်သည်တို့လိုအပ်သည်ကို ထဲထဲဝင်ဝင် နားလည်သိရှိထားရန် လိုအပ်ပါသည်။

# အခန်းဆုံး အနှစ်ချုပ်

## အဓိကအချက်များ

- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား နေရာဒေသတစ်ခုစီ၏ ကွဲပြားသော ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ၊ ယဉ်ကျေးမှုများ၊ သမိုင်းနှင့် ရိုးရာများ၊ ဘာသာစကားများနှင့် ဝင်ငွေရရှိသည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်နိုင်ရန်အတွက် မိတ်ဆက်ပေးခြင်း ဖြစ်သည်။
- ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကားများနှင့် ယဉ်ကျေးမှုများ၊ စိုက်ပျိုးရေး၊ သက်မွေးမှုဆိုင်ရာကျွမ်းကျင်မှုများ၊ အိမ်တွင်းစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့အပါအဝင် ခေါင်းစဉ်အမျိုးမျိုး ပါဝင်ပါသည်။
- သင်ယူသူဗဟိုပြု၊ တတ်ကျွမ်းမှုအခြေပြုနှင့် ကျောင်းသားအားလုံးပါဝင်မှုရှိသော သင်ယူမှုဆိုင်ရာ နည်းလမ်းများတွင် နည်းဗျူဟာများဖြင့် ထိတွေ့စေသည့် ရှုထောင့်မှနေ၍ လိုလားသောအနာဂတ်အား ဖော်ဆောင်နိုင်ရန် ယနေ့ခေတ်ကာလ၏ ရှုပ်ထွေးပြီး ကျယ်ပြန့်သော အခြေအနေတို့အပေါ် စဉ်းစားခြင်း ပါဝင်ပါသည်။ ဤသင်နည်းဗေဒ ချဉ်းကပ်နည်းသည် အပြန်အလှန်ဆွေးနွေးမှုကို လက်ခံသော သင်ကြားနည်းမျိုးသာဖြစ်ရမည်ဖြစ်ပြီး ပြန်လည်သုံးသပ် အဖြေရှာခြင်းမျိုးကိုလည်း အားပေးရမည်ဖြစ်ပြီး ကျောင်းသားများအား ၂၁ ရာစု ကျွမ်းကျင်မှုများကိုပေးကာ ဤကျွမ်းကျင်မှုများအား ၎င်းတို့၏ နေ့စဉ်ဘဝတွင် အသုံးချနိုင်စေသည်။
- ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်သည် ကျောင်းသားများအား အိမ်၌ဖြစ်တတ်သော အကြောင်းအရာများကို မိတ်ဆက်ပေးပြီး ၎င်းအားကျောင်းတွင် လက်တွေ့လုပ်ဆောင်စေသော ရောယှက်သင်ယူခြင်း အမျိုးအစားတစ်ခု ဖြစ်သည်။ ယင်းသည် အကြောင်းအရာအသစ်များအား ကျောင်းတွင်မိတ်ဆက်သင်ကြားပေးပြီး ကျောင်းသားတစ်ဦးချင်းစီအား အိမ်၌လုပ်ဆောင်ရမည့် အိမ်စာများနှင့် စီမံချက်များအား တာဝန်ပေးခြင်းကဲ့သို့သော လုပ်ရိုးလုပ်စဉ်၏ ပြောင်းပြန်ဖြစ်ပါသည်။
- စီမံချက်အခြေပြုသင်ယူမှု (PBL) သည် ကျောင်းသားများမှ လက်တွေ့လောကနှင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရသည့် အဓိပ္ပာယ်ရှိသောစီမံချက်များတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်စေသည့် သင်ကြားရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ PBL သည် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ပို့ချရန် သင်ယူသူ ဗဟိုပြုချဉ်းကပ်နည်းများထဲမှ တစ်ခုဖြစ်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းဆုံးတွင် ကျောင်းသားများသည် အလယ်တန်းကျောင်းသားများအား ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း သင်ကြားခြင်းအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို ပံ့ပိုးပေးနိုင်စေရန် အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်ရမည်။

၁။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား ပညာရေးပြုပြင်ပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်း အဖြစ် အဘယ်ကြောင့် သင်ကြားရပါသနည်း။

၂။ ပညာရေးဒီဂရီကောလိပ် ပထမစာသင်နှစ်နှင့် ဒုတိယစာသင်နှစ်တွင် သင်ကြားမည့် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းတွင် မည်သည့်ခေါင်းစဉ်များ ပါဝင်ပါသနည်း။

၃။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်ယူလေ့လာခြင်းဖြင့် ဒေသခံကျောင်းသား များသည် မည်သည်တို့ကို ရရှိသွားမည်ဟု ထင်ပါသနည်း။

၄။ ဒုတိယစာသင်နှစ်အတွက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း ဘာသာရပ်ခေါင်းစဉ် တစ်ခုအား ရွေးချယ်ပြီး ထိုခေါင်းစဉ်ကို အလယ်တန်းသင်ရိုးညွှန်းတမ်းနှင့် မည်သို့ ပေါင်းစည်းနိုင်မည်ကိုကြည့်ပါ။ ၎င်းအား ဘာသာရပ်စုံ အပြန်အလှန်ချိတ်ဆက် သင်ကြားခြင်း၊ ဘာသာရပ်ကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်းနှင့် ဘာသာရပ်အလိုက် သင်ကြားနည်းစနစ်များထဲမှ မည်သည်ကိုသုံး၍ ပေါင်းစည်းသင့် သနည်း။ အလယ်တန်းသင်ရိုးညွှန်းတမ်းထဲမှ မည်သည့်ဘာသာရပ်သည် ဤဒေသ ဆိုင်ရာသင်ရိုးညွှန်းတမ်းခေါင်းစဉ်နှင့် ပေါင်းစည်းရန် ဆက်စပ်မှုရှိသနည်း။

၅။ အလယ်တန်းကျောင်း စာသင်ခန်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအား သင်ကြားရန်အတွက် စီမံချက်အခြေပြု သင်ယူမှု၏ ဥပမာအချို့မှာ မည်သည်တို့ ဖြစ်မည်နည်း။

၆။ အလယ်တန်းစာသင်ခန်းများတွင် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရာတွင် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်နှင့် PBL နည်းလမ်းများ ၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

၇။ ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းကို သင်ကြား၊ သင်ယူရန်အတွက် အလယ်တန်း ကျောင်းဆရာများနှင့် ကျောင်းသားများအား မည်သည့်ပံ့ပိုးမှုများ ပေးသင့်သနည်း။

# ဆက်လက်ဖတ်မှတ်စရာများ

**၁.၁။**

Chunrasaksakun, C., Sanrattana, U., Tungkasamit, A., & Srisawat, N. (2015). Developing local curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system. *Educational Research and Reviews, 10,* 2216-2225.

Evans, W., & Savage, J. (2015). *Developing a local curriculum: Using your locality to inspire teaching and learning.* Abingdon, England: Routledge.

Haddad, C. (2007). *Mother tongue-based literacy programmes: Case studies of good practice in Asia.* Bangkok, Thailand: United Nations Educational, Scientific and Cultural Organization-Asia and Pacific Regional Bureau for Education.

Kajornsin, B., Potisook, P., Ekwarangkoon, P., & Lapanachokdee, W. (2004, November). *Local-based curriculum development: A case study of Watsamankit Elementary School, Thailand.* Paper presented at the Australian Association for Research in Education Conference, Melbourne, Australia.

Ministry of Education. (2017). Local Curriculum Syllabus guidelines.

Ministry of Education. (2019). Education College Year 1 Local Curriculum Syllabus.

Ministry of Education. (n.d.). *Myanmar National Curriculum Framework (5th version).* Retrieved from https://www.lextutor.ca/myanmar/curriculum_framework_v5.pdf

South, A., & Lall, M. (2016). *Schooling and conflict: Ethnic education and mother tongue-based teaching in Myanmar.* Retrieved from https://asiafoundation.org/

Te Kete Ipurangi. (n.d.). *Strengthening local curriculum.* Retrieved from https://www.tki.org.nz/

Thein Lwin. (2007). *Education and democracy in Burma: Decentralization and classroom-level education reform.* Retrieved from https://www.rwctic.org/

Thein Lwin. (2017). Local Curriculum Implementation Guide, February 2017 Annex. In *Language, Identities and Education: in relation to Burma/Myanmar.*

Thein Naing. (2015). *Educated nation (Pyinnar Naing Ngan Daw), a collection of education articles*. Yangon, Myanmar: Wisdom House Publication.

Thein Naing. (2016). *Education in a federal democracy*. Yangon, Myanmar: Myanmar Knowledge Society.

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (n.d.). *Module 4: System management and governance.* Retrieved from http://www.ibe.unesco.org/fileadmin/user_upload/COPs/Pages_documents/Resource_Packs/TTCD/sitemap/Module_4/Module_4_2_concept.html

**၁.၂။**

Gilbert, R., & Hoepper, B. (Eds.). (2016). *Teaching humanities and social sciences: History, geography, economics & citizenship in the Australian curriculum* (6th ed.). Victoria, Australia: Cengage Learning Australia.

Kivunja, C. (2015). *Teaching, learning & assessment: Steps towards creative practice.* Melbourne, Australia: Oxford University Press.

Larmer, J., Mergendoller, J. R., & Boss, S. (2015). *Setting the standard for project based learning: A proven approach to rigorous classroom instruction.* Alexandria, VA: ASCD.

Reynolds, R. (2014). *Teaching humanities and social sciences in the primary school.* Melbourne, Australia: Oxford University Press.

Stabback, P. (2016). *What makes a quality curriculum?* Retrieved from https://unesdoc.unesco.org/home

Whitton, D., Barker, K., Humphries, J., Nosworthy, M., & Sinclair, C. (2010). *Learning for teaching: Teaching for learning* (2nd ed.). Melbourne, Australia: Cengage Learning Australia.

# အခန်း ၂

# တိုင်းရင်းသားဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများ

ဤအခန်းတွင် ဒေသတွင်း တိုင်းရင်းသားယဉ်ကျေးမှု၊ ကျော်ကြားသောနေရာများ၊ တိုင်းဒေသအလိုက် (သို့မဟုတ်) သမိုင်းကြောင်းအရ အထင်ကရနေရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို မိတ်ဆက်ပေးထားပါသည်။ မြန်မာနိုင်ငံရှိ ကွဲပြားစုံလင်သော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ယဉ်ကျေးမှုများ၊ ဒေသတွင်းအဝတ်အစားများနှင့် ရိုးရာအဝတ်အစားများ၊ ပွဲတော်များအကြောင်းကို သိနားလည်ပြီး တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်တတ်ရန် ဖော်ထုတ်လေ့လာသွားမည်ဖြစ်သည်။ ဤအခန်း သင်ကြားသွားပြီးချိန်၌ တိုင်းရင်းသားကွဲပြားစုံလင်မှုအား အသိအမှတ်ပြုမှုအပေါ် ပြန်လည်သုံးသပ်ရမည်ဖြစ်သည်။ အာဆီယံဒေသကြီးအတွင်းနှင့် မြန်မာနိုင်ငံတိုင်းဒေသကြီး/ပြည်နယ် အနှံ့အပြားရှိ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အလိုက်စီးပွားရေးများ၊ ဒေသတွင်းစီးပွားရေးများ၊ ဒေသတွင်း ထုတ်ကုန်များအကြောင်းကို ထုတ်ကုန်များ၊ တစ်မြို့နယ်ထုတ်ကုန်တစ်မျိုး (OTOP)၊ တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) အစီအစဉ်များကို လေ့လာသင်ကြားခြင်းမှတစ်ဆင့် အာဆီယံဒေသကြီးအတွင်းနှင့် နိုင်ငံတွင်းရှိ စီးပွားရေးစနစ်များအကြောင်းကို လေ့လာသင်ယူရမည်ဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်သီးတစ်သန့်ရပ်တည်နိုင်သော စီးပွားရေးသဘောထားခံယူချက် (Sufficiency Economy Philosophy) အကြောင်းကို ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ လေ့လာသင်ယူရမည်ဖြစ်သည်။

ကျောင်းသားများအနေဖြင့် အလယ်တန်းကျောင်းသားများကို ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း သင်ကြားရာတွင် အသုံးပြုနိုင်မည့် ကွဲပြားစုံလင်သော သင်ကြားနည်းလမ်းများ၊ ချဉ်းကပ်နည်းများ၊ နည်းဗျူဟာများကို သင်ယူလေ့လာရန် အခွင့်အလမ်းရရှိပါမည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နေရာများကို ဖော်ထုတ်ပြသတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင် အထင်ကရ နေရာများကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များအကြောင်းကို ဖော်ထုတ်လေ့လာတတ်မည်။
- ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်း ပြောဆိုတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။
- နိုင်ငံတွင်းနှင့် ဒေသတွင်းစီးပွားရေးစနစ်များ၏ အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံဒေသကြီးတို့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။
- အာဆီယံအသိုက်အဝန်းအတွင်း တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ၏ တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) စနစ်ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကို ဖော်ပြတတ်မည်။
- နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်း စီးပွားရေး၊ ဒေသတွင်းထုတ်ကုန်များ၊ ဒေသတွင်း စီးပွားရေးစနစ်တို့ကို အသိအမှတ်ပြု၊ တန်ဖိုးထားတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၁.၃) ဒေသန္တရယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းလုပ်ငန်းများတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

(ဂ) (၃.၃) ကျောင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသားဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိကြောင်း ပြသသည်။

# ၂.၁။ တိုင်းရင်းသား ဘာသာစကားများ၊ ယဉ်ကျေးမှုများနှင့် ဒေသတွင်းစီးပွားရေးများအကြောင်း

# သင်ယူခြင်းမိတ်ဆက်

ဤအခန်းငယ်သည် ကျောင်းသားများအား မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အမျိုးမျိုးနှင့် သမိုင်းဝင်အထင်ကရနေရာများ၊ ရိုးရာအဝတ်အထည်များနှင့်ပွဲတော်များအကြောင်းကို ထဲထဲဝင်ဝင် သိရှိကျွမ်းဝင်သွားစေရန်နှင့် ယဉ်ကျေးမှုပိုင်းနှင့် သမိုင်းကြောင်းအရ ထင်ရှားသောနေရာများနှင့် ပွဲတော်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရန် ရင်းမြစ်အမျိုးမျိုးကို အသုံးပြုခြင်းတို့ကို အဓိကအားပေးလှုံ့ဆော်ပေးပါသည်။ ထိုသို့သိရှိခြင်းအားဖြင့် ကျောင်းသားများသည် သမိုင်းဝင်နေရာများ၏ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်သမိုင်းဝင်ထိန်းသိမ်းစောင့်ရှောက်မှု၏ အရေးကြီးပုံကိုဝေဖန်ဆွေးနွေးတတ်လာပါမည်။

## ၂.၁.၁ | ဒေသယဉ်ကျေးမှုမိတ်ဆက် - တိုင်းဒေသကြီး/ သမိုင်းဝင်အထင်ကရ နေရာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်နေရာများကို ဖော်ထုတ်ပြသတတ်မည်။
- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ သမိုင်းဝင် အထင်ကရနေရာများကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ဆွေးနွေးတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။

**အချိန် -** မိနစ် (၅ဝ) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်၊ အုပ်စုဖွဲ့ ဆွေးနွေးခြင်း၊ **တွေး-တွဲ-မျှဝေသင်ယူခြင်း၊ ဉာဏ်ဖွင့် ဆွေးနွေး**ခြင်း၊ တင်ပြခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်း -** အမေးအဖြေကဏ္ဍ၊ တင်ပြခြင်း၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** မြန်မာသမိုင်းဝင်ဒေသများ၏ရုပ်ပုံများ၊ ကျောင်းသားများအနေဖြင့် သင်ခန်းစာ (၂.၁.၁) နှင့် မြန်မာတိုင်း(မ်)သတင်းစာ၏ "ပုဂံဒေသကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းထည့်သွင်း" သတင်း ဆောင်းပါးတို့တွင် ပါရှိသည့်သတင်းအချက်အလက်များကို ဤသင်ခန်းစာမတိုင်မီ ကြိုတင်ဖတ်ရှုထားသင့်ပါသည်။

**လိုအပ်သော ရင်းမြစ်များ -** မာကာ၊ ပိုစတာစက္ကူ။

**သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း - မြန်မာနိုင်ငံအတွင်းရှိ ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်နေရာများ (၂၅ မိနစ်)**

၁။ ကျောင်းသားများအနေဖြင့် မိမိတို့ ကျောင်းသားကိုင်စာအုပ်အတွင်း ပါရှိသည့် မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ် နေရာများ၊ ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် လျာထားသောနေရာများ အကြောင်းကို ဤသင်ခန်းစာမသင်ကြားမီ ကြိုတင်ဖတ်ရှုထားသင့်ပါသည်။ ၎င်းတို့အနေဖြင့် မြန်မာတိုင်း(မ်)၏ ဆောင်းပါးတစ်ပုဒ် ဖြစ်သည့် 'ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်း' အပြည့်အစုံကိုလည်း ဖတ်ရှုထား သင့်ပါသည်။

၂။ ကျောင်းသားများကို မိမိတို့၏ ကျောင်းသားကိုင်စာအုပ်များအတွင်းရှိ မြန်မာတိုင်း(မ်) ဆောင်းပါး 'ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်း' မှ ကောက်နုတ်ထားသည်များကို ပြန်လည် ဖတ်ရှုခိုင်းပါ။

၃။ ကျောင်းသားများကို အောက်ပါအချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းဖြင့် သတင်းအချက်များကို အုပ်စုငယ်များအတွင်း၌ ဆွေးနွေးခိုင်းပါ -

(က) ပုဂံကို မည်သည့်အတွက်ကြောင့် ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် ဖော်ပြသတ်မှတ်ခဲ့ပါသနည်း။

(ခ) တစ်ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထု၊ ဒေသခံပြည်သူများနှင့် သင့်အတွက် ပုဂံ၏တန်ဖိုးနှင့် အရေးပါမှုမှာ အဘယ်နည်း။

(ဂ) တစ်ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထု၊ ဒေသတွင်းပြည်သူများနှင့် သင်ကိုယ်တိုင်အတွက် ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများမှာ မည်သည်တို့ ဖြစ်သနည်း။

(ဃ) အဆိုပါ သတင်းဆောင်းပါးထဲတွင် ဖော်ပြခဲ့သည့် ပုဂံကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပတ်သက်သည့် အဓိကအခက်အခဲများမှာ အဘယ်နည်း။

(င) ဤသို့ ပုဂံကို ထိန်းသိမ်းစောင့်ရှောက်ရခြင်းအတွက် မည်သည့်ပုဂ္ဂိုလ်များနှင့် မည်သည့်အဖွဲ့အစည်းများတွင် တာဝန်ရှိပြီး ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများမှာ မည်သည်တို့ ဖြစ်သနည်း။ ပုဂံကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် နည်းလမ်းများမှာ အဘယ်နည်း။

၄။ အဆိုပါမေးခွန်းများကို ဆွေးနွေးနေစဉ်အတွင်း ကျောင်းသားများကို ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ နေရာလွတ်ကို အသုံးပြုပြီး မှတ်ချက်အချို့ ရေးသားစေပါ။

၅။ မေးခွန်းတစ်ခုချင်းစီနှင့် ပတ်သက်၍ မိမိတို့အုပ်စု ဆွေးနွေးခြင်းမှရရှိလာသော အဓိက စိတ်ကူးအကြံဉာဏ်များကို တင်ပြရန်အတွက် အုပ်စုတစ်စုစီမှ မိမိဆန္ဒအလျောက် တင်ပြလိုသူတစ်ဦးကို ဖိတ်ခေါ်ပါ။

၆။ မိမိတို့အုပ်စုဆွေးနွေးခြင်းနှင့် ပတ်သက်၍ ကျောင်းသားတစ်ဦးချင်းစီ တင်ပြသွားပြီးသွားသောအခါ နောက်ဆက်တွဲမေးခွန်းများ မေးမြန်းပါ။ ၎င်းတို့၏ အုပ်စုများမှ အခြားအဖွဲ့ဝင်တစ်ဦး (သို့မဟုတ်) အခြားအုပ်စုများမှ ကျောင်းသားများကလည်း အတန်းလုံး ဆွေးနွေးပွဲအဖြစ် အဆိုပါမေးခွန်းများကို ဖြေကြားနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ဆွေးနွေးမှုနှင့် ပြန်လည်သုံးသပ်ချက်များကို စောင့်ကြည့်မှုပြုပါ။ အုပ်စုများ၏ တင်ပြချက်များအပေါ် တုံ့ပြန်အကြံပြုချက်ပေးပြီး ၎င်းတို့၏ သိရှိနားလည်မှု များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်အတွက် နောက်ဆက်တွဲမေးခွန်းများ မေးပါ။

- သင်ယူမှုလုပ်ငန်း (၁) နှင့် ပတ်သက်သည့် မေးခွန်းများသည် သတင်းဆောင်းပါးနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) တို့ကို အထင်ကရနေရာများ၊ သမိုင်းဝင်အမွေအနှစ်များ၏ တည်ရှိမှုနှင့်စပ်လျဉ်း၍ ခြုံငုံနားလည်ရန်အတွက်ချိတ်ဆက်ပေးသည့်အတွက် ယင်းမေးခွန်းများသည် သင်ခန်းစာအတွက် အရေးပါပါသည်။
- ပုဂံဒေသကို အမျိုးသားအမွေအနှစ်အဖြစ် သိသာထင်ရှားစေသည့် အချက်အပေါ် အုပ်စုများ၏ ပြန်လည်သုံးသပ်ချက်
- ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ နားလည်သဘောပေါက်ခြင်း
- ကျောင်းသားများ၏ ဆွေးနွေးမှုနှင့် တင်ဆက်မှုကိုလေ့လာခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုများတွင် ကွဲပြားသောအဖြေများ ရှိနေနိုင်ပါသည်။ ကျောင်းသားအုပ်စုများသည် အမျိုးသား အမွေအနှစ်တစ်ခုအနေဖြင့် ပုဂံ၏သိသာထင်ရှားမှုအပေါ် ပြန်လည်သုံးသပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု တစ်ရပ် ပျိုးထောင်ပိုင်ဆိုင်သွားမည် ဖြစ်သည်။ ဆရာအနေဖြင့် ကျောင်းသားများကိုလိုအပ် လျှင်လိုအပ်သလို အကူအညီပေးသင့်ပြီး လိုအပ်ပါက အုပ်စုဖွဲ့ဆွေးနွေးခြင်းများတွင်အချို့ စိတ်ကူးအကြံဉာဏ်များကို အစပျိုးပေးခြင်း ပြုသင့်ပါသည်။

## ဆရာ့မှတ်စု

ဤသင်ခန်းစာသည် ကျောင်းသားများကို အမွေအနှစ်ဆိုင်ရာ အရေးကိစ္စများနှင့် စပ်လျဉ်း၍ လေးလေးနက်နက် စဉ်းစားရန်နှင့် အမွေအနှစ်ဆိုင်ရာ အရေးကိစ္စများကို ဆုံးဖြတ်ချက်ချ ဖြေရှင်းရာတွင် အသုံးပြုနိုင်သည့် ကျွမ်းကျင်မှုများ ပျိုးထောင်ပေးရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမွေအနှစ်များအကြောင်း သင်ယူလေ့လာမှုတစ်လျှောက်တွင် သမိုင်းဝင်အဆောက်အဦးများ၊ ရှုမျှော်ခင်းများကို မည်သို့ တန်ဖိုးထားတတ်ရန် သင်ယူရခြင်းဖြင့် ကျောင်းသားများသည် မိမိတို့၏ "အနုသုခုမပိုင်းဆိုင်ရာ တတ်ကျွမ်းနားလည်မှု" တိုးတက်လာအောင် ပျိုးထောင်ပေးနိုင်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခြင်းမှာ ပျော်ရွှင်ဖွယ်၊ အားလုံးပူးပေါင်းပါဝင်နိုင်သည့် သင်ခန်းစာတစ်ခုဖြစ်နိုင်သကဲ့သို့ တိုင်းရင်းသားလူမျိုးစု နောက်ခံအမျိုးမျိုးမှ ကျောင်းသားများအတွက်လည်း ယင်းတို့၏ကိုယ်ပိုင် အမွေအနှစ် ပုံ သာဓကများကို ပြောဆိုကြ၊ တန်ဖိုးထားကြသည်ကို သိရသည့်အတွက် ၎င်းတို့သည် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသည်ဆိုသည့် အသိစိတ်ဓာတ်တစ်ရပ် ပိုင်ဆိုင်သွားစေနိုင်ပါသည်။

### သင်ယူမှုလုပ်ငန်း (၂)။ ဒေသတွင်းအမွေအနှစ်နေရာများ ထိန်းသိမ်းစောင့်ရှောက်ရေးအပေါ် သုတေသနပြုခြင်းနှင့် ပြန်လည်တင်ပြခြင်း (မိနစ် ၂၀)

၁။ မြန်မာနိုင်ငံသည် ကွဲပြားစုံလင်သောလူမျိုးစုပေါင်းစုံ နေထိုင်ရာနိုင်ငံဖြစ်သည့်အလျောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ယဉ်ကျေးမှုနှင့် သမိုင်းဝင်နေရာများစွာရှိသည်။ သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုအရ၊ သဘာဝအလျောက်အရ အရေးပါသော ဒေသတွင်းအထင်ကရနေရာများကို သုတေသနပြု၊ ဖော်ထုတ်ပါ။ သင်သည် အွန်လိုင်းတွင် ရှာဖွေခြင်းဖြင့်ဖြစ်စေ၊ စာအုပ်များဖတ်ရှုခြင်း (သို့မဟုတ်) ဒေသခံပြည်သူများနှင့် စကားပြောဆိုခြင်းဖြင့်ဖြစ်စေ ယင်းနှင့်ပတ်သက်သည့် ပိုမိုများပြားသည့် အကြောင်းအရာများကို ရှာဖွေနိုင်ပါသည်။

၂။ ကျောင်းသားများကို အုပ်စုငယ်အများအဖြစ် အုပ်စုဖွဲ့ပေးပါ။ မိမိနှင့် ဆီလျော်မှုရှိသော အမွေအနှစ်နေရာများ (သို့မဟုတ်) ဓလေ့ထုံးတမ်းများအနက်မှ တစ်ခုကို ရွေးချယ်ခိုင်းပါ။

၃။ ၎င်းတို့ ရွေးချယ်ထားသည့် သမိုင်းဝင် အမွေအနှစ်နေရာ (သို့မဟုတ်) ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် စပ်လျဉ်းပြီး သုတေသနဆက်လက်ပြုလုပ်ရန် ကျောင်းသား

များကို စေခိုင်းပါ။ ကျောင်းသားများအနေဖြင့် ၎င်းတို့သုတေသနပြုထားသည်များကို မိမိတို့၏ကျောင်းသားကိုင်စာအုပ်အတွင်းရှိ ဇယားကွက်တွင် မှတ်တမ်းတင်ထားသင့်ပါသည်။

၄။ အုပ်စုအနည်းငယ်ကို ၎င်းတို့၏ သုတေသနပြုထားချက်ကို အတန်း တစ်တန်းလုံးအား တင်ပြရန် စေခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်အနေဖြင့် အုပ်စုလိုက်ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းတွင် ကျောင်းသားများ မည်သို့ပါဝင်သည်ကို စောင့်ကြည့်လေ့လာနိုင်ရန် အတန်းတွင်းသို့ လှည့်လည်နေသင့်ပါသည်။ သင်သည် အုပ်စုများကို ၎င်းတို့လမ်းကြောင်းမှန်ပေါ် ရှိ/မရှိ စစ်ဆေးရန် မေးခွန်းများ မေးမြန်းနိုင်ပါသည်။ ဆရာအနေဖြင့် အချို့အုပ်စုများကို ၎င်းတို့ ရွေးချယ်ထားသည့် အကြောင်းအရာနှင့် ပတ်သက်၍ သုတေသနပြုရာတွင် အထောက်အကူပြုပေးရန် လိုအပ်ပါလိမ့်မည်။ ဒေသတွင်း အမွေအနှစ်နေရာများကို မည်သို့ထိန်းသိမ်းစောင့်ရှောက်မည်နှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ သိရှိနားလည်မှုများကို စစ်ဆေးအကဲဖြတ်ရန် အုပ်စုများ၏ တင်ပြချက်များကို ကြည့်ရှုလေ့လာခြင်း ပြုနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ သင်ခန်းစာ (၂.၁.၁) နှင့် မြန်မာတိုင်း(မ်)သတင်းဆောင်းပါးကို ဖတ်ရှုခြင်း၊ ထို့အတူ တစ်ဦးချင်းသီးသန့် သုတေသနပြုခြင်းများသည် ၎င်းတို့၏ အုပ်စုလိုက် တင်ပြခြင်းများအတွက် အချက်အလက်များ ရရှိသွားစေသင့်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြုပြင်မွမ်းမံမှုသည် အနုသုခုမဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီကားများ လေ့လာရာနေရာများ၊ ပြတိုက်တွင်စုဆောင်းပြသမှုများအပါအဝင်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို အကာအကွယ်ပြုခြင်းနှင့်စောင့်ရှောက်ခြင်းအပေါ် အလေးပေးဆောင်ရွက်ပါသည်။ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ကြိုတင်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမွေအနှစ်ပစ္စည်းများနှင့်နေရာများကို ရှာဖွေစူးစမ်းခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ သုတေသနပြုခြင်း၊ ပညာရေးစသည်တို့ပါဝင်ပြီး ဒေသခံပြည်သူများ၏ပါဝင်ခြင်း၊ ၎င်းတို့၏ အထင်ကရနေရာများအပေါ် သိနားလည်မှု မြင့်တက်လာခြင်းနှင့် အသိအမှတ်ပြု တန်ဖိုးထားတတ်ခြင်းတို့သည် အဆိုပါနေရာများကို ထိန်းသိမ်းစောင့်ရှောက်ပေးရာတွင် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကိုရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြု ပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြု ပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများ အား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည် ဆွေးနွေးပါ။

၄။ နောက်လာမည့် သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကျောင်းသား များအား မိမိတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ သင်ခန်းစာ (၂.၁.၂) ကို ကြိုတင်ဖတ်ရှုထားခိုင်းပါ။ ၎င်းတို့အား ဤသင်ခန်းစာအတွက် ကြိုတင်ပြင်ဆင် သည့် အနေဖြင့်သင်ယူမှုလုပ်ငန်း (၁)။ သုတေသနလုပ်ငန်း - မြန်မာပြည်ရှိ ပွဲတော် များအနက်မှ ကျွန်ုပ်အနှစ်သက်ဆုံးပွဲတော် ခေါင်းစဉ်၏ အလုပ်ပေးအိမ်စာကို ပြီးမြောက်အောင် လုပ်ဆောင်ရန်ညွှန်ကြားပါ။

# ၂.၁.၂ ဒေသအလိုက်၊ ရိုးရာအလိုက်ပွဲတော်များနှင့် ဓလေ့ထုံးတမ်းများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံအတွင်းရှိ ကွဲပြားစုံလင်သော ရိုးရာအလိုက်ဝတ်စားဆင်ယင်မှု၊ ပွဲတော်များ အကြောင်းကို ဖော်ထုတ်လေ့လာ တတ်မည်။
- ကွဲပြားစုံလင်သော ဒေသအလိုက်၊ ရိုးရာအလိုက် ဝတ်စားဆင်ယင်မှု၊ ပွဲတော်များကို မည်သို့တန်ဖိုးထား၊ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းရှင်းလင်းလင်း ပြောဆို တတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာ အဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှု ပြသသည်။ လေ့လာရန် အချိန်ယူသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - သရုပ်ဆောင် သင်ကြား၊ သင်ယူခြင်း၊ အုပ်စုဖွဲ့ဆွေးနွေး ခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တင်ပြခြင်း။

**စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ** - ရုပ်ပုံအသုံးပြု၍ တင်ပြခြင်း၊ အမေးအဖြေ ပြုလုပ်ခြင်း၊ တင်ပြခြင်း၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ဒေသခံတိုင်းရင်းသား ကျောင်းသားများထံမှ တိုင်းရင်းသား ရိုးရာဝတ်စုံများ၊ ရုပ်ပုံကားချပ်များ။ ကျောင်းသားများသည်မိမိတို့၏ ကျောင်းသားကိုင် စာအုပ်များအတွင်းရှိ သင်ခန်းစာ (၂.၁.၂) ဖတ်ရှုခြင်းနှင့် သင်ယူမှု လုပ်ငန်း (၁) ရှိအိမ်စာအလုပ်တို့ကို ဤသင်ခန်းစာမတိုင်မီ ပြီးမြောက်အောင် လုပ်ဆောင်ထားသင့်သည်။

**လိုအပ်သော ရင်းမြစ်များ** - တိုင်းရင်းသားဝတ်စုံ၊ ဒေသန္တရ (သို့မဟုတ်) တိုင်းရင်းသားများ၏ ပွဲတော်များ၏ နံရံကပ်ပိုစတာများ၊ မာကာ၊ မြန်မာနိုင်ငံ ပွဲတော်များနှင့် စပ်လျဉ်းသည့် ဓာတ်ပုံများ (သို့မဟုတ်) ရုပ်ပုံပန်းချီကားများ (သို့မဟုတ်) ယင်းပွဲတော် ကိုယ်စားပြု အသုံးအဆောင်ပစ္စည်းများ။

### သင်ယူမှုလုပ်ငန်း (၁)။ သုတေသနလုပ်ငန်း - မြန်မာနိုင်ငံရှိ ပွဲတော်များအနက်မှ ကျွန်ုပ်အနှစ်သက်ဆုံးပွဲတော် (အိမ်စာအလုပ်ပေးခြင်း)

၁။ သင်ခန်းစာ မသင်ကြားမီ ဤလုပ်ငန်းကို ပြီးမြောက်အောင် လုပ်ဆောင်ထားရန် ကျောင်းသားများကို စေခိုင်းပါ။

၂။ ကျောင်းသားများအနေဖြင့် မိမိတို့၏ မိသားစုများ၊ မိတ်ဆွေများနှင့် အတူတကွ ဆင်နွှဲခဲ့သော ပွဲတော်များအကြောင်းကို တွေးဆထားသင့်ပါသည်။ ၎င်းတို့အနေဖြင့်

မိမိတို့ အနှစ်သက်ဆုံးပွဲတော်များအနက်မှတစ်ခုကို ရွေးချယ်ပြီး မိမိတို့၏ ကျောင်းသားကိုင်စာအုပ်များအတွင်းရှိ မေးခွန်းများကို ဖြေဆိုထားသင့်ပါသည်။

၃။ ကျောင်းသားများအနေဖြင့် မိမိတို့အနှစ်သက်ဆုံး ပွဲတော်များနှင့် ပတ်သက်၍ သုတေသန ဆက်လက်ပြုသင့်ပြီး ယင်းနှင့်စပ်လျဉ်းသည့် နှစ်မိနစ်စာ တင်ပြမှု အတိုတစ်ခုကို ပြင်ဆင်ထား သင့်ပါသည်။

၄။ ၎င်းတို့အနေဖြင့် မိမိတို့အနှစ်သက်ဆုံးပွဲတော်နှင့် စပ်လျဉ်းသည့် ဓာတ်ပုံ (သို့မဟုတ်) ယင်းပွဲတော် ကိုယ်စားပြုအသုံးအဆောင်ပစ္စည်းတစ်ခုခုကို အတန်းသို့ ယူဆောင် လာသင့်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ခန်းစာမသင်ကြားမီ ကျောင်းသားများအနေဖြင့် သင်ယူမှုလုပ်ငန်း (၁) အိမ်စာအလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးပါ။ ကျောင်းသားများသည် မိမိတို့အနှစ်သက်ဆုံးပွဲတော်များကို ရွေးချယ်ထားပြီး ကျောင်းသားကိုင်စာအုပ်များအတွင်းရှိ မေးခွန်းများကို ဖြေဆိုထားသင့်ပါသည်။ သင့်အနေဖြင့်ကျောင်းသားများသည် မိမိတို့ ဆက်လက်လုပ်ဆောင်ရမည့် သုတေသနလုပ်ငန်းနှင့် နှစ်မိနစ်စာ တင်ပြမှုအတိုတို့ကို ပြီးမြောက်အောင်လုပ်ဆောင်ထားခြင်း ရှိ/မရှိ စစ်ဆေးနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့ရွေးချယ်ထားသည့် အနှစ်သက်ဆုံးပွဲတော်အလိုက် ကွဲပြားမှု ရှိပါလိမ့်မည်။ ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြန်လည် သုံးသပ်ချက်များအပေါ် မူတည်နေမည်ဖြစ်ပြီး ၎င်းတို့၏ တင်ပြမှုများမှာမူ ၎င်းတို့ကိုယ်တိုင် တစ်သီးတစ်သန့် လုပ်ဆောင်သည့် သုတေသနပေါ်တွင် မူတည်နေပါမည်။

### ဆရာ့မှတ်စု

အားလုံးအကျုံးဝင် ပါဝင်နိုင်မှုတန်ဖိုးကို အားပေးအားမြှောက်ပြုရန်နှင့် ဘာသာရေးဆိုင်ရာ ပွဲတော်အမျိုးမျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုးစု အုပ်စုအမျိုးမျိုးမှ ပွဲတော်များကို လက်ကမ်းကြိုဆိုရန် သတိရပါ။

## သင်ယူမှုလုပ်ငန်း (၂)။ တင်ဆက်ပြသခြင်း - မြန်မာနိုင်ငံရှိ ပွဲတော်များအနက်မှ ကျွန်ုပ်အနှစ်သက်ဆုံးပွဲတော် (မိနစ် ၂၀)

၁။ ကျောင်းသားများကို လေးယောက်ဖြစ်စေ၊ ငါးယောက်ဖြစ်စေပါဝင်သည့် အုပ်စုငယ်များအဖြစ် ခွဲပေးပါ။

၂။ ကျောင်းသားများကို ၎င်းတို့ကိုယ်တိုင် သုတေသနပြုလုပ်ခဲ့သည့် မိမိတို့အနှစ်သက်ဆုံးပွဲတော်အကြောင်းကို မိမိတို့အုပ်စုအတွင်း၌ အလှည့်ကျတင်ပြမှု ပြုလုပ်စေပါ။ တင်ပြမှုတစ်ခုချင်းစီသည် အနည်းဆုံးနှစ်မိနစ်ခန့် ကြာမြင့်သင့်ပါသည်။

၃။ ကျောင်းသားများသည် မိမိတို့အုပ်စုများထံတင်ပြခြင်း ပြီးဆုံးသွားသည့်အခါတွင် ၎င်းတို့အုပ်စုအဖွဲ့ဝင်များ တင်ပြခဲ့သည့်ပွဲတော်များနှင့် ပတ်သက်သည့် အတိုချုံးအစီရင်ခံစာတစ်ခု အတန်းဆီသို့တင်ပြရန် မိမိဆန္ဒအလျောက် တင်ပြလိုသော ကျောင်းသားတစ်ဦးကို ဖိတ်ခေါ်မှုပြုပါ။

၄။ အောက်ပါ မေးခွန်းများအနက်မှ အချို့ကိုဆွေးနွေးခြင်းဖြင့် မြန်မာပြည်တွင် ဆင်နွှဲကြသည့် ပွဲတော်အမျိုးမျိုးအပေါ် ပြန်လည်သုံးသပ်မှုပြုရန် ကျောင်းသားများကိုစေခိုင်းပါ။

(က) ဒေသတွင်းတိုင်းရင်းသားအုပ်စုများက ဆင်နွှဲကြသော အခြားပွဲတော်များနှင့် စပ်လျဉ်းသည့် သာဓကများမှာ အဘယ်နည်း။

(ခ) မြန်မာနိုင်ငံအတွင်း ဆင်နွှဲကြသည့် အခြားဘာသာရေးဆိုင်ရာ ပွဲတော်များနှင့် စပ်လျဉ်းသည့် သာဓကများမှာ အဘယ်နည်း။

(ဂ) ကမ္ဘာနှင့်အဝန်း ဆင်နွှဲကြသည့် အခြားရိုးရာပွဲတော်များနှင့် ဘာသာရေးဆိုင်ရာပွဲတော်များနှင့် စပ်လျဉ်းသည့် သာဓကများမှာ အဘယ်နည်း။

(ဃ) ရိုးရာပွဲတော်များနှင့် ယင်းပွဲတော်များ ဆင်နွှဲခြင်းသည် လူမှုသဟဇာတဖြစ်မှုနှင့်လူမှုပေါင်းစည်းမှုကို မည်သို့ပံ့ပိုးအားဖြည့် ပေးနိုင်ပါသနည်း။

**ဆရာ့မှတ်စု**

မြန်မာနိုင်ငံတစ်ဝန်းနှင့် ကမ္ဘာတစ်ဝန်းရှိ ရိုးရာပွဲတော်များ၊ ဘာသာရေးဆိုင်ရာ ပွဲတော်များမှ ရုပ်ပုံများကို ကျောင်းသားများထံ ပေးအပ်ထားပါ။

ကျောင်းသားများအနေဖြင့် ပွဲလမ်းမျိုးစုံနှင့် စပ်လျဉ်းသည့် ဗီဒီယိုများကို အွန်လိုင်းတွင် ကြည့်ရှုနိုင်ပါသည်။ ၎င်းတို့ကို ကမ္ဘာတစ်ဝန်းမှ ပွဲတော်များအကြောင်းကြည့်ရှုရန် အားပေးတိုက်တွန်းမှုပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အခန်းတွင်း လှည့်လည်ကြည့်ရှုခြင်းဖြင့် ကျောင်းသားများ၏ ၎င်းတို့အုပ်စုအတွင်း တင်ပြမှုများကို ကြည့်ရှုပါ။ ဤသင်ခန်းစာ သင်ကြားပြီးချိန်တွင် သင့်အနေဖြင့် ကျောင်းသားများ၏ ဆွေးနွေးမှုများမှတစ်ဆင့် ၎င်းတို့၏ နားလည်မှုများကို ချိန်ထိုးစစ်ဆေး နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများအနေဖြင့် ၎င်းတို့သိရှိထားသည့် ပွဲတော်နှင့် စပ်လျဉ်းသည့် ၎င်းတို့ကိုယ်ပိုင် အတွေ့အကြုံများအပေါ် မိမိကိုယ်ပိုင် ထင်မြင်ချက်များကိုလည်း မျှဝေနိုင်ပါသည်။ ၎င်းတို့အနေဖြင့် မည်သည့်အတွက်ကြောင့် အဆိုပါပွဲတော်ကို ကျင်းပရပုံ၊ အဆိုပါပွဲတွင် ပါဝင်သည့် ပွဲလမ်းဆိုင်ရာလှုပ်ရှားမှုများ၊ ယင်းပွဲတော်နှင့်ဆက်စပ်နေသည့် အစားအသောက်များ၊ ယင်းပွဲတော်နှင့် ပတ်သက်၍ ၎င်းတို့သိရှိထားသည့် သမိုင်းကြောင်းတစ်ခုခု အစရှိသည်တို့ကိုလည်း ပြောဆိုနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း - မြန်မာနိုင်ငံရှိ ပွဲတော်များ (၂၅ မိနစ်)

၁။ ကျောင်းသားများကို လေးယောက်ဖြစ်စေ၊ ငါးယောက်ဖြစ်စေ အုပ်စုများအဖြစ်သို့ ခွဲပေးပါ။

၂။ အုပ်စုတစ်စုချင်းစီကို အချက်အလက်ပြ ပိုစတာတစ်ခုဖန်တီးရန် မြန်မာနိုင်ငံရှိ ပွဲတော်တစ်ခုကို ရွေးချယ်စေပါ။

၃။ ပိုစတာဖန်တီးရာတွင် အောက်ပါမေးခွန်းများအသုံးပြု၍ ဖန်တီးရန် ကျောင်းသားများကို လမ်းညွှန်မှုပြုပါ။

(က) ကျွန်ုပ်တို့အနေဖြင့် ယင်းပွဲတော်နှင့် ပတ်သက်၍ မည်သည်တို့ကို သိရှိပြီးဖြစ်သနည်း။

(ခ) ကျွန်ုပ်တို့အနေဖြင့် ယင်းပွဲတော်နှင့် ပတ်သက်၍ မည်သည်တို့ကို ပိုမိုသိရှိလိုသနည်း။ (သုတေသနပြုမည့် နယ်ပယ်ကို သတ်မှတ်ရန်အတွက်)

(ဂ) ကျွန်ုပ်တို့၏ အတန်းဖော်များအား မည်သည်တို့ကို လေ့လာသိရှိ သွားစေလိုပါသနည်း။

၄။ ကျောင်းသားများအနေဖြင့် ပိုစတာများကို ဖန်တီးပြီးချိန်တွင် ယင်းပိုစတာများကို ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းတွင် အသုံးပြုရန်အတွက် အခန်းပတ်ပတ်လည်တွင် ပြသထားခိုင်းပါ။

၅။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း ပြုလုပ်နေစဉ်အတွင်း အခြားအုပ်စုများ၏ ပိုစတားများပေါ်တွင် မှတ်ချက်များဖြစ်စေ၊ မေးခွန်းများဖြစ်စေ ရေးသားရန် ကျောင်းသားများကို ညွှန်ကြားပါ။ အဆိုပါမေးခွန်းများ နှင့်/သို့မဟုတ် မှတ်ချက်များသည် ပွဲတော်၏ ရိုးရာဝတ်စုံ၊ ပွဲတော်နှင့် စပ်လျဉ်းသည့် တန်ဖိုးထားမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ စောင့်ရှောက်ထိန်းသိမ်းမှု အစရှိသည်တို့နှင့် ဆက်နွယ်နေနိုင်ပါသည်။

၆။ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း ပြီးစီးသွားသည့်အချိန်၌ အောက်ပါမေးခွန်းများကို အတန်းတစ်တန်းလုံးအနေဖြင့် ပြန်လည်သုံးသပ်ပါ။

(က) ရိုးရာပွဲတော်အမျိုးမျိုးတွင် တူညီမှုများ (သို့မဟုတ်) ကွဲပြားမှုများ ရှိကြပါသလား။ ရှိလျှင် အဆိုပါတူညီမှု (သို့မဟုတ်) ကွဲပြားမှုများမှာ အဘယ်နည်း။

(ခ) ပွဲတော်တစ်ခုချင်းစီကို တစ်မူဆန်းသစ်ပြီး ထူးခြားစေသည့် အရာများမှာ မည်သည်တို့ ဖြစ်သနည်း။

(ဂ) အဆိုပါပွဲတော်များက လူ့အဖွဲ့အစည်းအပေါ် သက်ရောက်သည့် အကျိုးကျေးဇူးများမှာ မည်သည်တို့ ဖြစ်သနည်း။

(ဃ) အဆိုပါ ရိုးရာပွဲတော်များနှင့် အဝတ်အစားများ၏ မြန်မာနိုင်ငံအပေါ် ပါဝင်အကျိုးသက်ရောက်နေသည့် အရာများမှာ မည်သည်တို့ ဖြစ်သနည်း။

(င) ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံပြည်သူများ၏ အဆိုပါ ကွဲပြားစုံလင်သည့် ပွဲတော်များအားလုံးကို မည်သို့အသိအမှတ်ပြု တန်ဖိုးထားနိုင်ပါသနည်း။

၇။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ပြန်လည်သုံးသပ်ချက်များကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) အတွင်းရေးသားခြင်း သို့မဟုတ် တွဲဖက်တစ်ဦးဦးဖြင့်ဖြစ်စေ၊ အုပ်စုငယ် အတွင်း၌ဖြစ်စေ၊ မျက်နှာစုံညီ ဆွေးနွေးပွဲ၌ဖြစ်စေ မျှဝေခြင်းပြုနိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ပို့စတာများကို ပြခန်းလှည့်လည် ကြည့်ရှုသင်ယူစဉ်အတွင်း စစ်ဆေး အကဲဖြတ်ပါ။ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း/ အတန်းဖော်ချင်း ပြန်လည်သုံးသပ်ခြင်းနှင့် ပြခန်းလှည့်လည် ကြည့်ရှုသင်ယူစဉ်အတွင်း ပို့စတာများအပေါ် မေးခွန်းများ၊ မှတ်ချက်များ ရေးသားခြင်းမှတစ်ဆင့် အခြားအုပ်စုများ၏ ပို့စတာများအား စစ်ဆေးအကဲဖြတ်မှု ပြုခြင်းတို့ ကို အားပေးမှုပြုပါ။ ရိုးရာပွဲတော်များအကြောင်းနှင့် ၎င်းတို့၏ လူအဖွဲ့အစည်းအတွင်း အရေးပါမှု၊ အကျိုးကျေးဇူးများအပေါ် ပြန်လည်သုံးသပ်မှုပြုရန်နှင့် ဆွေးနွေးမှုပြုရန်အတွက် အမေးအဖြေကဏ္ဍ အချိန်တစ်ချိန် ဖန်တီးလုပ်ဆောင်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့ရွေးချယ်ထားသော ပွဲတော်နှင့် အုပ်စုလိုက် လုပ်ဆောင်သော သုတေသနတို့အပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

## ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလိုက်ပြုလုပ်သော သုတေသနလုပ်ငန်း - ပွဲတော်တစ်ခု ကြီးမှူးကျင်းပခြင်း (လုပ်ငန်းတာဝန်)

ဤလုပ်ငန်းသည် ကျောင်းသားများအနေဖြင့် စာသင်နှစ်မပြီးဆုံးမီ သင့်လျော်ရာအချိန်တွင် ပြီးစီးအောင်လုပ်ဆောင်နိုင်သည့် အုပ်စုလိုက်လုပ်ဆောင်ရသည့် စီမံကိန်းလုပ်ငန်းတာဝန် ဖြစ်ပါသည်။

ကျောင်းသားများကို အသေးစား - အလတ်စား အုပ်စုများအတွင်း နေရာချထားပါ။ ကျောင်းသားများအနေဖြင့် ကျောင်းအတွက်ဖြစ်စေ၊ အတန်းအတွက်ဖြစ်စေ၊ ရပ်ရွာလူထုအတွက်ဖြစ်စေ ပွဲတော်တစ်ခုကို ကြီးမှူးကျင်းပရာတွင် အတူတကွ လုပ်ဆောင်သင့်ပါသည်။

၎င်းတို့သည် ပွဲတော်ကိုမည်သူ့အတွက် ကျင်းပသည်၊ ပွဲတော်သည် မည်သည့်ကိုအကြောင်းပြု ကျင်းပဆင်နွှဲသည်၊ ပွဲတော်တွင် မည်သည့်အရာများ ပါဝင်မည် အစရှိသည်တို့ကို တွေးဆထားရပါမည်။ ကွဲပြားစုံလင်မှုနှင့် အားလုံးအကျုံးဝင် ပါဝင်နိုင်မှုကိုလည်း အားပေးမှုပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများကြီးမှူးကျင်းပသည့် ပွဲတော်များကို ကြည့်ရှုလေ့လာပါ။ သင့်အနေဖြင့် ကျောင်းသားများ၏ ပွဲလမ်းများ ကြီးမှူးကျင်းပခြင်းနှင့် ပတ်သက်၍ အထောက်အကူအမျိုးမျိုးကို ရှိပြီသားအတွေ့အကြုံ အဆင့်အမျိုးမျိုးပေါ်မူတည်၍ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

အုပ်စုတစ်စုချင်းသည် မိမိတို့၏ စိတ်ဝင်စားရာ၊ ကျွမ်းကျင်ရာ၊ လုပ်ဆောင်နိုင်ရာတို့အပေါ်မူတည်၍ ကွဲပြားသောပွဲတော်များကို ကြီးမှူးကျင်းပ ပါလိမ့်မည်။ ကျောင်းသားများကို မြန်မာနိုင်ငံအတွင်း ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ တိုင်းရင်းသားရေးရာ ကွဲပြားစုံလင်မှုကို ထည့်သွင်းစဉ်းစားရန်နှင့် အသိအမှတ်ပြုရန် အားပေးမှုပြုပါ။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည် သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြုပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြုပေးနိုင်ခဲ့ သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများ အား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည် ဆွေးနွေးပါ။

## ၂.၁.၃ | တိုင်းဒေသကြီး စီးပွားရေး၊ ဒေသတွင်း စီးပွားရေး၊ ဒေသထွက်ထုတ်ကုန်များ

ဤသင်ခန်းစာသည် ကျောင်းသားများအား ဒေသကြီးတွင်း စီးပွားရေး (သို့မဟုတ်) ဒေသတွင်း စီးပွားရေးနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန် အကူအညီပေးနိုင်မည်ဖြစ်ပြီး ဒေသထွက် ထုတ်ကုန်များကို တန်ဖိုးထားတတ်လာကာ ဒေသတွင်းအဆင့်မှသည် နိုင်ငံတော်အစိုးရအဆင့် သာမက အာဆီယံဒေသကြီးအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအဆင့်အထိ ရေရှည်တည်တံ့သော ပြည်စုံကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်း၍ ယင်းထုတ်ကုန် များ၏ အရေးပါပုံကို အသိအမှတ်ပြုတတ်လာစေရန် အကူအညီပေးနိုင်မည် ဖြစ်သည်။ ဤသင်ခန်းစာတွင် အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော် ကျင့်သုံးနေပြီဖြစ်သည့် တစ်မြို့နယ်ထုတ်ကုန်တစ်မျိုး (OTOP) သို့မဟုတ် တစ်ရွာထုတ်ကုန် တစ်မျိုး (OVOP) တို့ကို ဒေသတွင်းစီးပွားရေးနှင့် ဒေသထွက်ထုတ်ကုန်များ အားကောင်းမြှင့်တင်ပေးရန် ကနဦး စံပြသာဓကအနေဖြင့် မိတ်ဆက်သင်ကြားသွားပေးမည် ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့အပြားရှိ ဒေသတွင်းထုတ်ကုန်များကို ဖော်ထုတ်ပြသတတ်မည်။
- နိုင်ငံတွင်းနှင့် ဒေသတွင်းစီးပွားရေးစနစ်များ၏ အသွင်အပြင်များနှင့် ယင်းစနစ်များ၏ ဒေသတွင်းအုပ်ချုပ်ရေး နိုင်ငံတော်၊ အာဆီယံဒေသကြီးတို့၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကို အကဲဖြတ်တတ်မည်။
- အာဆီယံ အသိုက်အဝန်းအတွင်း တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) လှုပ်ရှားမှုနှင့် မြန်မာနိုင်ငံ၏ တစ်ရွာထုတ်ကုန်တစ်မျိုး (OVOP) စနစ် ဖွံ့ဖြိုးတိုးတက်မှုကို ချဉ်းကပ်လုပ်ဆောင်မှုတို့ကို ဖော်ပြတတ်မည်။
- နိုင်ငံနှင့် အာဆီယံဒေသကြီးတစ်ခုလုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတွင်းစီးပွားရေး၊ ဒေသတွင်းထုတ်ကုန်များ၊ ဒေသတွင်း စီးပွားရေးစနစ်တို့ကို အသိအမှတ်ပြု တန်ဖိုးထားတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့်အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့်ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

(ဂ) (၃.၃.၁) ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များနှင့် ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်နိုင်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ကိုယ်တိုင်ပြန်လည်သုံးသပ်ခြင်း၊ စာဖတ်အဖွဲ့များ၊ အုပ်စုလုပ်ငန်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ နှိုင်းယှဉ်လေ့လာခြင်း၊ ဟောပြောပို့ချခြင်း၊ ဆရာလမ်းညွှန်မှုဖြင့် ဖတ်မှတ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းမာတိကာ၊ ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း ဖော်ဆောင်ရေးလမ်းညွှန်၊ အကြံပြုထားသော ဖတ်မှတ်စရာ မိတ္တူများ၊ မျှဝေစာနာမှုပြ မြေပုံကို ဘုတ်ပေါ်တွင်ဆွဲပါ- ကျောင်းသားများအနေဖြင့် မိမိတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ သင်ခန်းစာ (၂.၁.၃) ဖတ်ရှုခြင်းကို ဤသင်ခန်းစာ မသင်ကြားမီ ပြီးဆုံးအောင်လုပ်ဆောင်သင့်ပါသည်။

**လိုအပ်သော ရင်းမြစ်များ -** ကပ်၍ရသော မှတ်စုစာရွက်ငယ်များ၊ ပိုစတာများ။

## သင်ယူမှုလုပ်ငန်း (၁)။ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်နှင့် အုပ်စုလုပ်ငန်း - အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး (၁၀ မိနစ်)

၁။ ကျောင်းသားများအနေဖြင့် သင်ခန်းစာ (၂.၁.၃) ဖတ်ရှုခြင်းကို ဤသင်ခန်းစာ မသင်ကြားမီ ပြီးဆုံးအောင် လုပ်ဆောင်သင့်ပါသည်။

၂။ ကျောင်းသားများကို မိမိတို့၏ ကျောင်းသားကိုင် စာအုပ်တွင်ပါရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊)[၇] ဆိုင်ရာ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားရှိသိခြင်းနှင့် သိလိုခြင်း ဇယားတိုင်ကို ဖြည့်စွက်ခိုင်းပါ။

၃။ ကျောင်းသားများကို မိမိတို့ကျောင်းသားကိုင် စာအုပ်များတွင်ပါရှိသော မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) ၏ မဟာဗျူဟာ (၁.၂) - တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေးတွင် ပါရှိသည့်လုပ်ငန်းစဉ်များကို ဖတ်ရှုခိုင်းပါ။

၄။ ကျောင်းသားများအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP၊ ၂၀၁၈-၂၀၃၀) သည် ဟန်ချက်ညီသော ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့အားပေးပုံကို နှစ်ယောက်တစ်တွဲဖြင့် ဆွေးနွေးသင့်ပါသည်။

၅။ ကျောင်းသားများကိုအထက်ပါ သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားရှိ သိနားလည်သွားခြင်း ဇယားတိုင်တွင် ဖြည့်စွက်ခိုင်းပါ။

---
[၇] MSDP, 2018, pp. 11-12

## သင်ယူမှုလုပ်ငန်း (၂)။ ပြန်လည်သုံးသပ်ခြင်း - ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တန်ဖိုးထားခြင်း ( ၁၀ မိနစ်)

၁။ BBC မြန်မာပိုင်းသတင်း 'ရိုးရာအစားအစာ ထန်းလျက်ကို ကျောင်းသူကျောင်းသား ၃၀၀ ကျော် ကိုယ်တိုင်ချက်ပြီး ယှဉ်ပြိုင်ကြ' ဆိုသည့် သတင်းဆောင်းပါးကို ဖတ်ရှုရန် ကျောင်းသားများကို စေခိုင်းပါ။ အဆိုပါ သတင်းဆောင်းပါး အပြည့်အစုံကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။[၆]

၂။ သတင်းဆောင်းပါး ဖတ်ရှုနေစဉ်အတွင်း၌ ကျောင်းသားများအနေဖြင့် မိမိတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ မေးခွန်းများကို ပြန်လည်သုံးသပ် သင့်ပါသည် -

(က) အဆိုပါပြိုင်ပွဲကျင်းပရခြင်း၏ တန်ဖိုးမှာ မည်သည်ဖြစ်သနည်း။ အဆိုပါပြိုင်ပွဲကျင်းပခြင်းဖြင့် ကျောင်းသားများကို မည်သည်တို့ကို သင်ကြားရန် ရည်ရွယ်ထားပါသနည်း။

(ခ) ဒေသထွက်ထုတ်ကုန်များနှင့် ဒေသတွင်းစီးပွားရေးကို သိရှိ၊ တန်ဖိုးထားတတ်ရန်သည် ကျွန်ုပ်တို့၏ ကျောင်းသားများနှင့် ဒေသခံပြည်သူများအတွက် အဘယ်ကြောင့် အရေးပါပါသနည်း။

(ဂ) မိမိတို့၏ ဒေသထွက်ထုတ်ကုန်များနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့၏ အရေးပါပုံကို ကျောင်းသားများ နားလည်သွားစေရန် ကျောင်းတွင်းအစီအစဉ်များကို မည်သို့တိုးမြှင့် လုပ်ဆောင်သွားနိုင်မည်နည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ဤလုပ်ငန်းနှင့် ပတ်သက်သည့် စစ်ဆေးအကဲဖြတ်မှုသည် ဒေသတွင်းထုတ်ကုန်များ၏ တန်ဖိုးအပေါ် ကျောင်းသားများ၏ သိရှိနားလည်မှုကို စစ်ဆေးခြင်းဖြစ်ပါမည်။ သင့်အနေဖြင့် ထိုသို့စစ်ဆေးခြင်းကို ပြန်လည်သုံးသပ်ရန် မေးခွန်းများကို တစ်တန်းလုံးက ဖြေဆိုထားသည့် အမေးနှင့် အဖြေများမှ တစ်ဆင့် စစ်ဆေးနိုင်ပါသည်။

[၆] BBC Burmese. (2019, September 12). [Over 300 Myanmar students compete in local jaggery making] [Facebook status update]. Retrieved from https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ သင်ခန်းစာ (၂.၁.၃) တွင်ပါရှိသော သတင်းအချက်အလက်နှင့် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ကူး အကြံဉာဏ်များပေါ်တွင်အခြေခံ၍ ဖြေဆိုသင့်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ ဖြစ်ရပ်လေ့လာခြင်း - အာဆီယံနိုင်ငံများတွင် ကျင့်သုံးသည့် OVOP (၂၅ မိနစ်)

၁။ ကျောင်းသားများကို မိမိတို့၏ ကျောင်းသားကိုင် စာအုပ်များအတွင်း ပါရှိသည့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ကျင့်သုံးသည့် OTOP နှင့် စပ်လျဉ်းသည့် ဖြစ်ရပ် လေ့လာချက်နှစ်ခုကို ဖတ်ရှုရန် စေခိုင်းပါ။

၂။ ကျောင်းသားများကို အဆိုပါထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံနှစ်နိုင်ငံတွင်ကျင့်သုံးသည့် OVOP ၏ အောင်မြင်သည့် နယ်ပယ်များအကြောင်း နှစ်ယောက်တစ်တွဲ ဆွေးနွေးရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများကို ငါးယောက်ပါ အုပ်စုများအဖြစ် အုပ်စုခွဲပေးပါ။ အုပ်စု တစ်စုချင်းစီသည် ရွေးချယ်ထားသည့် တိုင်းဒေသကြီးအတွက် OVOP ကနဦး လှုပ်ရှားမှုနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသည့် ထုတ်ကုန်အဖြစ်သတ်မှတ်နိုင်သည့် ဒေသတွင်းထုတ်ကုန်တစ်ခုကို ရွေးချယ်သင့်ပါသည်။

၄။ ကျောင်းသားများအနေဖြင့် အဆိုပါထုတ်ကုန်သည် စီးပွားရေးအရ မည်ကဲ့သို့ ရေရှည်တည်တံ့နိုင်ပြီး ဒေသတွင်းရပ်ရွာလူထုအတွက် အမြတ်အစွန်းရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဆိုသည့်အပေါ် သုတေသနပြု၊ ရှာဖွေခြင်း ပြုလုပ်သင့် ပါသည်။

၅။ ကျောင်းသားများကို (အွန်လိုင်း သတင်းဆောင်းပါးများကို ဖတ်ရှုခြင်းကဲ့သို့) အွန်လိုင်းတွင် သုတေသနပြုခြင်းဖြစ်စေ၊ ကျောင်းသားကိုင်စာအုပ်အတွင်းမှ အချက်အလက်များကို ပြန်လည်ဆန်းစစ်ခြင်းဖြစ်စေ၊ ဒေသထွက်ထုတ်ကုန်များနှင့် ပတ်သက်၍ မိမိကိုယ်ပိုင်အတွေ့အကြုံများအပေါ် အခြေခံခြင်းဖြစ်စေ ပြုလုပ်ရန် အားပေးမှုပြုပါ။ ကျောင်းသားများ ၎င်းတို့၏သုတေသနပြုမှု လုပ်ဆောင်နေစဉ် အတွင်း အခန်းတွင်းလှည့်လည်သွားလာ၍ သုတေသနပြုရာတွင် အခက်အခဲ တွေ့နေသည့် ကျောင်းသားများကို လမ်းညွှန်မှုပြုပေးပါ။

၆။ အုပ်စုများက ၎င်းတို့၏ သုတေသနပြုမှု ပြီးဆုံးသွားသည့်အချိန်တွင် မြန်မာနိုင်ငံအတွင်း၌ OVOP (သို့မဟုတ်) ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) ဆိုင်ရာ မဟာဗျူဟာများအနက်မှ တစ်ခုခုဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်သည့် အဓိက အခွင့်အလမ်းများနှင့် အခက်အခဲများအကြောင်း ဆွေးနွေးပါ။ သင့်အနေဖြင့် အောက်ပါကဲ့သို့မေးခွန်းများကို မေးမြန်းနိုင်ပါသည်။

(က) ယင်းစီမံကိန်းသည် ရေရှည်တည်တံ့ နိုင်မည်လော။ မည်သည့်အတွက်ကြောင့် တည်တံ့နိုင်ပါသနည်း (သို့မဟုတ်) မည်သည့်အတွက်ကြောင့် မတည်တံ့နိုင်ပါသနည်း။

(ခ) ဒေသထွက်ထုတ်ကုန်များအတွက် ကြုံတွေ့နိုင်သည့် အခက်အခဲများမှာ အဘယ်နည်း။

(ဂ) အောင်မြင်သော အစီအစဉ်တစ်ခု ဖန်တီးရန်အတွက် အဆိုပါအခက်အခဲများကို မည်သို့ကျော်လွှားကြမည်နည်း။

(ဃ) ဒေသထွက်ထုတ်ကုန်များကို မည်သည့်အရာများက တစ်မူထူးခြားစေပါသနည်း။

၇။ မြန်မာနိုင်ငံအတွင်းရှိ ဒေသတွင်း ရပ်ရွာလူထုများအတွက် OVOP/OTOP နှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တန်ဖိုးများအပေါ် အလေးပေးဖော်ပြပြီး ဤသင်ခန်းစာကို အဆုံးသတ်ပါ။

၈။ အကယ်၍ ကျောင်းသားများသည် ဖြစ်ရပ်လေ့လာခြင်းကို ပေးထားသည့်အချိန်အတွင်း ပြီးမြောက်အောင် မလုပ်ဆောင်နိုင်ပါက အုပ်စုလုပ်ငန်းအား (ကျောင်းသားတစ်ဦးချင်းစီအနေဖြင့် လုပ်ဆောင်ရန်) စာတမ်းတစ်ခုပုံစံဖြင့် အိမ်စာလုပ်ငန်းအဖြစ် ပြီးမြောက်အောင် လုပ်ဆောင်ရန် တာဝန်ချပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ အုပ်စုလုပ်ငန်းကို ကြည့်ရှုလေ့လာပါ။ အထူးသဖြင့် ၎င်းတို့၏အုပ်စုလိုက်ပြုလုပ်သောသုတေသနနှင့် အုပ်စုလိုက်ဆွေးနွေးမှုများကို စောင့်ကြည့်လေ့လာပါ။ သင့်အနေဖြင့် ကျောင်းသားများကို ၎င်းတို့၏ ဆွေးနွေးမှုများမှ အဓိကအချက်များကို စာတမ်းပုံစံဖြင့် ရေးသားခိုင်းနိုင်ပါသည် (သို့မဟုတ်) ဤလုပ်ငန်းပြီးဆုံးချိန်တွင် ပြုလုပ်မည့် အမေး၊ အဖြေကဏ္ဍမှတစ်ဆင့် ၎င်းတို့၏သိရှိနားလည်မှုများကို စစ်ဆေးအကဲဖြတ် နိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့ရွေးချယ်ထားသည့် ဒေသထွက်ထုတ်ကုန် အပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြု ပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြုပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများ အား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည် ဆွေးနွေးပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။

မေးခွန်း ၁။ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ် နေရာများမှာ မည်သည်တို့ဖြစ်ပြီး ယင်းတို့သည် ကမ္ဘာလုံးအတိုင်းအတာ၊ နိုင်ငံလုံးအတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထုနှင့် ဒေသခံပြည်သူများအတွက် မည်သည့်အတွက်ကြောင့် အရေးပါသနည်း။

အဖြေ။ *၂၀၂၀ ခုနှစ် ဇူလိုင်လအထိ မြန်မာနိုင်ငံအတွင်း၌ ကမ္ဘာ့အမွေအနှစ်နေရာများ အဖြစ်ဖော်ပြခံထားရသည့် နေရာနှစ်ခုရှိပြီး ယင်းတို့မှာ ပုဂံ (၂၀၁၉ ခုနှစ်) နှင့် ပျူမြို့ဟောင်းများ (၂၀၁၄ ခုနှစ်) တို့ဖြစ်ပါသည်။ အဆိုပါ အထင်ကရနေရာများ (သို့မဟုတ်) အဆောက်အအုံများတွင် နိုင်ငံတွင်းနေ ပြည်သူလူထုအတွက် တမူထူးခြားသည့် သိသာထင်ရှားမှုရှိပြီး ကမ္ဘာ့အမွေအနှစ်များ၏ အကောင်းမွန်ဆုံး ပြယုဂ်များအဖြစ် ကိုယ်စားပြုပါသည်။ အဆိုပါနေရာများသည် နိုင်ငံလုံးအတိုင်းအတာ အထိကျော်ကြားရုံသာမက နောက်အနာဂတ်တွင်လည်း ပြည်သူများအတွက် ထင်ရှားမှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိသွားမည်ဖြစ်သည်။*

မေးခွန်း ၂။ ယဉ်ကျေးမှုအမွေအနှစ် နေရာများကို ထိန်းသိမ်းရာတွင် တွေ့ကြုံရသည့် အခက်အခဲများမှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ‘‘ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်း’ ဆိုသည့် ခေါင်းစီးသတင်းဆောင်းပါးမှ ၎င်းတို့ လေ့လာသိရှိခဲ့သည့် အသိပညာများအပေါ် အခြေခံနိုင်ပါသည်။*

မေးခွန်း ၃။ အဆိုပါ အမွေအနှစ်နေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နိုင်ငံတွင်းရှိ ပြည်သူလူထုများနှင့် ဒေသခံပြည်သူများက မည်သည့်အားထုတ်မှုများ ပြုခဲ့ကြသနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ‘‘ပုဂံဒေသကို ယူနက်စကို ကမ္ဘာ့ ယဉ်ကျေးမှု အမွေအနှစ်နေရာအဖြစ် အမည်စာရင်းတင်သွင်း’ ဆိုသည့် ခေါင်းစီး သတင်း ဆောင်းပါးမှ ၎င်းတို့လေ့လာသိရှိခဲ့သည့် အသိပညာများအပေါ် အခြေခံနိုင်ပါသည်။*

မေးခွန်း ၄။ အမွေအနှစ်နေရာများနှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အဘယ့်ကြောင့် အရေးကြီးသနည်း။

အဖြေ။ *ကျောင်းသားများအနေဖြင့် အောက်ပါတို့မှ အဖြေတစ်ခုခုကို ဖြေဆိုသင့်ပါသည်- ယဉ်ကျေးမှုအမွေအနှစ်များ အရေးပါရခြင်းမှာ အဆိုပါနေရာများကို လေ့လာခြင်းမှ တစ်ဆင့်မျိုးဆက်တစ်ဆက်မှ တစ်ဆက်လက်ဆင့်ကမ်းပေးလာသည့် အသိပညာနှင့် ကျွမ်းကျင်မှုများ ကြွယ်ဝခြင်း ဖြစ်သည်။ နိုင်ငံသည် တံခါးဖွင့်စနစ် ကျင့်သုံးလာသော အခါ မြန်မာနိုင်ငံ၏ မြို့ကြီးများသည် လျင်မြန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို လက်လွတ်ဆုံးရှုံးရနိုင်သည့် အနေအထားရှိနေပါသည်။ ကြာမြင့်စွာ ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများနှင့် ပြည်တွင်းစစ်၊ တောမီး၊ ငလျင်နှင့် အခြားသဘာဝဘေးဒဏ်များ၊ ညစ်ညမ်းမှု၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ဖမ်းဆီးခြင်း၊ ထိန်းချုပ်မှု မရှိသော မြို့ပြချဲ့ထွင်ခြင်းနှင့် အဟန့်အတားမဲ့သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု တို့သည် မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်ဒေသများအတွက် ကြီးမားသောပြဿနာများ ဖြစ်စေသည်။*

မေးခွန်း ၅။ မြန်မာနိုင်ငံရှိ အဓိကရိုးရာပွဲတော်များကို ဖော်ပြပါ။ ယင်းပွဲတော်တို့ကို မည်သည့်အတွက်ကြောင့် ကျင်းပကြသနည်း။

အဖြေ။ *သင်္ကြန်၊ သီတင်းကျွတ်၊ ကချင်မနောပွဲ စသည်တို့ကဲ့သော ပွဲများအပြင် အခြား ပွဲတော်မျိုးစုံကိုလည်း ကျင်းပကြပါသည်။ အချို့သောပွဲတော်များမှာ ဘာသာရေးဆိုင်ရာ ပွဲများသော်လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များသော်လည်းကောင်း ဖြစ်ကြပြီး ပွဲတော် သဘောသဘာဝအားဖြင့် နှစ်မျိုးစလုံး ရောယှက်နေသည့် ပွဲတော်များ ဖြစ်ကြသည်။*

မေးခွန်း ၆။ ယဉ်ကျေးမှု၊ ဘာသာရေး ကိုးကွယ်ယုံကြည်မှုနှင့် ဒေသတွင်းပွဲတော်များသည် မည်သို့ဆက်နွယ်နေသနည်း။

အဖြေ။ *မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုများ ကွဲပြားစုံလင်စွာ အတူနေထိုင်သော နိုင်ငံဖြစ်ပြီး ဒေသတွင်းနေ ရပ်ရွာလူထု၏ ဓလေ့များကို ထင်ဟပ်သော ပွဲတော်များစွာရှိ ပါသည်။ အဆိုပါပွဲတော်များနှင့် အခြားရိုးရာပွဲတော်များ ဆင်နွှဲခြင်းသည် ဒေသတွင်း ရပ်ရွာလူထု၏ အတိတ်သမိုင်းကြောင်းနှင့်တကွ ထုံးတမ်းဓလေ့များထံသို့ ဆက်နွယ်မှု တစ်ရပ် ဖန်တီးပေးပါသည်။ ပွဲတော်အများစုမှာ ဘာသာရေးပိုင်းဆိုင်ရာနှင့် ဆက်နွယ်မှု ရှိပြီး ကျန်ပွဲတော်များမှာမူ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာနှင့်*

*ဆက်နွှယ်နေပါသည်။ ဒေသတွင်းပွဲတော်များတွင် ပါဝင်ဆင်နွှဲရန် အလေးပေး လုပ်ဆောင်ခြင်းဖြင့်ကျွန်ုပ်တို့သည် မိမိကိုယ်ပိုင် လူ့အသိုက်အဝန်းတွင် နေထိုင်သူ ဖြစ်ကြောင်း အတည်ပြုပြသပြီး အခြားသူများ၏ လူ့အသိုက်အဝန်းကို လေးစားမှုရှိကြောင်းပြသနိုင်ကာ ကျွန်ုပ်တို့၏ အတိတ်သမိုင်းကြောင်းနှင့် ကိုယ်ပိုင်တန်ဖိုးထားမှုများကို ပြန်ပြောင်းသတိရရာနှင့် လက်ဆင့်ကမ်းရာတို့တွင် တစ်တပ်တစ်အား ပါဝင်နိုင်ပါသည်။*

မေးခွန်း ၇။ မိမိတို့၏ ရပ်ရွာလူထုအတွင်းတွင် တွေ့ရှိရသော ဒေသတွင်းပွဲတော်များ အကြောင်း ဆွေးနွေးပါ။ အဆိုပါပွဲတော်များကို မည်သို့ဆင်နွှဲကြသနည်း။ ယင်းပွဲတော်၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အကျိုးကျေးဇူးအချို့မှာ အဘယ်နည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ဒေသတွင်း လူ့အသိုက်အဝန်းပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။ ၎င်းတို့သည် မိမိတို့ကျောင်းသားကိုယ် စာအုပ်များ အတွင်းရှိ 'မြန်မာနိုင်ငံရှိပွဲတော်များ' အပိုင်းတွင် ပါဝင်ထည့်သွင်းထားသည့် ပွဲတော်များ အနက်မှ အချို့ကို ရည်ညွှန်းအသုံးပြုနိုင်ပါသည်။*

မေးခွန်း ၈။ ရိုးရာပွဲတော်များသည် အဘယ်ကြောင့် အရေးပါသနည်း။

အဖြေ။ *ရိုးရာပွဲတော်များသည် ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာနှင့် ဘာသာရေး ထုံးတမ်းဆိုင်ရာ အလေ့အထများကို ဆင်နွှဲရာ၌ အရေးပါသော ပွဲတော်များ ဖြစ်ကြသည်။ အချို့ပွဲတော်များကို မြန်မာနိုင်ငံ တိုင်းဒေသကြီးတွင်း (သို့မဟုတ်) ဒေသအတွင်းသာ ဆင်နွှဲကြသော်လည်း ကျန်ပွဲတော်များမှာမူ သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးစုအုပ်စုများ အတွင်း၌သာ ကျင်းပဆင်နွှဲကြသည်။*

မေးခွန်း ၉။ ရိုးရာပွဲတော်များသည် လူမှု သဟဇာတ ဖြစ်စေရေးနှင့် ပေါင်းစည်းရေး အတွက် မည်သို့အထောက်အပံ့ ပြုပေးနိုင်သနည်း။

အဖြေ။ *ပွဲတော်များနှင့် အခြားပွဲလမ်း ကျင်းပဆင်နွှဲမှုများသည် နေရာအမျိုးမျိုး၊ လူ့အသိုက်အဝန်းအမျိုးမျိုးမှ ပြည်သူများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း စုစည်းပေးပြီးအတူတကွ လက်တွဲလုပ်ကိုင်ကြသည့် အချိန်အခါဖြစ်သည်။ ရိုးရာပွဲတော်များသည် အတိတ်သမိုင်းကြောင်းကို လေ့လာနိုင်သောနေရာများ ဖြစ်နိုင်သကဲ့သို့ရိုးရာ သရုပ်ပြ တင်ဆက်မှုများမှတစ်ဆင့် ရှေးယခင်ဘိုးဘေးများ အကြောင်းကိုလည်း လေ့လာနိုင်ရာ နေရာဖြစ်သည်။ နောက်ခံအမျိုးမျိုးရှိသည့် မြန်မာနိုင်ငံနေ ပြည်သူများ ဆင်နွှဲကြသည့် ပွဲတော်မျိုးစုံအကြောင်းကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့သည်*

*မြန်မာနိုင်ငံ၏ ကွဲပြားစုံလင်သော ယဉ်ကျေးမှုအကြောင်းကို လေ့လာနိုင်သကဲ့သို့ ကွဲပြားစုံလင်မှုကို အသိအမှတ်ပြုကာ ယင်းကိုနိုင်ငံ၏ ပင်မအင်အားအဖြစ်ပြောင်းလဲ အသုံးချနိုင်မည် ဖြစ်သည်။*

မေးခွန်း ၁၀။ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်း လူ့အသိုက်အဝန်းနှင့် ဒေသခံပြည်သူများအတွက် အဘယ်ကြောင့် အရေးပါသနည်း။

အဖြေ။ *ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုသည် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးကို ဦးတည်ပြီး ဒေသတွင်းရပ်ရွာလူထု၏နေထိုင်ရပ်တည်မှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ပါသည်။ ဒေသခံများ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုနှင့် ၎င်းတို့၏ လူ့စွမ်းအားရင်းမြစ်များကိုအားပေးအားမြှောက်ပြုခြင်းသည် ၎င်းတို့၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် နေထိုင်မှုဘဝများကို တိုးတက်လာစေနိုင်ပါသည်။*

မေးခွန်း ၁၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှု စီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) ၏ ပဓာနကျသော တန်ဖိုးများမှာ အဘယ်နည်း။

အဖြေ။ *မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) အတွင်း၌ ဒေသတွင်းဖွံ့ဖြိုးမှုလိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်း၊ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များကို ပြည့်မီအောင်လုပ်ဆောင်ခြင်းဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူ လူထုဦးတည်သော၊ အားလုံးအကျုံးဝင်ပါဝင်နိုင်သော၊ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိသော၊ ပဋိပက္ခအလေးပေးဆောင်ရွက်သော၊ ဒီမိုကရေစီနည်းကျသော ကိုင်တွယ်ဖြေရှင်းနည်းများ ထည့်သွင်းရေးဆွဲထားပါသည်။*

မေးခွန်း ၁၂။ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံး၏ ကာလရှည် စဉ်ဆက်မပြတ် တိုးတက်မှုအတွက် အဘယ်ကြောင့် အရေးပါသနည်း။

အဖြေ။ *မြန်မာနိုင်ငံသည် နိုင်ငံရေးအသွင်ကူးပြောင်းပြီးချိန်မှစ၍ စီးပွားရေးအရ အင်အားကောင်းလာစေရန် ကြိုးပမ်းနေသည့်အလျောက် ဒေသတွင်းစီးပွားရေးနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းလာအောင် မြှင့်တင်ပေးခြင်းသည် အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် နည်းလမ်းများအနက်မှ တစ်ခုအဖြစ် သတ်မှတ်ခံထားရပါသည်။ ဆင်းရဲနွမ်းပါးခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းတို့သည် နိုင်ငံမှရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှု နှစ်ရပ်ဖြစ်၍ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု (LED) မဟာဗျူဟာများသည် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ဆင်းရဲ*

*နွမ်းပါးမှု တိုက်ဖျက်ရေးတို့ကို အဓိက အသားပေးထားပါသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု (LED) သည် စဉ်ဆက်မပြတ် တိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများနှင့် လူ့အဖွဲ့အစည်း၏ ပြည့်စုံကောင်းမွန်စွာနေထိုင်နိုင်မှု အညွှန်းကိန်းများ မြင့်မားရေးအတွက် အဓိကသော့ချက်ပင် ဖြစ်ပါသည်။ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု (LED) သည် ဒေသတွင်း ရပ်ရွာလူထုအလိုက် သာလွန်ကောင်းမွန်သည့် အားသာချက်များအပေါ်နှင့် တမူထူးခြားသည့် လက္ခဏာရပ်များအပေါ် အခြေခံတိုးမြှင့် လုပ်ဆောင်ပေးခြင်းဖြင့် အလုပ်အကိုင်များကို ဖန်တီးပေးခြင်းကို အလေးပေးထား ပါသည်။*

မေးခွန်း ၁၃။ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများမှာ မည်သည်တို့ ဖြစ်သနည်း။

အဖြေ။ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများသည် ဒေသခံ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ၎င်းတို့၏လူမှုဘဝများ မြင့်မားလာစေရန် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ၎င်းတို့၏ရင်းမြစ်များ ပေါင်းစပ်အသုံးချမှုကို အားပေးမှု ပြုပါသည်။

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ဒေသတွင်း အမွေအနှစ်နေရာများနှင့် ဒေသတွင်း အထင်ကရနေရာများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ကျွန်ုပ်တို့၏ အမျိုးသားအမွေအနှစ်နှင့် သမိုင်းကြောင်းတို့ကို စောင့်ထိန်းရာတွင် အလွန်အရေးပါလှပါသည်။ ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်မွမ်းမံခြင်းသည် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် နှစ်ရပ်လုံးကို အကာအကွယ်ပြုခြင်းနှင့် ထိန်းသိမ်းခြင်းတို့ အပေါ်တွင် အလေးပေးဆောင်ရွက်ပါသည်။ သမိုင်းဝင်အရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အဆိုပါသမိုင်းကြောင်းနှင့် ဆက်စက်နေသည့် လူ့အသိုက်အဝိုင်း၊ လူထုတို့၏ မြစ်ဖျားခံရာသမိုင်းကြောင်း အဆက်အနွယ်တစ်ရပ်ကို ပံ့ပိုးပေးနိုင်ရုံသာမက နောက်နောင်တွင်လည်း ရပ်ရွာလူထုနှင့် နိုင်ငံတော်အတွက် စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိမှုတွင် ပါဝင်ပတ်သက် လွှမ်းမိုးမှုရှိနိုင်ပါသည်။
- ပွဲတော်များဆိုသည်မှာ လူသားတို့၏ အမွေအနှစ်၊ ယဉ်ကျေးမှု၊ ရိုးရာများကို ဆင်နွှဲရန်နှင့် အသိအမှတ်ပြုကြောင်းပြရန် ဖော်ပြသည့်နည်းလမ်းတစ်မျိုး ဖြစ်သကဲ့သို့ အမျိုးသားရေးရာဖြစ်စေ၊ ယဉ်ကျေးမှုရေးရာဖြစ်စေ၊ တိုင်းရင်းသားရေးရာဖြစ်စေ၊ ကိုးကွယ်ယုံကြည်မှု ခံယူချက်များအပေါ်ဖြစ်စေ ထင်ဟပ်မြင်တွေ့နိုင်သော ပွဲများဖြစ်ကြသည်။
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP၊ ၂၀၁၈ - ၂၀၃၀) သည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို အောင်မြင်ရရှိနိုင်ရေးတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဒေသတွင်းစီးပွားရေးများ၏ အရေးပါမှုအပေါ် အလေးပေးထားပါသည်။
- တစ်ရွာ ထုတ်ကုန်တစ်မျိုး (OVOP) လုပ်ရှားမှုဆိုသည်မှာ ဒေသတွင်းအဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာ အဆင့်အထိပါ ရောင်းချနိုင်သည့် ထုတ်ကုန်များကို ဖန်တီးထုတ်လုပ်ရာတွင် ကျေးလက်ဒေသ/ ဒေသတွင်းနေ ရပ်ရွာလူထုများက ကိုယ်ထူကိုယ်ထအားထုတ်မှုဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။ ယင်းသည် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို သေချာစေမည့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများအနက်မှ တစ်ချက်ဖြစ်ပါသည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် ကျောင်းသားများအား တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အယူအဆများကို ဒေသတွင်း/ သမိုင်းဝင် အထင်ကရနေရာများ၊ ဝတ်စုံနှင့် ယဉ်ကျေးမှုများ အပေါ် အထူးအလေးအနက်ထား၍ မိတ်ဆက်တင်ပြခဲ့ပြီး ဖြစ်ပါသည်။ OTOP/ OVOP ဒေသ ထွက်ကုန်သဘောတရားကို အာဆီယံဥပမာများဖြင့်လည်း ရှင်းလင်းတင်ပြထားပါသည်။ ကျောင်းသားများသည် ဤမေးခွန်းများကို ဆွေးနွေးနိုင်ရပါမည်။

၁။ သမိုင်းဝင်အမွေအနှစ်နေရာများ၏ အရေးပါပုံမှာ အဘယ်နည်း။

၂။ မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့အမွေအနှစ်နေရာများနှင့် စပ်လျဉ်းသည့် သာဓကများမှာ မည်သည်တို့ဖြစ်ပြီး ယင်းတို့သည် ကမ္ဘာလုံးအတိုင်းအတာ၊ တစ်နိုင်ငံလုံး အတိုင်းအတာ၊ နိုင်ငံတွင်းရှိ ပြည်သူလူထုနှင့် ဒေသခံပြည်သူများအတွက် မည်သည့်အတွက်ကြောင့်အရေးပါသနည်း။

၃။ ရိုးရာပွဲတော်များသည် ဒေသတွင်း ယဉ်ကျေးမှုကို သိရှိနားလည်မှုနှင့် စပ်လျဉ်း၍ မည်သည့်အတွက်ကြောင့် အရေးပါပါသနည်း။

၄။ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဘယ်ကြောင့် တန်ဖိုးထား ကြပါသနည်း။

၅။ မြန်မာနိုင်ငံအတွင်း OVOP အပါအဝင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တွေ့ကြုံရသော အဓိက အခွင့်အလမ်းများနှင့် အခက်အခဲများမှာ မည်သည်တို့ ဖြစ်သနည်း။

၆။ မြန်မာနိုင်ငံ၏ ဒေသတွင်းစီးပွားရေးကို ကျွန်ုပ်တို့အနေဖြင့် မည်သို့ခိုင်မာအားကောင်း အောင် လုပ်ဆောင်နိုင်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ


Association of Myanmar Architects. (2012). *30 heritage buildings of Yangon: Inside the city that captured time.* Chicago, IL: Serindia Publications.

Barnes, T. (1999) *The Kingfisher book of religions: Festivals, ceremonies, and beliefs from around the world.* New York, NY: Kingfisher.

BBC Burmese. (2019, September 12). *[Over 300 Myanmar students compete in local jaggery making']* [Facebook status update]. Retrieved from https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

Blair, J. P., & Carroll, M. C. (2008). *Local economic development: Analysis, practices, and globalization* (2nd ed.). Thousand Oaks, CA: Sage Publications.

Condra, J. (Ed.). (2013). *Encyclopedia of national dress: Traditional clothing around the world.* Santa Barbara, CA: ABC-CLIO.

Go Myanmar Tours. (2020). *Myanmar World Heritage Sites*. Retrieved from https://www.gomyanmartours.com/myanmar-world-heritage-sites/

Insight Guides. (2018). *Myanmar*. London, England: Insight Guides.

James, J., Thomas, G., & Zatko, M. (2015). *The Rough Guide to Myanmar (Burma)* (1st ed.). London, England: Rough Guides.

Kurokawa, K., Tembo, F., & te Velde, D.W. (2010). *Challenges for the OVOP movement in Sub-Saharan Africa (Insights from Malawi, Japan and Thailand).* Retrieved from https://www.files.ethz.ch/isn/116727/2010-04_Challenges-for-the-OVOP.pdf

Natsuda, K., Igusa, K., Wibbonpongse, A., & Thoburn, J. (2012). One village One product – rural development strategy in Asia: The case of OTOP in Thailand. *Canadian Journal of Development Studies, 33,* 369-385.

Reid, R., & Grosberg, M. (2005). *Myanmar (Burma)* (9th ed.). London, England: Lonely Planet.

Richmond, S., Bush, A., Eimer, D., Elliott, M., & Ray, N. (2014). *Myanmar (Burma)* (12th ed.). London, England: Lonely Planet.

Shway Yoe. (1963). *The Burman, his life and notions.* New York, NY: Norton.

Thomas, G. (2017). *The Rough Guide to Myanmar (Burma)* (2nd ed.). London, England: Rough Guides.

Tun, S. (2016). *Village development part 1.* Monywa Gazzette

Underhill, A. P., & Salazar, L. C. (Eds.). (2016). *Finding solutions for protecting and sharing archaeological heritage resources.* Cham, Switzerland: Springer.

United Nations Scientific, Cultural and Educational Organization. (2017). *World Heritage Sites: A complete guide to 1073 UNESCO World Heritage sites* (8th ed). Richmond Hill, Ontario, Canada: Firefly Books.

Yangon City Development Council. (n.d.). *Introduction of Myanma festivals.* Retrieved from https://www.ycdc.gov.mm/content.php?yangon=Festivals

# အခန်း ၃

## စိုက်ပျိုးရေးလုပ်ငန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးပေါ်တွင် အဓိက မှီတည်နေသည်။ စိုက်ပျိုးရေးကဏ္ဍသည် တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်လာမှုနှင့် နိုင်ငံအနာဂတ် ရေရှည်တည်မြဲရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ (၇၀) ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ စိုက်ပျိုးရေးကဏ္ဍတွင် အသိပညာဗဟုသုတနှင့် နည်းပညာ လိုအပ်ချက်တို့ရှိနေပြီး အထူးသဖြင့် ကျေးလက်ဒေသများ၌ ယင်းတို့မှာ ပိုမိုလိုအပ် နေသည်။ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ကျေးလက်ဒေသရှိ လယ်သမားများကို ပညာပေးရန် ကြိုးစားလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အရေးပါမှုကိုကြည့်လျှင် စိုက်ပျိုးရေးဆိုင်ရာ ပညာရေးသည် အဓိက ဦးစားပေး ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရာတွင် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းပါ စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများကို ဆရာများနှင့် ကျောင်းသားများအား မိတ်ဆက်ပေးခြင်းသည် နောင်လာမည့် မျိုးဆက်အတွက် လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက် ရေးအတွက်အလွန်အရေးကြီးသည်။ ဤအခန်းသည် အခြေခံစိုက်ပျိုးရေးဆိုင်ရာ သိပ္ပံကျွမ်းကျင်မှု များကို နားလည်ရန်နှင့် မြန်မာနိုင်ငံရှိ အခြေခံပညာရေးကျောင်းများတွင် ဘာသာရပ်အဖြစ် သင်ကြားရန် အထောက်အကူပြုလိမ့်မည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာနိုင်ငံအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံကို ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအလိုက်တွေ့ရှိရသော ဒေသထွက်သီးနှံများကို ဖော်ပြပြောဆိုတတ်မည်။
- လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ဖော်ထုတ်တတ်မည်။
- ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေ ပြဿနာများနှင့် ၎င်းအချဉ်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။
- အငန်ပေါက်မြေပြဿနာအမျိုးအစားနှင့် ၎င်းအငန်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ရှင်းပြတတ်မည်။
- စိုက်ပျိုးရေးလုပ်ငန်း၌ သဘာဝမြေသြဇာများ၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို သိုလှောင်ပုံနှင့် အသုံးချပုံကို ဖော်ပြတတ်မည်။
- ရိုးရှင်းသော ကိုင်းဆက်ကူးနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။

## ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားဘာသာရပ်အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာနည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ဂ) (၁.၄) ပညာရေးဆိုင်ရာရင်းမြစ်များကို သုံးစွဲရာတွင် တာဝန်ရှိကြောင်း၊ တာဝန်ခံကြောင်း ပြသသည်။

# ၃.၁။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း

ဤအခန်းငယ်သည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုဆိုင်ရာ အခြေခံသတင်းအချက်အလက်နှင့် ဗဟုသုတများကို ပံ့ပိုးပေးသည်။ ဤအခန်းမှ ရရှိသော ဗဟုသုတများသည် အခြေခံပညာကျောင်းသားများအား သင်ကြားရာတွင် အထောက်အကူပြုလိမ့်မည်။

## ၃.၁.၁ | စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံအတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံကို ရှင်းပြတတ်မည်။
- မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများအလိုက်တွေ့ရှိရသော ဒေသထွက်သီးနှံများကို ဖော်ပြပြောဆိုတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများတည်ဆောက်ပေးရန် အဓိကသဘောတရား အယူအဆများ၊ အခြေခံမှုများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ -** ပြန်လည်သုံးသပ်ခြင်း၊ တွေး - တွဲ - မျှဝေ သင်ယူခြင်း၊ တင်ပြခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ အကြောင်းအရာ ဆက်သွယ်ပြပုံစံ။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်း -** အမေးအဖြေကဏ္ဍ၊ တင်ပြခြင်း၊ ကြည့်ရှုလေ့လာမှုပြုခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားကိုင် စာအုပ်ဖတ်ရှုခြင်း၊ သင့်အနေဖြင့် မြန်မာနိုင်ငံမြေပုံကြီးတစ်ခုကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါမည်။ ကျောင်းသားများအနေဖြင့် သင်ခန်းစာမသင်ကြားမီ မိမိတို့၏ ကျောင်းသားကိုင် စာအုပ်များအတွင်းရှိ သင်ခန်းစာ (၃.၁.၁) ကို ဖတ်ရှုထားသင့်ပါသည်။

**လိုအပ်သော ရင်းမြစ်များ -** မာကာ၊ ကားချပ်ကြီး၊ မြန်မာနိုင်ငံမြေပုံကြီး။

**သင်ယူမှုလုပ်ငန်း (၁)။ ပြန်လည်သုံးသပ်ခြင်း - မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါမှုကို သိရှိနားလည်ခြင်း (၁၅ မိနစ်)**

၁။ ကျောင်းသားများအတွက် စိုက်ပျိုးရေးလုပ်ငန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယင်း၏ အခွဲများကို ပြန်လည်ဆန်းစစ် ပြပါ။

၂။ ကျောင်းသားများကို အောက်ပါမေးခွန်းများ ဖြေဆိုခြင်းဖြင့် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေးလုပ်ငန်း၏ အရေးပါပုံအပေါ် နှစ်ယောက်တစ်တွဲ ပြန်လည်သုံးသပ်ခိုင်းပါ။

(က) စိုက်ပျိုးရေးလုပ်ငန်းကို အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အဘယ်နည်း။ ၎င်း၏အခွဲများနှင့်ပတ်သက်သည့် သာဓကများမှာ မည်သည်တို့ ဖြစ်ကြသနည်း။

(ခ) မြန်မာနိုင်ငံအတွင်းနှင့် ရပ်ရွာအသိုက်အဝန်းများ အတွင်း၌ စိုက်ပျိုးရေးလုပ်ငန်း၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ ယင်းသည် မည်သည့်အတွက်ကြောင့် အရေးပါရပါသနည်း။

၃။ အဆိုပါအတွဲများအနက်မှ အချို့ကို ၎င်းတို့၏ ပြန်လည်သုံးသပ်ချက်များနှင့် ဆွေးနွေးထားချက်များကို တင်ပြခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ မိမိတို့၏ အတန်းဖော်အတွဲများဖြင့် ဆွေးနွေးနေခြင်းကို အတန်းအတွင်း လှည့်လည်ပြီး လေ့လာကြည့်ရှုပါ။ သင့်အနေဖြင့် ကျောင်းသားများ၏ တင်ပြခြင်းကို ကြည့်ရှုပြီး နောက်ဆက်တွဲ မေးခွန်းများ မေးမြန်းခြင်းဖြင့် ကျောင်းသားများ၏ သိရှိနားလည်မှုကို စစ်ဆေးနိုင်ပါသည်။

## ကျောင်းသားများထံမှ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များအတွင်းရှိ သင်ခန်းစာ (၃.၁.၁) အပေါ်တွင်အခြေခံပြီး ဖြေဆိုခြင်းမျိုး ဖြစ်သင့်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ အကြောင်းအရာဆက်သွယ်ပြမြေပုံ - သက်ဆိုင်ရာ တိုင်းဒေသကြီး၏ ဒေသထွက်သီးနှံများကို ပုံဖော်ပြခြင်း (မိနစ် ၃၀)

၁။ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ စာပိုဒ်ကို ကိုးကား၍ "မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၏ လက်ရှိအခြေအနေ"ကို ကျောင်းသားများအား ရှင်းပြပါ။

၂။ ကျောင်းသားများကို အုပ်စုငယ်များအဖြစ် ခွဲပေးပါ။ အုပ်စုများကို ၎င်းတို့ဒေသအတွင်းစိုက်ပျိုးနေသော ဒေသတွင်း စိုက်ပျိုးရေးသီးနှံများအကြောင်း စဉ်းစားရန်အတွက်ပြုလုပ်ရန် အချိန်အနည်းငယ်ပေးပါ။

၃။ ကျောင်းသားများအနေဖြင့် အဆိုပါသီးနှံများကို ကားချပ်ကြီးပေါ်ရှိ အကြောင်းအရာဆက်သွယ်ပြပုံစံ အသုံးပြုပြီး ဉာဏ်ဖွင့်ဆွေးနွေးသင့်ပါသည်။ ကျောင်းသားများအနေဖြင့် သီးနှံအုပ်စုများ၏ အမည်ကိုရေးသားခြင်းသော်လည်းကောင်း၊ သီးနှံပုံများ ရေးဆွဲခြင်းသော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။

၄။ ၎င်းတို့၏ အကြောင်းအရာဆက်သွယ်ပြပုံကို တစ်တန်းလုံးထံတင်ပြရန် အုပ်စုတစ်စုချင်းစီကို စေခိုင်းပါ။ သင်ပုန်းပေါ်တွင် မြန်မာနိုင်ငံမြေပုံကြီးတစ်ခုကို ပြင်ဆင်ထားပေးပါ။ အုပ်စုတစ်စုချင်းစီက တင်ပြနေစဉ်အတွင်း ၎င်းတို့သည် မိမိတို့၏

အကြောင်းအရာဆက်သွယ်ပြပုံကို မြန်မာနိုင်ငံမြေပုံပေါ်ရှိ သက်ဆိုင်ရာနေရာတွင် ကပ်သွားသင့်ပါသည်။

၅။ ကျောင်းသားများ၏ စိတ်ကူးအကြံဉာဏ်များအပေါ် မှတ်ချက်ပြု၊ ထပ်ဆောင်း ပေါင်းထည့်ပေးခြင်း ပြုပေးပါ။

၆။ ကျောင်းသားများကို တိုင်းဒေသကြီး တစ်ခုချင်းစီ၏ အဓိကစိုက်ပျိုးသီးနှံများကို နှစ်ယောက်တစ်တွဲ လိုက်လံကြည့်ရှုခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် ၎င်းတို့၏ ဒေသတွင်းရှိ စိုက်ပျိုးရေးသီးနှံများအကြောင်း သိရှိမှု ရှိ/မရှိကို ၎င်းတို့၏ အကြောင်းအရာဆက်သွယ်ပြပုံများကို စစ်ဆေးခြင်းနှင့် အုပ်စုအလိုက် ဆွေးနွေးမှု၊ တစ်တန်းလုံး ဆွေးနွေးမှုများကို လေ့လာကြည့်ရှုခြင်းအားဖြင့် စစ်ဆေးအကဲ ဖြတ်ပါ။

သင့်အနေဖြင့် "မြန်မာနိုင်ငံရှိ အဓိက သီးနှံများမှာ မည်သည်တို့ ဖြစ်ကြသနည်း" ကဲ့သို့သော နောက်ဆက်တွဲမေးခွန်းများကို မေးမြန်းနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်များ အတွင်းရှိ သင်ခန်းစာ (၃.၁.၁) ရှိ အချက်အလက်များနှင့် ၎င်းတို့၏ရှိပြီး အသိပညာများ၊ အတွေ့အကြုံ များအပေါ်အခြေခံ၍ ဖြေဆိုခြင်းမျိုး ဖြစ်သင့်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူ ပြုပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြု ပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများ အား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည်ဆွေးနွေးပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ**

မေးခွန်း ၁။ "စိုက်ပျိုးရေးလုပ်ငန်း" ဟူသည့်ဝေါဟာရကို မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုမည်နည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် လယ်လုပ်ခြင်း၊ မြေယာပြုပြင်ခြင်းနှင့် သီးနှံများပျိုးထောင်ခြင်းတို့နှင့် ဆက်စပ်နေသော သိပ္ပံပညာရပ် (သို့မဟုတ်) အတတ်ပညာ (သို့မဟုတ်) အလုပ်အကိုင်ဟု ဖြေဆိုနိုင်ပါသည်။ အဆိုပါလုပ်ငန်းတွင် အစာကျွေးခြင်း၊ သားငါးတိရစ္ဆာန်များ သားဖောက်ခြင်းနှင့် မွေးမြူပျိုးထောင်ခြင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် လယ်ယာလုပ်ငန်း အစရှိသည်တို့ ပါဝင်နိုင်ပါသည်။*

မေးခွန်း ၂။ စိုက်ပျိုးရေးလုပ်ငန်း၏ ကဏ္ဍခွဲများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

အဖြေ။ *ကျောင်းသားများ၏အဖြေများသည်ယင်းတွင်-လယ်ယာလုပ်ငန်း၊ဥယျာဉ်လုပ်ငန်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ ရေလုပ်ငန်းသိပ္ပံ၊ စိုက်ပျိုးရေး အင်ဂျင်နီယာနှင့် အိမ်တွင်းမှု သိပ္ပံဟူ၍ ကဏ္ဍခွဲခုနစ်ခု ရှိပါသည်ဟု ဖြေဆိုသင့်ပါသည်။*

မေးခွန်း ၃။ ဒေသတွင်းတွင် တွေ့ရှိနိုင်သည့် စိုက်ပျိုးရေးသီးနှံများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ ပုံ (၃.၂) - မြန်မာနိုင်ငံအတွင်းရှိ သီးနှံများပြမြေပုံကို ကိုးကား၍ ဖြေဆိုခြင်းမျိုးဖြစ်သင့် ပါသည်။*

# ၃.၂။ အပင်နှင့် မျိုးစေ့များ

ဤအခန်းငယ်သည် အခြေခံပညာကျောင်းသားများကို သင်ကြားရာရေးနှင့် ပတ်သက်သည့် အပင်အမျိုးအစားများ၏ အခြေခံဗဟုသုတအုတ်မြစ်ကို ကျောင်းသားများအား မိတ်ဆက်ပေးထားပါသည်။ ၎င်းသည် အခြေခံပညာ အလယ်တန်းအဆင့်ရှိ စိုက်ပျိုးရေး သင်ခန်းစာများနှင့်သင်ကြားရေးတွင်သိထားရန် အရေးကြီးသော လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား အဓိကကွာခြားချက်များကို အလေးပေးဖော်ပြ ထားသည်။ နောက်လာမည့်အပိုင်းသည် ယခင်ကဏ္ဍများထက် ပိုမို၍ ပညာရပ်ဆန်မည်ဖြစ်သည်။

## ၃.၂.၁ | အပင်များကိုအမျိုးအစားခွဲခြားခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကိုဖော်ထုတ်တတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိကအသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် အဓိကသဘောတား အယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ဟောပြောပို့ချခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တွေး-တွဲ-မျှဝေသင်ယူခြင်း၊ ဉာဏ်ဖွင့် ဆွေးနွေးခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်း** - အမေးအဖြေကဏ္ဍ၊ ကြည့်ရှုလေ့လာခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများနှင့် စပ်လျဉ်းသော ဟောပြောပို့ချမှု အတိုတစ်ခု ကြိုတင်ပြင်ဆင်ထားပါ။ ကျောင်းသား များအနေဖြင့် ဤသင်ခန်းစာ မသင်ကြားမီ သင်ခန်းစာ (၃.၁.၁) ကိုဖတ်ရှုထားပြီး ဖြစ်သင့်ပါသည်။ ဇယား (၃.၁) အတွက် အဖြေပါကတ် (၂၈) ကတ်။

**လိုအပ်သော ရင်းမြစ်များ** - မာကာ၊ ကားချပ်ကြိုး၊ တိပ် (သို့မဟုတ်) နှစ်ဖက်ကပ် တိပ်ပြာတုံး။

## သင်ယူမှုလုပ်ငန်း (၁)။ တွေး-တွဲ-မျှဝေ သင်ယူခြင်း - လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများကို သိရှိနားလည်ခြင်း (၄၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်အတွင်းရှိ သင်ခန်းစာ (၃.၂.၁) ရှိ အချက်အလက်များအပေါ် အခြေခံပြီး လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြောင်း ဟောပြောပို့ချချက် အတိုတစ်ခု ပြင်ဆင်ပါ။

၂။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ လုပ်ဆောင်ခိုင်းပါ။ ၎င်းတို့သည် မိမိတို့၏ ကျောင်းသားကိုင်စာအုပ်များအတွင်းရှိ 'လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများ' အပိုင်းကို ပြန်လည်ဖတ်ရှုထားသင့်ပြီး အောက်ပါမေးခွန်းများကို ဖြေဆိုရန် တွေးဆ ထားသင့်ပါသည်။

(က) မည်သည်တို့သည် လယ်ယာသီးနှံများ ဖြစ်ကြသနည်း။

(ခ) မည်သည်တို့သည် ဥယျာဉ်ခြံသီးနှံများ ဖြစ်ကြသနည်း။

(ဂ) ၎င်းတို့၏ တစ်ခုနှင့်တစ်ခုအကြားတွင် မည်သည့်တူညီချက် (သို့မဟုတ်) ကွဲပြားချက်များ ရှိပါသနည်း။

၃။ ကျောင်းသားများသည် အဆိုပါမေးခွန်းများအတွက် အဖြေများကို ၎င်းတို့၏ အတန်းဖော်အတွဲများဖြင့် ဆွေးနွေးသင့်ပါသည်။

၄။ ထို့နောက် ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင် စာအုပ်များအတွင်း ရှိ ဇယား (၃.၁) ကို ကြည့်ရှုခိုင်းပါ။ ၎င်းတို့အနေဖြင့် လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံ သီးနှံများအကြား ကွာခြားချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါမည်။

၅။ သင့်အနေဖြင့် အဖြေပါကတ် ၂၈ ကတ် (နောက်ဆက်တွဲ ၁ တွင်ကြည့်ရန်) စုစည်းမှု တစ်ခု ပြင်ဆင်ထားရပါမည်။ ၎င်းတို့ကို သင်ပုန်းပေါ်တွင် ကျပန်း အစဉ် အနေအထား ဖြင့် ကပ်ထားပါ။ အဖြေပါကတ်များသည် အုပ်စုများက ဖတ်ရှုနိုင်သည့်အနေအထား အထိကြီးကြောင်း သေချာပါစေ။ မျက်နှာစုံညီဆွေးနွေးပွဲအတွက် ကားချပ်ကြီးများ ပေါ်တွင်ဇယား (၃.၁) ၏ အကြီးစားဗားရှင်းတစ်ခုကိုလည်း ပြင်ဆင်ထားရန် လိုအပ် ပါမည်။

၆။ ကျောင်းသားများကို မိမိတို့၏ ကားချပ်ကြီးများပေါ်တွင် ဇယား (၃.၁) ကို နှစ်ယောက်တစ်တွဲရေးဆွဲရန် စေခိုင်းပါ။

၇။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲဆွေးနွေးနိုင်ရန် အချိန်ပေးပါ။ ၎င်းတို့ အနေဖြင့် မိမိတို့၏ ကားချပ်ကြီးများပေါ်ရှိဇယားများကို ဖြည့်စွက်သင့်ပါသည်။

၈။ ကျောင်းသားများကို လိုအပ်လျှင် လိုအပ်သလို အကူအညီပေးပါ။ အကယ်၍ ၎င်းတို့သည် အချို့သောစံနှုန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိပါက သုတေသနပြုရန် အားပေးပါ။

၉။ ဇယားများကို ဖြည့်စွက်ပြီးပါက ကျောင်းသား (၆) ဦးပါ အုပ်စုငယ်များဖွဲ့ရန်အတွက် အတန်းဖော်အတွဲ တစ်တွဲချင်းစီကို အခြားအတန်းဖော် အတွဲနှစ်တွဲဖြင့် ပေါင်းစည်း ဖွဲ့ပေးပါ။ အဆိုပါ အုပ်စုများအတွင်း၌ ကျောင်းသားများသည် ၎င်းတို့ဇယားအတွင်း ဖြည့်စွက်ထားသည့် အဖြေများကို လဲလှယ်စစ်ဆေးခြင်းနှင့် ဆွေးနွေးခြင်းပြုလုပ် သင့်ပါသည်။

၁၀။ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ဇယားများကို လိုအပ်လျှင် လိုအပ်သလို ပြန်လည်ပြင်ဆင်မှု ပြုသင့်ပါသည်။

၁၁။ တစ်တန်းလုံးအနေဖြင့် ဇယားအတွင်း ဖြည့်စွက်ထားသောအဖြေများကို ဆွေးနွေး ခိုင်းပါ။ ကျောင်းသားတစ်ဦးချင်းစီကို မိမိတို့၏ ဇယားအတွက် အဖြေတစ်ခု ပေးခိုင်းပြီး အဆိုပါအဖြေပါကတ်ကို သင်ပုန်းပေါ်ရှိ ကားချပ်ကြီး၏ သက်ဆိုင်ရာ နေရာလွတ်တွင် ထွက်၍ ကပ်ခိုင်းပါ။ ကျောင်းသားများအား ၎င်းတို့ရွေးချယ်ရသည့်

အကြောင်းပြချက်များကိုရှင်းပြခိုင်းပြီး ကျန်အတန်းသားများနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်/မဖြစ် စစ်ဆေးခိုင်းပါ။ အကယ်၍အခြား ကျောင်းသားများ၌ ကွဲပြားသောအဖြေများရှိနေပါက ဆွေးနွေးမှုပြုရန်အားပေးပြီး တုံ့ပြန်အကြံပြုချက်များနှင့် အကြံပေးချက်များပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ ဆွေးနွေးမှုများနှင့် ဖြည့်စွက်ပြီး ဇယားများကို ကြည့်ရှုလေ့လာပါ။ ဇယား (၃.၁) အတွက် အဖြေများကို ဆရာလမ်းညွှန်၏ နောက်ဆက်တွဲ (၁) တွင် တွေ့ရှိနိုင်ပါသည်။

လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များကို ကျောင်းသားများ သိရှိနားလည် သွားစေရန်အတွက် သင်ယူမှုလုပ်ငန်းအဆုံး၌ အမေးအဖြေ ကဏ္ဍတစ်ခု လုပ်ဆောင်ပါ။ သင့်အနေဖြင့် ‘ဥယျာဉ်ခြံသီးနှံများ ထုတ်လုပ်ရာတွင် စိုက်ပျိုးသည့်ယူနစ်ဧရိယာအလိုက် ဝင်ငွေနှုန်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ကွာဟမှုမှာ မည်သို့ရှိသနည်း’ ကဲ့သို့သော နောက်ဆက်တွဲ မေးခွန်းများ မေးမြန်းနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဇယား (၃.၁) အတွက် ကျောင်းသားများ၏ အဖြေများသည် ဆရာလမ်းညွှန်၏ နောက်ဆက်တွဲ (၁) ရှိ အဖြေများနှင့် တူညီသင့်ပါသည်။ မှန်ကန်သောအဖြေများထံ တစ်စိတ်တစ်ဝမ်းတည်း ရောက်ရှိရန်အတွက် အတန်းဖော်အချင်းချင်း ဆွေးနွေးမှုများကို အထောက်အကူပြု၊ အားပေးမှုပြု ပံ့ပိုးပေးပါ။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကိုရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြု ပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြု ပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများအား

ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည်ဆွေးနွေးပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

မေးခွန်း ၁။ လယ်ယာသီးနှံများမှာ မည်သည်တို့ ဖြစ်သနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများတွင် အောက်ပါအချက်များ ပါရှိနိုင်ပါသည်။*
*- လယ်ယာသီးနှံများကို စိုက်ခင်းသီးနှံများဟုလည်း ခေါ်ဆိုကြသည်။ အဓိကလယ်ယာထွက် သီးနှံများတွင် ကောက်ပဲသီးနှံများ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ အမျှင်ဓာတ်ပါသော သီးနှံများ၊ အဖျော်ယမကာချက် သီးနှံများ၊ ကုန်ထုတ်သီးနှံများ အစရှိသည်တို့ ပါဝင်ပါသည်။*

မေးခွန်း ၂။ ဥယျာဉ်ခြံသီးနှံများမှာ မည်သည်တို့ဖြစ်သနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများတွင် အောက်ပါအချက်များ ပါရှိနိုင်ပါသည်။*
*- ဥယျာဉ်ခြံသီးနှံများဆိုသည်မှာ ဥယျာဉ်ခြံထွက်သီးနှံများကို ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့တွင် အသီးအနှံများ၊ အသီးအရွက်များ၊ ပန်းများ၊ အလှဆင်ပင်များ အစရှိသည်တို့ ပါဝင်နိုင်ပါသည်။*

မေးခွန်း ၃။ ၎င်းတို့သည် မည်သို့တူညီကြသနည်း (သို့မဟုတ်) မည်သို့ကွာခြားကြသနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ၎င်းတို့ဖြည့်စွက်ခဲ့သော ဇယား (၃.၁) (နောက်ဆက်တွဲ ၁) ၌ ပါရှိသည့် အဖြေများအပေါ် အခြေခံ၍ ဖြေဆိုခြင်းမျိုး ဖြစ်သင့်ပါသည်။*

# ၃.၃။ မြေဆီလွှာများနှင့် မြေသြဇာများ

ဤအခန်းငယ်သည် ယနေ့မြန်မာနိုင်ငံရှိ စိုက်ပျိုးမြေများ၏ အချို့နေရာများတွင် ဖြစ်ပေါ်လေ့ရှိသော အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်းဆိုင်ရာ အကြောင်းအရာများကို လွှမ်းခြုံထား ပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အထူးသဖြင့် ရင်းမြစ်နည်းပါးသော လယ်သမားများအကြား သတ္တုဒြပ်စင်များ၏ ပင်မရင်းမြစ် ဖြစ်လျက်ရှိသော သဘာဝမြေသြဇာ၏ အသုံးဝင်မှုနှင့် စနစ်တကျ သုံးစွဲတတ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်း မိတ်ဆက်ဖော်ပြထားသည်။

## ၃.၃.၁ | အချဉ်ပေါက်မြေနှင့် အငန်ပေါက်မြေကို ပြုပြင်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဖြစ်ပေါ်နေသော အချဉ်ပေါက်မြေ ပြဿနာများနှင့် ၎င်းအချဉ်ပေါက် မြေအား မည်ကဲ့သို့ပြုပြင်နိုင်မည်ကို ဆွေးနွေးတတ်မည်။
- အငန်ပေါက်မြေပြဿနာ အမျိုးအစားနှင့် ၎င်းအငန်ပေါက်မြေအား မည်ကဲ့သို့ ပြုပြင်နိုင်မည်ကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် အဓိကသဘောထား အယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။

(ဂ) (၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာ အသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ဟောပြောပို့ချခြင်း၊ အုပ်စုဖွဲ့ ဆွေးနွေးခြင်း၊ လက်တွေ့ လေ့ကျင့်ခန်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - အမေးအဖြေများ၊ ကြည့်ရှုလေ့လာခြင်း၊ လက်တွေ့လုပ်ငန်းတာဝန်။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားများသည် ဤသင်ခန်းစာ မတိုင်မီ ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၃.၃.၁) ကို ဖတ်ရှုထားပြီး ဖြစ်သင့်သည်။

**လိုအပ်သော ရင်းမြစ်များ** - မာကာ၊ ကားချပ်ကြီး။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် လက်တွေ့လေ့ကျင့်ခန်း - အချဉ်ပေါက်မြေနှင့် ၎င်းကိုပြုပြင်ခြင်းနည်းလမ်းများ (၂၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်တွင်ပါရှိသော "အချဉ်ပေါက်မြေနှင့် ၎င်းကိုပြုပြင်ခြင်းနည်းလမ်းများ" အကြောင်း စာသားများကို ကျောင်းသားများအား အသေးစိတ်ရှင်းပြပါ။

၂။ ကျောင်းသားများအား အောက်ပါအချက်များကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါ။

(က) အဘယ်ကြောင့် မြေအချဉ်ပေါက်ခြင်း ဖြစ်ပေါ်သနည်း။

(ခ) အချဉ်ပေါက်မြေသည် အပင်များအတွက် မည်သည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေသနည်း။

(ဂ) မြေအချဉ်ပေါက်ခြင်း ပြဿနာကို ကျွန်ုပ်တို့မည်ကဲ့သို့ ဖြေရှင်းနိုင်သနည်း။

၃။ အုပ်စုသုံးစုစီ ပူးပေါင်းစေပြီး ကျောင်းသားခြောက်ယောက်ပါဝင်သော အုပ်စုငယ်များ ဖွဲ့ပါ။

၄။ မတူညီသောမြေသားအနေအထားအမျိုးမျိုးအတွက် မြေချဉ်ငန်ကိန်း (pH) မြှင့်တက်စေမည့် ထုံးဓာတ်လိုအပ်ချက်အကြောင်းကို အုပ်စုငယ်အတွင်းမှ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၃.၃) ကို ဖြည့်စွက်စေပါ။

၅။ ဤလုပ်ငန်းသည် မြေအချဉ်ပေါက်သော အခြေအနေအား ဒေသတွင်း အလွယ်တကူ ရနိုင်သောပစ္စည်း (ထုံးကျောက်) ကို အသုံးပြုခြင်းဖြင့် ဖြေရှင်းသည့်နည်းလမ်းများ အကြောင်းကို ကျောင်းသားများ စဉ်းစားမိစေရန် ရည်ရွယ်သည်။

၆။ အဖြေများကို တစ်တန်းလုံးအနေနှင့် ဆွေးနွေးပြီး တုံ့ပြန်အကြံပြုချက်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ နားလည်သဘောပေါက်ခြင်း ရှိ/မရှိနှင့် မတူညီသော မြေသားအနေအထား အမျိုးမျိုးအတွက် မြေချဉ်ငန်ကိန်း (pH) မြှင့်တက်စေမည့် ထုံးဓာတ်လိုအပ်ချက် အကြောင်းကို တွက်ချက်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါ။

ဇယား (၃.၃) အတွက် အဖြေများမှာ (ဆရာလမ်းညွှန်) နောက်ဆက်တွဲ (၂) တွင် ပါဝင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဇယား (၃.၃) အတွက် ကျောင်းသားများ၏ အဖြေများသည် (ဆရာလမ်းညွှန်) နောက်ဆက်တွဲ (၂) နှင့် ကိုက်ညီသင့်သည်။ ၎င်းတို့၏လုပ်ငန်းကို အထောက်အကူပြုစေရန်အတွက် ဇယား (၃.၂) ပါ အချက်အလက်များကို အသုံးပြုသင့်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ လက်တွေ့လေ့ကျင့်ခန်း - အငန်ပေါက်မြေနှင့် ၎င်းကို ပြုပြင်ခြင်း နည်းလမ်းများ (၂၅ မိနစ်)

၁။ ကျောင်းသားကိုင်စာအုပ်တွင် ပါရှိသော “အငန်ပေါက်မြေနှင့် ၎င်းကို ပြုပြင်ခြင်း နည်းလမ်းများ” အကြောင်း စာသားများကို ကျောင်းသားများအား အသေးစိတ် ရှင်းပြပါ။

၂။ ကျောင်းသားများအား အောက်ပါအချက်များကို နှစ်ယောက်တစ်တွဲဆွေးနွေးစေပါ။

(က) အဘယ်ကြောင့် မြေအငန်ပေါက်ခြင်း ဖြစ်ပေါ်သနည်း။

(ခ) အငန်ပေါက်မြေသည် အပင်များအတွက် မည်သည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေသနည်း။

(ဂ) မြေအငန်ပေါက်ခြင်းပြဿနာကို ကျွန်ုပ်တို့မည်ကဲ့သို့ ဖြေရှင်းနိုင်သနည်း။

၃။ အုပ်စုသုံးစုစီ ပူးပေါင်းစေပြီး ကျောင်းသားခြောက်ယောက်ပါဝင်သော အုပ်စုငယ်များ ဖွဲ့ပါ။

၄။ မတူညီသော မြေသားအနေအထား အမျိုးမျိုးအတွက် မြေချဉ်ငန်ကိန်း (pH) လျော့ကျစေမည့် ဆာလဖာလိုအပ်ချက်အကြောင်းကို အုပ်စုငယ်အတွင်းမှ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၃.၅) ကို ဖြည့်စွက်စေပါ။

၅။ ဤလုပ်ငန်းသည် မြေအငန်ပေါက်သော အခြေအနေအား ဒေသတွင်း အလွယ်တကူ ရနိုင်သောပစ္စည်း (ဂျစ်ပဆမ်နှင့် ဆာလဖာ) ကို အသုံးပြုခြင်းဖြင့် ဖြေရှင်းသည့် နည်းလမ်းများအကြောင်းကို ကျောင်းသားများ စဉ်းစားမိစေရန် ရည်ရွယ်သည်။

၆။ အဖြေများကို တစ်တန်းလုံးအနေနှင့် ဆွေးနွေးပြီး တုံ့ပြန်အကြံပြုချက်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ နားလည်သဘောပေါက်ခြင်း ရှိ/မရှိနှင့် မတူညီသော မြေသားအနေအထား အမျိုးမျိုးအတွက် မြေချဉ်ငန်ကိန်း (pH) လျော့ကျစေမည့် ဆာလဖာလိုအပ်ချက်အကြောင်းကို တွက်ချက်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါ။

ဇယား (၃.၅) အတွက်အဖြေများမှာ (ဆရာလမ်းညွှန်) နောက်ဆက်တွဲ (၂) တွင် ပါဝင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ဇယား (၃.၅) အတွက် ကျောင်းသားများ၏ အဖြေများသည် (ဆရာလမ်းညွှန်) နောက်ဆက်တွဲ (၂) နှင့် ကိုက်ညီသင့်သည်။ ၎င်းတို့၏လုပ်ငန်းကို အထောက်အကူပြုစေရန်အတွက် ဇယား (၃.၄) ပါ အချက်အလက်များကို အသုံးပြုသင့်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ် စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြု ပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြု ပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများ အား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည် ဆွေးနွေးပါ။

## ၃.၃.၂ | သဘာဝမြေသြဇာများ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စိုက်ပျိုးရေးလုပ်ငန်း၌ သဘာဝမြေသြဇာများ၏ တန်ဖိုးကို ဖော်ပြတတ်မည်။
- ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို သိုလှောင်ပုံ နှင့် အသုံးချပုံကို ဖော်ပြတတ်မည်။

### ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင် မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် အဓိကသဘောထား အယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။

(ဂ) (၁.၄.၁) ကျောင်းများအား ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် ရင်းမြစ်များကို ဆီလျော်စွာ အသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှု နည်းလမ်းများ** - ဟောပြောပို့ချခြင်း၊ အကြောင်းအရာ ဆက်သွယ်ပြပုံစံ၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ သုတေသန၊ အင်တာနက်အွန်လိုင်း စာမျက်နှာများ အသုံးပြုခြင်း၊ အုပ်စုဖွဲ့/ နှစ်ယောက်တစ်တွဲ ဆွေးနွေးခြင်း၊ ပြခန်းလှည့်လည်ကြည့်ရှုခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - အမေးအဖြေများ၊ တင်ပြခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားများသည် သင်ခန်းစာ မစတင်မီ (ကျောင်းသားကိုင်စာအုပ်မှ) သင်ခန်းစာ (၃.၃.၂) ကို ဖတ်ရှုထားသင့်သည်။ အင်တာနက် အွန်လိုင်းစာမျက်နှာများကို အသုံးပြုရန်ခက်ခဲလျှင် သဘာဝမြေသြဇာများအကြောင်း သုတေသန အချက်အလက်များ၏ ပုံနှိပ်မိတ္တူအချို့ (စာအုပ်များ၊ ပုံနှိပ်ထားသော သတင်းစာဆောင်းပါးများ၊ ပုံနှိပ်ထားသောသတင်းဆောင်းပါးပါ ဝက်ဘ်စာမျက်နှာများ စသည်ဖြင့်) ကို ပြင်ဆင်ထားသင့်သည်။

**လိုအပ်သော ရင်းမြစ်များ** - မာကာ၊ ကားချပ်ကြီး၊ သဘာဝပစ္စည်းများအကြောင်း ပါဝင်သည့် (အွန်လိုင်း သို့မဟုတ် ပုံနှိပ်ထားသော) သုတေသနအချက်အလက်များ။

## သင်ယူမှုလုပ်ငန်း (၁)။ သုတေသနနှင့် တွေး-တွဲ-မျှဝေ သင်ယူခြင်း - သဘာဝမြေသြဇာများအကြောင်းကို နားလည်သဘောပေါက်ခြင်း (၄၅ မိနစ်)

၁။ မြေသြဇာများနှင့် ၎င်း၏ရင်းမြစ်များကို အတိုချုပ် မိတ်ဆက်ပေးပါ။

၂။ သင်ပုန်းအလယ်တွင် “သဘာဝမြေသြဇာများ၏ အကျိုးကျေးဇူးများ” ဟူ၍ရေးပါ။ ကျောင်းသားများအား ဤအကျိုးကျေးဇူးများအတွက် စိတ်ကူးထင်မြင်ချက်များကို

အတန်းတစ်တန်းလုံးအနေဖြင့် ဉာဏ်ဖွင့်ဆွေးနွေးစေပါ။ ကျောင်းသားများ၏ အကြံပြုချက်များကို အကြောင်းအရာ ဆက်သွယ်ပြပုံစံတစ်ခုအဖြစ် သင်ပုန်းပေါ်တွင် ရေးချပါ။

၃။ သဘာဝမြေသြဇာများအား ၎င်းတို့၏ နားလည်သဘောပေါက်မှု တိုးတက်လာစေရေးအတွက် နှစ်ယောက်တစ်တွဲ သုတေသနပြုရမည်ဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ဤခေါင်းစဉ်အကြောင်းကို အွန်လိုင်းတွင် သုတေသနပြုရန် ကျောင်းသားများကို အားပေးတိုက်တွန်းပါ။ ၎င်းတို့၏ သုတေသနတွင် ဆရာကအထောက်အကူပြုပေးသင့်သည်။

၄။ ကျောင်းသားများသည် အောက်ပါမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် ၎င်းတို့၏ သုတေသနကို တည်ဆောက်သင့်သည် -

(က) မြေသြဇာများ ဆိုသည်မှာ အဘယ်နည်း။

(ခ) မြေသြဇာအမျိုးမျိုးမှာ အဘယ်နည်း။

(ဂ) မြေသြဇာများ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

(ဃ) သဘာဝမြေသြဇာများနှင့် ဓာတ်မြေသြဇာများ၏ တူညီချက်များနှင့် ကွဲလွဲချက်များမှာ အဘယ်နည်း။

(င) ဒေသတွင်း အလွယ်တကူရရှိနိုင်သော သဘာဝမြေသြဇာများ၏ ဥပမာများမှာ အဘယ်နည်း။

(စ) သဘာဝမြေသြဇာများ အသုံးပြုခြင်း၏ တန်ဖိုးများမှာ အဘယ်နည်း။

(ဆ) သဘာဝမြေသြဇာများအား သိုလှောင်ပုံနည်းလမ်းအမျိုးမျိုးမှာ အဘယ်နည်း။

၅။ ဒေသတွင်း အလွယ်တကူရရှိနိုင်သော သဘာဝမြေသြဇာများသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် အဓိကအရေးပါရခြင်း အကြောင်းရင်းကို အထူးအလေးပေးပြီး အထက်ပါမေးခွန်းများ၏ အဖြေများကို ကျောင်းသားများသည် ၎င်းတို့၏ တွဲဖက်နှင့်အတူ ဆွေးနွေးသင့်သည်။

၆။ ကျောင်းသားများသည် ၎င်းတို့၏ သုတေသနတွေ့ရှိချက်များကို တင်ပြရန်အတွက် နှစ်သက်ရာနည်းလမ်းကို ရွေးချယ်နိုင်သည်။ ဥပမာများတွင် စာတမ်းရေးသားခြင်း၊ စကားလုံးများ နှင့်/သို့မဟုတ် ရုပ်ပုံများပါဝင်သော အကြောင်းအရာ ဆက်သွယ်ပြပုံစံ၊ ပိုစတာ၊ လက်ကမ်းစာစောင်ငယ် စသည်တို့ ပါဝင်သည်။

၇။ အုပ်စုတစ်စုစီအား ၎င်းတို့၏တွေ့ရှိချက်များကို တင်ပြခွင့်ပြုပါ။ အုပ်စုအားလုံးသည် ၎င်းတို့၏ လုပ်ငန်းအား မျှဝေကြောင်း သေချာစေရန်အတွက် အချိန်ကို စီမံခန့်ခွဲနိုင်ရန် ပြခန်းလှည့်လှည်ကြည့်ရှုခြင်းကို လုပ်ဆောင်နိုင်ပါသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

တစ်တန်းလုံးအနေဖြင့် ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့် အကြောင်းအရာ ဆက်သွယ်ပြပုံစံတို့ကို (ဆရာလမ်းညွှန်) လက်ကမ်းစာစောင် (၃) အတိုင်း လေ့ကျင့်ခြင်းဖြင့် မြေသြဇာများနှင့် ၎င်းတို့၏ အကျိုးကျေးဇူးများကို နားလည်သဘောပေါက်ခြင်း။

မေးခွန်းများနှင့် ပတ်သက်၍ ၎င်းတို့၏သုတေသနနှင့် ဆွေးနွေးချက်များကို ကြည့်ရှုလေ့လာသင့်သည်။ ကျောင်းသားများ အကြောင်းအရာ နားလည်မှုရှိ/မရှိကို မျက်နှာစုံညီ ဆွေးနွေးရာတွင် အမေးအဖြေပြုလုပ်ခြင်းဖြင့် စောင့်ကြည့်လေ့လာနိုင်သည်။ ဥပမာ -

- မြေသြဇာရင်းမြစ်များမှာ မည်သည်တို့ ဖြစ်သနည်း။
- သဘာဝမြေသြဇာများ၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ သုတေသနများသည် သင်ခန်းစာ (၃.၃.၂) တွင် ၎င်းတို့ဖတ်ရှုခဲ့ရသော အချက်အလက်များအပေါ်တွင် ဖွံ့ဖြိုးတည်ဆောက်ခြင်းမျိုး ဖြစ်ရမည်။ သုတေသနများသည် မေးခွန်းများနှင့် စပ်လျဉ်းမှုရှိရမည်ဖြစ်ပြီး ဖြေကြားချက်များသည် ၎င်းတို့ အတွဲအလိုက် ပြုလုပ်သော သုတေသနအပေါ်မူတည်၍ ကွဲပြားမှုရှိနိုင်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြုပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြု ပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများအား

ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည်ဆွေးနွေးပါ။



**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။**

မေးခွန်း ၁။ မြေများသည် အဘယ်ကြောင့် အချဉ်ပေါက်လာသနည်း။ အချဉ်ပေါက်မြေကို ပြုပြင်နိုင်သည့် နည်းလမ်းကို ရှင်းပြပါ။

အဖြေ။ *ကျောင်းသားများ၏ အဖြေများတွင် ပါဝင်သင့်သည်များမှာ - မြေအတွင်း ဆွေးမြည့်စေသောပစ္စည်းများ ပုပ်သိုးဆွေးမြည့်ခြင်းကြောင့် မြေအချဉ်ပေါက်ခြင်း၊ မိုးရေချိန်များပြားခြင်း (သို့မဟုတ်) အက်စစ်ဖြစ်စေသော မြေဩဇာကို ဆက်တိုက်အသုံးပြုခြင်း။ ထိုပြဿနာကို ပြုပြင်ရန်အတွက် ထုံးဓာတ်ပါဝင်သော ပစ္စည်းကို အချဉ်ပေါက်မြေအား လျှော့နည်းသွားစေရန် အသုံးပြုရမည်။*

မေးခွန်း ၂။ မြေများသည် အဘယ်ကြောင့် အငန်ပေါက်လာသနည်း။ အငန်ပေါက်မြေကို ပြုပြင်နိုင်သည့်နည်းလမ်းကို ရှင်းပြပါ။

အဖြေ။ *ကျောင်းသားများ၏ အဖြေများတွင် ပါဝင်သင့်သည်များမှာ - ဆိုဒီယမ်ဆားများ ပါဝင်သော ကုန်းမြင့်များတွင် အလွန်အကျွံ ရေသွယ်တန်းဖောက်ခြင်း၊ မိုးခေါင်ရေရှားဒေသများတွင် ရာသီဥတုဒဏ်ကြောင့် မပျော်ဝင်သောဆားများ စုပုံခြင်း၊ ပင်လယ်ကမ်းနီးဒေသများတွင် ပင်လယ်ရေငန်ဝင်ခြင်း၊ ရေမြောင်းစနစ်ညံ့ဖျင်းသော ဆည်ရေသောက်မြေ။ ထိုပြဿနာကို ပြုပြင်ရန်အတွက် ဆာလဖာ မှုန့်ကဲ့သို့သော အက်စစ်ဓာတ် ဖြစ်ပေါ် စေသည့် ဆာလဖာကို အသုံးပြုခြင်းဖြင့် မြေချဉ်ငန်ကိန်း (pH) ကို လျှော့ချရမည်။*

မေးခွန်း ၃။ မြေဩဇာရင်းမြစ်များမှာ မည်သည်တို့ ဖြစ်သနည်း။

အဖြေ။ *ကျောင်းသားများ၏ အဖြေများတွင် - ကြက်ဘဲမွေးမြူရေးခြံမှ အညစ်အကြေးများ၊ ကျွဲနွားတင်းကုပ်မှ အညစ်အကြေးများ၊ နွားချေး၊ သိုးချေး၊ ပဲမျိုးရင်းဝင် သစ်စိမ်း မြေဩဇာများ၊ သစ်ဆွေးမြေဩဇာများ၊ ပြာများ၊ အရိုးစများ၊ ငါးအသားစများ၊ မြေပဲ အခဲတုံး စသည်ဖြင့် ပါဝင်နိုင်သည်။*

မေးခွန်း ၄။ မွေးမြူရေးခြံထွက်မြေဩဇာ(FYM)ဆိုသည်မှာ အဘယ်နည်း။

အဖြေ။ *မွေးမြူရေးခြံထွက်မြေဩဇာ (Farmyard manure - FYM) ဆိုသည်မှာ မွေးမြူရေးတိရစ္ဆာန်များ၏ မစင်နှင့် ကျင်ငယ်တို့ပါဝင်သည့် ပုပ်သိုးဆွေးမြည့်နေသော ဇီဝအရောအနှောများကို ရည်ညွှန်းသည်။*

မေးခွန်း ၅။ မည်သည့် တိရစ္ဆာန်မြေဩဇာတွင် နိုက်ထရိုဂျင်ပါဝင်မှု အမြင့်ဆုံးဖြစ်သနည်း။

အဖြေ။ *ကြက်ဘဲချေး မြေဩဇာသည် အခြားသဘာဝမြေဩဇာများနှင့်ယှဉ်လျှင် နိုက်ထရိုဂျင်နှင့် ဖော့စဖောရပ်ပါဝင်မှု မြင့်သည်။ ပျမ်းမျှပါဝင်သော အာဟာရဓာတ်များမှာ နိုက်ထရိုဂျင် ၃.ဝ၃ ရာခိုင်နှုန်း၊ Phosphorus pentoxid ဖော့စ်ဖရပ်စ် ပန်တောက်ဆိုဒ် ($P_2O_5$) ၂.၆၃ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ်အောက်ဆိုဒ် ($K_2O$ ) ၁.၄ ရာခိုင်နှုန်းတို့ဖြစ်ကြသည်။*

မေးခွန်း ၆။ သဘာဝ မြေဩဇာ၏ ကောင်းမွန်သော လက္ခဏာရပ်များကို ဖော်ပြပါ။

အဖြေ။ *သဘာဝမြေဩဇာ၏ ကောင်းမွန်သော လက္ခဏာရပ်များနှင့် စပ်လျဉ်း၍ ကျောင်းသားများ၏ အဖြေများတွင် - သဘာဝမြေဩဇာသည် မြေဆီလွှာထိခိုက်မှု မဖြစ်စေဘဲ ရေရှည်သုံးစွဲ၍ ရနိုင်ခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုမှုအား လျှော့ချနိုင်ခြင်း၊ အပင်များရှင်သန်ကြီးထွားရေးအတွက်အကျိုးပြုသော အဏုဇီဝပိုးမွှားများ ရှင်သန်နိုင်ခြင်းစသည့်အချက်များ ပါရှိသင့်သည်။*

# ၃.၄။ အပင်မျိုးပွားခြင်း

ဤအခန်းငယ်သည် အပင်မျိုးပွားခြင်းဟုခေါ်သော အပင်များ၏ မျိုးဆက်ပွားမှုစနစ်ကို အတိုချုပ် မိတ်ဆက်ထားပါသည်။ အထူးသဖြင့် ဤအခန်းငယ်သည် အလယ်တန်းကျောင်းရှိ ကျောင်းသားများအား ဥယျာဉ်ခြံအတွင်းရှိ အပင်များကို မျိုးဆက်ပွားရာတွင် အသုံးချမည့် သီးနှံမျိုးပွားခြင်းအချို့နှင့် ပတ်သက်သော လက်တွေ့ကျွမ်းကျင်မှုများရရှိစေရန် ကျောင်းသားများကို လေ့ကျင့်ပေးမည်ဖြစ်သည်။

## ၃.၄.၁ | ကိုင်းဆက်ကူးခြင်းဖြင့် အပင်မျိုးပွားခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ရိုးရှင်းသော ကိုင်းဆက်ကူးနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် လုပ်ငန်းစဉ်ကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိကဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

(က) (၅.၁.၃) အဆင့်အမျိုးမျိုးနှင့် အတန်းအမျိုးမျိုးတွင် တိကျသော ဘာသာရပ်ဆိုင်ရာ အခြေခံများနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် အဓိကသဘောထား အယူအဆများ၊ အခြေခံမူများ၊ သီအိုရီများကို လက်တွေ့ဘဝတွင် အသုံးချနိုင်ရန် ဆက်စပ်ပေးသည်။

(ခ) (၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများမှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေ လေ့လာနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန်တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - ဟောပြောပို့ချခြင်း၊ သရုပ်ပြသင်ကြားခြင်း၊ ဗီဒီယို၊ လက်တွေ့လုပ်ငန်း၊ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - စီမံချက်၊ သရုပ်ပြသင်ကြားခြင်း၊ ကြည့်ရှု လေ့လာခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ** - သင်ခန်းစာမစတင်မီ ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၃.၄.၁) ကို ကြိုတင်ဖတ်ရှုထားသင့်သည်။

**လိုအပ်သော ရင်းမြစ်များ** - ပရိုဂျက်တာနှင့် ပိတ်ကား၊ မျိုးပွားခြင်းအတွက်အသုံးပြုသည့် ကိရိယာများကို သန့်ရှင်းဆေးကြောခြင်း (ကိုင်းဆက်ကူးသည့်အခါသုံးသော ဓားနှင့် လက်ကိုင် ကိုင်းဖြတ်ကပ်ကြေးများ)၊ ကိုင်းဆက်ပင်အဖြစ်အသုံးပြုရန် အတွက် အိုးထဲတွင် စိုက်ထားသောအပင်များ (ဥပမာ - သရက်ပင်) နှင့်မျိုးကိုင်း အတွက်ပစ္စည်းများ။

**သင်ယူမှုလုပ်ငန်း (၁)။ လက်တွေ့လုပ်ငန်း - သပ်သွင်းကိုင်းဆက်မျိုးပွားနည်းကို အသုံးပြု၍ မျိုးပွားခြင်း (၄၅ မိနစ်)**

၁။ ကျောင်းသားများကို အုပ်စုငယ်များ ဖွဲ့ပေးပါ။

၂။ ကျောင်းသားများကို ကိုင်းဆက်ကူးခြင်းအားဖြင့် အပင်မျိုးပွားခြင်း၏ အဓိပ္ပာယ်နှင့် ဆက်စပ် ဝေါဟာရအခေါ်အဝေါ်များကို ရှင်းပြပါ။

၃။ သပ်သွင်းကိုင်းဆက်မျိုးပွားနည်းကိုပြသော ဗီဒီယိုကလစ်ကို ပြသပါ - https://www.youtube.com/watch?v=TL6Y2dIfkCk ၉

၉ Grafting Lesson Official. (2019, March 25). Mango V grafting technique with result (100% success) [Video file]. Retrieved from https://www.youtube.com/watch?v=TL6Y2dIfkCk

၄။ ဗီဒီယိုကလစ်ကို ကြည့်ပြီးချိန်တွင် ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ရှိ နေရာလွတ်တွင် ရိုးရှင်းသောကိုင်းဆက်ကူးနည်း (သပ်သွင်းကိုင်းဆက် မျိုးပွားနည်းများ) ကို အသုံးပြု၍ အပင်များအားမျိုးပွားသည့်ဖြစ်စဉ် အဆင့်ဆင့်ကို ရေးဆွဲစေပါ။ ကျောင်းသားများသည် နည်းလမ်းအကြောင်းကို မိမိတို့၏အဖွဲ့ဝင်များနှင့် ဆွေးနွေးနိုင်သည်။

၅။ ကျောင်းသားကိုင်စာအုပ်မှ အဆင့်ဆင့်ညွှန်ကြားချက်များအတိုင်း သပ်သွင်းကိုင်းဆက် မျိုးပွားနည်းကို အသုံးပြု၍ အပင်မျိုးပွားနည်းကို အိုးထဲရှိအပင် (ဥပမာ - သရက်ပင်) ဖြင့် သရုပ်ပြပြီး ရှင်းပြပါ။

၆။ ကျောင်းသားတစ်ယောက်စီကို သပ်သွင်းကိုင်းဆက် မျိုးပွားနည်းဖြင့် သက်ရှိအပင် တစ်ပင်ကို မျိုးပွားစေပါ။

၇။ ကျောင်းသားများကို လက်တွေ့ညွှန်ကြားချက်များ ပေး၍ လမ်းညွှန်ပါ။

၈။ လေ့ကျင့်ခန်းအပြီးတွင် ကျောင်းသားများကို မိမိတို့တစ်ဆင့်ချင်းစီရေးဆွဲ ထားသော ရုပ်ပုံများကို ပြန်လည်ပြင်ဆင်ရေးဆွဲစေရန်အတွက် ၎င်းတို့၏ အတွေ့အကြုံကို ပြန်လည်သုံးသပ်စေပါ။

၉။ အလယ်တန်းကျောင်းသားများအား သပ်သွင်းကိုင်းဆက်မျိုးပွားနည်း အဆင့်ဆင့်ကို ရှင်းပြနိုင်ရန် အလို့ငှာ ကျောင်းသားတစ်ယောက်စီတိုင်းသည် ရရှိသောအချိန်ပေါ် မူတည်၍ အုပ်စုငယ်များအတွင်းတွင် အုပ်စုငယ်များဖြင့် စမ်းသပ်သင်ကြားခြင်း ပုံစံကို လေ့ကျင့်သင့်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ရိုးရှင်းသော ကိုင်းဆက်ကူးခြင်းနည်းများဖြင့် အပင်မျိုးပွားခြင်းတွင် ပါဝင်သောနည်းလမ်းအကြောင်း ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ကျောင်းသားကိုင်စာအုပ်များထဲတွင် ရေးဆွဲထားသော အဆင့်များကိုကြည့်၍ ဆရာကစစ်ဆေးအကဲဖြတ်နိုင်သည်။ အပင်တစ်ပင်ကို ကျောင်းသားများ မျိုးပွားထားပုံကို ကြည့်၍ ၎င်းတို့၏ အသိပညာဗဟုသုတအား အသုံးချနိုင်ပုံကို ဆရာက အကဲဖြတ် သုံးသပ်နိုင်သည်။ ဆရာသည် အခန်းတွင်း၌ လှည့်လည်ကြည့်ရှုကာ ကျောင်းသားများ၏ အုပ်စုငယ်များဖြင့် စမ်းသပ်သင်ကြားခြင်း ပုံစံအား လေ့ကျင့်နေမှုကို ကြည့်ရှုလေ့လာသင့်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများ၏ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်မှုများသည် ကျောင်းသားကိုင်စာအုပ်များနှင့် ဗီဒီယိုကလစ်များတွင် ဖော်ပြထားသော နည်းလမ်းကို အခြေခံသင့်သည်။ ၎င်းတို့သည် သက်ရှိ အပင်တစ်ပင်ကို သပ်သွင်းကိုင်းဆက်မျိုးပွားနည်းကိုသုံး၍ မျိုးပွားရန်အတွက် ဤနည်းလမ်းကို အသုံးချခြင်းဖြင့် လက်တွေ့စီမံချက်ကို လုပ်ဆောင်သင့်သည်။ ၎င်းတို့၏ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်းပုံစံအား လေ့ကျင့်ခြင်းသည် ဤနည်းလမ်း ပေါ်တွင်သာမက ဤနည်းလမ်းအား အလယ်တန်းကျောင်းသားများအား သင်ကြားရမည့်ပုံနှင့် ပတ်သက်သည့် ၎င်းတို့၏နားလည်သဘောပေါက်မှုပေါ်တွင်လည်း အခြေခံသင့်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ကျောင်းသားများအား ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များကို ပြန်လည်သုံးသပ်စေပါ။ ထိုရလဒ်များကို ရရှိရန်အတွက် ဤသင်ခန်းစာသည် သူတို့အား အထောက်အကူပြုပေးနိုင်ခဲ့ပါသလား။ မည်ကဲ့သို့ အထောက်အကူပြုပေးနိုင်ခဲ့သနည်း။

၂။ ဤသင်ခန်းစာတွင် အလေးပေးထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) မှ တတ်ကျွမ်းမှုများကို ကျောင်းသားများအား ပြန်လည်သတိပေးပါ။

၃။ သင်ခန်းစာ၏ အဓိကအချက်များကို အကျဉ်းချုပ်ပြောပြပါ (သို့မဟုတ်) ပြန်လည်ဆွေးနွေးပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ။**

မေးခွန်း ၁။ “ကိုင်းဆက်ကူးခြင်း၊ မျိုးကိုင်း၊ ပင်စည်ပင်နှင့် အသားတိုးလွှာ” ဟူသော ဝေါဟာရများကို သင်မည်ကဲ့သို့ နားလည်သဘောပေါက်ပါသနည်း။

အဖြေ။ *ကျောင်းသားများသည် ကိုင်းဆက်ကူးခြင်း၊ မျိုးကိုင်း၊ ပင်စည်ပင်နှင့် အသားတိုးလွှာတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စာသားဖလှယ်ပြီး ၎င်းတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ဖော်ပြနိုင်သင့်သည်။ အောက်ဖော်ပြပါ ရှင်းလင်းချက်တို့ ပါဝင်သင့်သည်။*

*ကိုင်းဆက်ကူးခြင်းဆိုသည်မှာ အပင်နှစ်ပင်ကို အတူတကွ ပေါင်းစည်းပေးလိုက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ကိုင်းဆက်၏ အပေါ်ပိုင်း (မျိုးကိုင်း) သည် အပင်၏ ထိပ်ပိုင်း ဖြစ်လာကာ အောက်ပိုင်း (အောက်ခံပင်) သည် အမြစ်အဖွဲ့အစည်း (သို့မဟုတ်) ပင်စည်၏ အပိုင်းတစ်ပိုင်း ဖြစ်လာသည်။*

*မျိုးကိုင်းသည် မျိုးပွားခံအပင်ပိုင်း ဖြစ်သည်။*

*အမြစ်စနစ်ပါသည့် မျိုးကိုင်းအား ပံ့ပိုးပေးသည့် အပင်ကို ကိုင်းဆက်ပင် (သို့မဟုတ်) ပင်စည်ပင်ဟု ရည်ညွှန်းသည်။*

*အသားတိုးလွှာသည် သစ်ခေါက်နှင့် သစ်သားအကြားရှိ ပါးလွှာသောတစ်ရှူးဖြစ်သည်။*

မေးခွန်း ၂။ ကိုင်းဆက်ကူးနည်းဖြင့် မျိုးပွားခြင်းလုပ်ဆောင်ရန်အတွက် မည်သည့်အချိန်သည် အကောင်းဆုံးအချိန် ဖြစ်သနည်း။

အဖြေ။ *အမြဲစိမ်းအပင်များအတွက် ၎င်းကိုလုပ်ဆောင်ရန် အကောင်းဆုံးအချိန်မှာ ကိုင်းဆက်ပင်နှင့် မျိုးကိုင်းများ အသန်ဆုံးအချိန် ဖြစ်သည်။ ရွက်ပြတ်ပင်များအတွက်မူ ပင်စည်ဖူးများ ငုံနေသည့်အချိန်တွင် အကောင်းဆုံးဖြစ်သည်။*

မေးခွန်း ၃။ ရိုးရှင်းသော ကိုင်းဆက်ကူးခြင်းနည်းကို အသုံးပြုခြင်းဖြင့် အပင်အချို့အား မျိုးပွားသည့် ဖြစ်စဉ်များကို ဖော်ပြပါ။

အဖြေ။ *ကျောင်းသားများ၏ အဖြေများသည် ကျောင်းသားကိုင်စာအုပ်များနှင့် ဗီဒီယို ကလစ်များတွင် ဖော်ပြထားသောသည့် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သော နည်းလမ်းကို အခြေခံသင့်သည်။*

# အခန်းဆုံး အနှစ်ချုပ်

## အဓိကအချက်များ

- စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးထောက်တိုင်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည်။ ကျွန်ုပ်တို့နိုင်ငံရှိ လူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသဖြင့် အခြေခံပညာကျောင်းတွင် စိုက်ပျိုးရေးပညာသင်ယူခြင်းနှင့် သင်ကြားခြင်းတို့သည် ကျွန်ုပ်တို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်အတွက် ကြီးမားသော အထောက်အကူ ဖြစ်လိမ့်မည်။
- ဤအခန်းတွင် သင်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ၏ အရေးပါပုံ၊ စိုက်ပျိုးရေးသီးနှံနှင့် ဥယျာဉ်စိုက်ပျိုးသီးနှံများ၏ သဘောသဘာဝ၊ အချဉ်ပေါက်မြေနှင့်အငန်ပေါက်မြေများကို ပြုပြင်ခြင်း၊ ဒေသတွင်းရရှိနိုင်သော တိရစ္ဆာန်ထွက် သဘာဝ မြေသြဇာများကို အသုံးချခြင်း၊ အပင်ရောဂါများနှင့် ၎င်းအားထိန်းချုပ်ပုံ အစီအမံများ၊ အကိုင်းချိုင်ခြင်းနှင့် အပင်ပြုစုပျိုးထောင်ခြင်းစသည့် အရေးပါသော အခြေခံ စိုက်ပျိုးရေးဆိုင်ရာ သင်ခန်းစာများကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

ယခုအခါ ကျောင်းသားများသည် အနာဂတ်တွင် အလယ်တန်းကျောင်းသားများကို သင်ကြားရန် စိုက်ပျိုးရေး၏ အခြေခံသဘောတရားများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများကို လေ့လာ သင်ယူပြီးဖြစ်၍ စိုက်ပျိုးရေးဆိုင်ရာသင်ခန်းစာများနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ လက်တွေ့အသုံးချ စွမ်းရည်နှင့် လက်တွေ့အတွေ့အကြုံများကို အတိုင်းအတာတစ်ခုအထိ တိုးမြှင့်ခဲ့ပြီးဖြစ်သည်။

- ဤအခန်းမှ မည်သည်တို့ သင်ယူခဲ့သည်ကို စဉ်းစားရန် အချိန်အနည်းငယ်ပေးပါ။
- ဤအခန်းတွင် ဖော်ပြထားသောခေါင်းစဉ်များမှာ နည်းပညာဆိုင်ရာ အကြောင်းအရာများဖြစ်ကြသည်။ အလယ်တန်းကျောင်းသားများအား ဤနည်းပညာဆိုင်ရာ အချက်အလက်များအား မည်သို့ထိရောက်စွာ သင်ကြားနိုင်မည်ကို ပြန်လည် သုံးသပ်ပါ။
- အလယ်တန်းကျောင်းသားများကို ထိရောက်စွာ သင်ကြားနိုင်စေရန် သင်၏ အသိပညာ နှင့် ကျွမ်းကျင်မှုများအား မည်ကဲ့သို့ တိုးချဲ့သွားမည်ကို စဉ်းစားပါ။

# ဆက်လက်ဖတ်မှတ်စရာများ

## ၃.၂။

Balasubramanian, A. (2014). *Classification of agricultural crops.* Retrieved from https://www.researchgate.net/

## ၃.၃။

Brady, N. C. (1984). *The nature and properties of soils* (9th ed.). New York, NY: Macmillan.

Brown, L. (2008). *Applied principles of horticultural science* (3rd ed.). Oxford, England: Linacre House.

Chandra, K. (2005). *Organic manures.* Hebbal, India: Regional Centre of Organic Farming.

Cox, L., & Koening, R. (2010). Solutions to soil problems: II. High pH (alkaline soil). Retrieved from https://digitalcommons.usu.edu/

Sutton, A. L., Jones, D. D., Joern, B. C., & Huber, D. M. (2001). *Animal manure as a plant nutrient resource.* Retrieved from https://www.extension.purdue.edu/extmedia/ID/ID-101.html

Upjohn, B., Fenton, G., & Conyers, M. (2005). *Soil acidity and liming.* Retrieved from https://www.dpi.nsw.gov.au/

Whiting, D., Card, A., Wilson, C., & Reeder, J. (2015). *CMG GardenNotes #222.* Retrieved from https://cmg.extension.colostate.edu/Gardennotes/222.pdf

## ၃.၄။

Bilderback, T., Bir, R. E., & Ranney, T. G. (2014, June 30). *Grafting and budding nursery crop plants.* Retrieved from https://www.ces.ncsu.edu/

Hartmann, H. T., Kester, D. E., Davies, F. T., & Geneve, R. L. (2014). *Hartmann and Kester's plant propagation* (8th ed.). Harlow, England: Pearson Education Limited.

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| အပျိုပေါက်/လူပျိုပေါက် | ကလေးဘဝနှင့် အရွယ်ရောက်လူငယ်ဘဝအကြားရှိ ကြီးထွားမှုပိုင်းနှင့် ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာအကူးအပြောင်းကာလကို ဆိုလိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကအသက် ၁၀ နှစ် မှ ၁၉ နှစ် အကြားရှိ လူငယ်တိုင်းကို အပျိုပေါက်/လူပျိုပေါက်ဟုသတ်မှတ်ပါသည်။ |
| ဇီဝဆန့်ကျင်မှု | အထူးသဖြင့် ပင်တွင်းပစ္စည်းနှစ်ခု (သို့မဟုတ်) ထို့ထက်ပိုမိုသော ပင်တွင်းပစ္စည်းများ တုံ့ပြန်မှုဖြစ်စဉ်မှတစ်ဆင့် အဆိုပါဆဲလ်များအနက်မှ တစ်ခုခုက သက်ရှိဆဲလ်များကိုဖြစ်စေ၊ တစ်ရှူးများကိုဖြစ်စေ လျော့ပါးစေသည့် ဇီဝရုပ်ပိုင်းဆိုင်ရာ ဆန့်ကျင်မှုဖြစ်စဉ်။ |
| မြေဆီဓာတ်ပြောင်းလဲမှု ဒဏ်ခံနိုင်စွမ်း | မြေဆီလွှာ၏ ပြောင်းလဲမှုဒဏ်ကို အံတုနိုင်သည့် စွမ်းရည်ဖြစ်သည်။ မြေအချဉ်ပေါက်သည့်အခြေအနေမျိုးတွင် မြေဆီလွှာ၏ pH ပြောင်းလဲသွားမှုကို အံတုနိုင်သည့်စွမ်းရည် ဖြစ်သည်။ |
| သစ်ဥ | အချို့အပင်များ၏ မြေအောက်၌ ပေါက်ရောက်သော လုံးဝန်းသည့် သဏ္ဌာန်ရှိသည့်အစိတ်အပိုင်းဖြစ်ပြီး ယင်းသည် သီးပွင့်ချိန်အတွင်း၌ အပင်သစ်အဖြစ် ဆက်လက်ကြီးထွားသည် (ဥပမာ - ကြက်သွန်နီဥ)။ |
| ဓာတုဆေးဝါးများဖြင့် တာရှည်ထိန်းသိမ်းခြင်း | ဓာတုဗေဒ အစားအသောက် တာရှည်ခံဆေးများမှာ ဇီဝပိုးမွှားငယ်များကို ဖျက်ဆီးတားမြစ်ခြင်းမပြုဘဲ ၎င်းတို့၏ ပေါက်ဖွားမှုနှုန်းကို တုံ့နှေးစေခြင်းဖြင့် သော်လည်းကောင်း၊ ထုတ်လုပ်ချိန်နှင့် ဖြန့်ဖြူးချိန်အတွင်း အရည်အသွေးယိုယွင်းမှုကိုကာကွယ်ပေးခြင်းဖြင့် သော်လည်းကောင်း အခြေအနေတစ်ရပ်တွင် ထိန်းထားပေးနိုင်ရန် အသုံးပြုသည့် ထည့်သွင်းပစ္စည်းများကို ဆိုလိုပါသည်။ |
| စီးပွားရေး ထုတ်ကုန်များ | စီးပွားရေးလုပ်ငန်းတစ်ခု၏ ပုံမှန်လည်ပတ်မှုဖြင့်ရောင်းချသော (သို့မဟုတ်) တင်ပို့သော (သို့မဟုတ်) အများပြည်သူလူထုက တွင်တွင်ကျယ်ကျယ် အသုံးပြုနေသော (သို့မဟုတ်) ငှားရမ်းရန်ဖြစ်စေ၊ မှတ်ပုံတင်ရန်ဖြစ်စေ၊ ရောင်းချရန်ဖြစ်စေ အခွင့်ရထားသော ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှု (အိမ်ခြံမြေလုပ်ငန်း မပါဝင်ပါ)။ |
| နောက်ခံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း | နောက်ခံအခြေအနေနှင့် ကိုက်ညီအောင်ပြင်ဆင်ခြင်းဆိုသည်မှာ တတ်ကျွမ်းမှုများကို သင်ယူသူများနှင့် ကိုက်ညီမှုရှိစေရန်၊ အဓိပ္ပာယ်ရှိစေရန်၊ အသုံးဝင်စေရန်အတွက် အသုံးချရာနယ်ပယ်၏ သက်ဆိုင်ရာစည်းစနစ်ဖြစ်စေ၊ အခြေအနေဖြစ်စေ၊ ဒေသန္တရနယ်မြေအလိုက်ဖြစ်စေ သင်ရိုးညွှန်းတမ်းအား ယင်းတို့နှင့် ဆက်နွှယ်ကိုက်ညီမှုရှိစေရန် လုပ်ဆောင်သည့် ပညာရေးဆိုင်ရာလုပ်ငန်းစဉ်ကို ဆိုလိုပါသည်။ |
| ဆန်းစစ်ဝေဖန်မှုရှိသော သင်ရိုးညွှန်းတမ်း | ဆန်းစစ်ဝေဖန်မှုရှိသော သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းသည် ကျောင်းသားများ၏ ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်အပေါ် သိရှိနားလည်ထားမှုနှင့် မည်သို့ဆက်နွှယ်နေပုံနှင့် စပ်လျဉ်း၍တွေးခေါ်ရန် မူဘောင်အသစ်တစ်ခုကို ပေးထားပါသည်။ |
| ဆွေးမြည့်ပျက်ဆီးခြင်း | ပုပ်သိုးမှု၊ ဆွေးမြည့်မှု အခြေအနေ (သို့မဟုတ်) ဖြစ်စဉ် |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| တိရစ္ဆာန်ဈေး | သိုးများ၊ ငှက်များနှင့် အင်းဆက်များကဲ့သို့သော တိရစ္ဆာန်များ၏ မစင်။ |
| (မြေဩဇာအဖြစ်သုံးသော) တိရစ္ဆာန်ချေး | တိရစ္ဆာန်များ၏ မစင်၊ နွားချေးမြေဩဇာ။ |
| လျှပ်စစ်ဓာတ် ကူးလူးနိုင်စွမ်း | သတ်မှတ်ထားသည့် ဓာတ်သတ္တုပစ္စည်း၏ လျှပ်ကူးနိုင်သည့် အတိုင်းအတာ၊ အဆိုပါဓာတ်သတ္တုပစ္စည်းအတွင်းရှိ လျှပ်စီးကြောင်းပတ်စီးမှုကို ဖြစ်ပွားစေသည့် လျှပ်စီးရပ်ဝန်း၏ ဖြတ်စီးမှုကို လက်ရှိခံနိုင်အား၏ အချိုးအဖြစ် တိုင်းတာသည်။ |
| ပိုက်လုံးပုံ ပိတ်စချုပ်နည်း (Fabric tube) | ပိတ်စကို ပြောင်းပြန်လှန်၍ ပိုက်လုံးပုံချုပ်လုပ်ခြင်းဆိုသည်မှာ အချုပ်အလုပ်နည်း ပညာတစ်ခုဖြစ်သည်။ အရာဝတ္ထုတစ်ခု (ပိတ်စ၏အစနှစ်ဖက်) ကို မျက်နှာချင်းဆိုင်ချုပ်လိုက်ပြီးနောက် အဝတစ်ခုချန်ထားကာ အတွင်းအပြင် ပြောင်းပြန်လှန်လိုက်ပြီး ထိုအဝကိုချည်ထိုး၍ ချုပ်လိုက်ကာ ပွင့်နေသေးသော အစွန်းတစ်ဖက်မှနေ၍ ထိုအရာဝတ္ထု (ချုပ်လုပ်ပြီးသောပိတ်စ) ထဲသို့ ဖြည့်စာ (သို့မဟုတ်) အဆာကို ဖြည့်သွင်းရန် အဝတစ်ခုချန်လုပ်ထားခြင်းဖြစ်သည်။ |
| ဖြစ်ထွန်းမှုအားကောင်းခြင်း | မြေဩဇာ အရည်အသွေးကောင်းမွန်ခြင်း၊ ထွက်နှုန်းတိုးခြင်း |
| ပွဲတော် | ပွဲတော်ဆိုသည်မှာ ပုံမှန်အားဖြင့် ရပ်ရွာလူထုက ကျင်းပသည့် ပွဲလမ်းတစ်မျိုးဖြစ်ပြီးအဆိုပါရပ်ရွာလူထု၏ စရိုက်လက္ခဏာ အမြင်အချို့နှင့် ယင်း၏ဘာသာရေး၊ ယဉ်ကျေးမှုတို့အပေါ် ဗဟိုပြု၍ ကျင်းပလေ့ရှိသည်။ |
| ဂျစ်ပဆမ် | ရေဓာတ်ပါဝင်ဖွဲ့စည်းထားသော ကယ်လဆီယမ်ဆာလ်ဖိတ် ပါဝင်သည့် နူးညံ့သောအဖြူရောင် သို့မဟုတ် ခဲရောင်တွင်းထွက် ပစ္စည်းတစ်မျိုး ဖြစ်သည်။ ယင်းကိုများသောအားဖြင့် နုန်းဆန်သော အမှုန်ပုံစံမျိုးဖြင့်တွေ့ရှိရပြီး (ကျောက်ပတ်တီးကဲ့သို့) ပုံစံခွက်ပြုလုပ်သော ပလာစတာနှင့် မြေဩဇာပြုလုပ်ရာတွင် အသုံးပြုသကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်လည်း အသုံးပြုကြသည်။ |
| ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး | ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ အမွေအနှစ်များကို ၎င်းတို့၏ ထင်ရှားမှုအလိုက် သင့်လျော်သော မွမ်းမံမှုများပြုလုပ်ပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ပြောင်းလဲပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည့် လုပ်ငန်းစဉ်ကိုဆိုလိုပါသည်။ |
| သမိုင်းဝင် ရှေးဟောင်းအမွေအနှစ် | သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တွင် သမိုင်းကြောင်းအရနှင့် အနုပညာပိုင်းအရ တန်ဖိုးကြီးမားသော အဆောက်အုံများ ပါဝင်ပါသည်။ ယင်းသည် ရှေးယခင် လူစု (သို့မဟုတ်) လူ့အဖွဲ့အစည်း၏ မျိုးရိုးစဉ်ဆက် အဆက်ဆက်မှ လက်ဆင့်ကမ်းအမွေဆက်ခံလာခဲ့သည့် ဒြပ်ရှိသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ သာမက ဒြပ်မဲ့သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ပါသည်။ |
| သမိုင်းဝင် နေရာ | သမိုင်းဝင်နေရာဆိုသည်မှာ နိုင်ငံရေးရာ၊ စစ်ရေးရာ၊ ယဉ်ကျေးမှု ရေးရာ၊ လူမှုရေးရာ သမိုင်းကြောင်းပစ္စည်းများကို ၎င်းတို့၏ ယဉ်ကျေးမှုပိုင်းဆိုင်ရာ အမွေအနှစ်တန်ဖိုးအရ ထိန်းသိမ်းစောင့်ရှောက်ထားသည့် တရားဝင်နေရာ တစ်နေရာကို ဆိုလိုပါသည်။ |
| မြေဆွေး | မြေဆီလွှာ၏ ဇီဝအစိတ်အပိုင်းဖြစ်ပြီး သစ်ရွက်များနှင့် အခြား အပင်မှထွက်ရှိသည့် ပစ္စည်းများက  မြေဆီလွှာ၏ ဇီဝသက်ရှိ ပိုးမွှားများကြောင့် ဆွေးမြည့်ပျက်ဆီးခြင်းဖြင့် ဖြစ်ပေါ်လာသည့် အရာဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ရောဂါကာကွယ်ရေးပစ္စည်း | ရောဂါကာကွယ်ရာတွင် အသုံးပြုသည့်ပါဝင်ပစ္စည်း (ရောဂါကာကွယ်ဆေးထိုးခြင်း- ဇီဝသက်ရှိအတွင်းသို့ (ကူးဆက်နိုင်စွမ်းရှိသည့်ပြင်ပပစ္စည်း) ဖြင့် ထိုးသွင်းခြင်း)။ |
| ဘာသာရပ်များအကြား အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်း | ဘာသာရပ်များအကြား ကူးလူးယှက်နွယ်နေသော အဓိကအကြောင်း အရာများနှင့်စိတ်ကူးအကြံဉာဏ်များ၊ ဘာသာရပ် အသီးသီးအကြား ဆက်နွယ်မှုများနှင့် ၎င်းတို့၏ လက်တွေ့ဘဝနှင့် ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ သိရှိနားလည်မှုများကိုဖန်တီးမွေးထုတ်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်း ပေါင်းစည်းရေးအတွက် ချဉ်းကပ်သင်ကြားနည်းတစ်ရပ် ဖြစ်သည်။ |
| မြေမျက်နှာသွင်ပြင် | မြေမျက်နှာသွင်ပြင်ဆိုသည်မှာ ပုံဖော်ရလွယ်ကူသော သဘာဝအရ (သို့မဟုတ်) လူသားများက ဖန်တီးထားသော အသွင်အပြင် ဖြစ်သည်။ |
| ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်း | ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းသည် ကျောင်းတွင်းပညာရေး အသိုက်အဝန်း၌ ဒေသဆိုင်ရာ (သို့မဟုတ်) တိုင်းရင်းသားဘာသာ စကားများကို ထည့်သွင်းသင်ကြားပေးပြီးဒေသတွင်း လူမှုရေး၊ စီးပွားရေးပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်ရေးများကိုသင်ကြားရေးနှင့် သင်ယူရေးအတွင်း ပေါင်းစည်းသင်ကြားနိုင်ရန် လုပ်ဆောင်ပေးပါသည်။ |
| ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Local Economic Development) | ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (LED) ဆိုသည်မှာ ယင်း၏အမည်တွင် ဖော်ပြထားသကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာကြီးနှင့်အညီ မြို့များအလိုက်၊ ခရိုင်များအလိုက်၊ တိုင်းဒေသကြီးများအလိုက် လုပ်ငန်းဆောင်တာများကို အရေးပါမှုအလိုက် နေရာချထားသည့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုပိုင်းဆိုင်ရာ ကိုင်တွယ်ဖြေရှင်းနည်းတစ်ရပ် ဖြစ်သည်။ |
| ဒေသတွင်းထုတ်ကုန် | ဒေသထွက်သီးနှံဆိုသည်မှာ အဆိုပါဒေသတွင်းရှိ သတ်မှတ်နယ်မြေအတွင်း စိုက်ပျိုးသည့် (သို့မဟုတ်) ထုတ်လုပ်၊ ကုန်ချောဖန်တီးပြီးနောက် ရောင်းချသည့် အစားအသောက်များနှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များ (ဥပမာအားဖြင့် ဝါဂွမ်း သို့မဟုတ် ပန်းမန်) များကို ဆိုလိုခြင်း ဖြစ်သည်။ |
| ဈေးကွက်စီးပွားရေးစနစ် | ဈေးကွက်စီးပွားရေးစနစ်ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်တည်လာသည့် ဈေးနှုန်းစံညွှန်းများဖြင့် လမ်းညွှန်မှုပြုထားသည့် စီပွားရေးစနစ်တစ်ရပ်ကိုဆိုလိုပါသည်။ |
| အလယ်တန်းကျောင်းအဆင့်များ | မြန်မာကျောင်းစနစ်ရှိ အလယ်တန်းကျောင်း အဆင့်များဖြစ်သည့် ဆဋ္ဌမတန်း မှ နဝမတန်းအထိ လေးနှစ်တာကာလ ဖြစ်သည်။ |
| ယဉ်ကျေးမှုပေါင်းစုံပညာရေး | တန်းတူညီမျှမှုရှိရေး၊ သင်ရိုးညွှန်းတမ်း အသစ်ရေးဆွဲရေး၊ ယဉ်ကျေးမှု အပြန်အလှန် ကိုက်ညီယှက်နွယ်မှု ဖြစ်ပေါ်လာရေး လုပ်ငန်းစဉ်တို့ဆီ ဦးတည်သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး၊ ဘက်လိုက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဖြိုချရန်သန္နိဋ္ဌာန်ချ လုပ်ဆောင်ခြင်းဖြစ်သည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| ဘာသာရပ်စုံ အပြန်အလှန် ချိတ်ဆက်သင်ကြားခြင်း | အဓိကအားဖြင့် ဘာသာရပ်အသီးသီးနှင့် ယင်းတို့မှ ခေါင်းစဉ်တစ်ခုအပေါ် သော်လည်းကောင်း၊ အဓိကအကြောင်းအရာ တစ်ခုအပေါ်သော်လည်းကောင်း၊ အရေးကိစ္စတစ်ခုအပေါ်သော်လည်းကောင်း ပုံဖော်ဖန်တီးပေးနိုင်သည့် ကွဲပြားခြားနားသည့် အမြင်များအပေါ် အလေးပေးထားသည့် သင်ရိုးညွှန်းတမ်းပေါင်းစည်းရေးအတွက်ချဉ်းကပ်သင်ကြားနည်း တစ်ရပ်ဖြစ်သည်။ ဘာသာရပ်စုံအပြန်အလှန်ချိတ်ဆက်သင်ကြားသည့် သင်ရိုးညွှန်းတမ်းဆိုသည်မှာ တူညီသောခေါင်းစဉ်တစ်ခုအပေါ် ဘာသာရပ်တစ်ခုထက်ပိုသည့် ရှုထောင့်အမြင်များမှ လေ့လာသည့် သင်ရိုးညွှန်းတမ်းဖြစ်သည်။ |
| နီမတုတ် (Nematode) | နီမတုတ် (Nematoda) မျိုးစိတ်ဝင် သန်ကောင်လုံး သို့မဟုတ် တုတ်ပြားကောင်တို့ကဲ့သော တီကောင်တစ်မျိုး ဖြစ်သည်။ |
| OTOP | တစ်မြို့နယ် ထုတ်ကုန်တစ်ခု (One Town One Product) |
| OVOP | ရွာတစ်ရွာ ထုန်ကုန်တစ်မျိုး (One Village One Product) |
| ဖယောင်းတိပ် (Paraflim) | ဖယောင်းနှင့် ပိုလီရိုလဖင်း (Polyolefin) တို့ကို သင့်တင့်မျှတစွာ ရောစပ်ထားသည့်အရောအနှောဖြင့် ထုတ်လုပ်ထားသည့် အတန်အသင့် ဖောက်ထွင်းမြင်ရသော၊ ပျော့ပျောင်းသော ဖလင်တိပ်အမျိုးအစား ဖြစ်သည်။ |
| သင်နည်းဗေဒ | အထူးသဖြင့် ပညာရေးဆိုင်ရာဘာသာရပ် သို့မဟုတ် သီအိုရီပိုင်းဆိုင်ရာ အသိသညာများသင်ကြားရန်အတွက် နည်းလမ်း (သို့မဟုတ်) သင်ကြားနည်း အလေ့အထများဖြစ်သည်။ |
| တာရှည်ခံဆေး | စားသောက်ကုန်များ သော်လည်းကောင်း၊ သစ်များသော် လည်းကောင်း၊ အခြားပစ္စည်းများကို သော်လည်းကောင်း ပုပ်သိုးဆွေးမြည့်သွားခြင်း မရှိစေရန် ထိန်းသိမ်းပေးသော ထည့်သွင်းပစ္စည်းကို ဆိုလိုသည်။ |
| အရည်ပျစ် | များသောအားဖြင့် နွားချေးမှုန့်ဖြစ်စေ၊ ဘိလပ်မြေမှုန့်ဖြစ်စေ၊ ကျောက်မှုန့်တို့ကိုဖြစ်စေ ရေဖြင့်ဖျော်ထားသည့် အရည်ပျစ်အနှော တစ်မျိုးဖြစ်သည်။ |
| သားတက်များ/ အပင်ကိုင်းတပ်များ (Suckers) | သစ်ပင် (သို့မဟုတ်) အခြားအပင်များ၏ အခြေမှခွဲထွက်လာသော အငုတ်ကို ဆိုလိုသည်။ အထူးသဖြင့် အပင်၏ ပင်မပင်စည် သို့မဟုတ် ပင်စည်မှနေ၍ အကွာအဝေးတစ်ခုရှိ မြေကြီး၏အောက်မှ ထိုးထွက်လာသော အငုတ်ကို ဆိုလိုသည်။ ခရမ်းချဉ်ပင် သို့မဟုတ် ပြောင်းဖူးပင်တို့တွင်တွေ့ရသည့် ပင်မအဖူးမှ ခွဲထွက်လာသည့်အတက်ဖူးကို ခေါ်ဆိုသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက် |
|---|---|
| တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေး သဘောထားခံယူချက် Sufficiency Economy Philosophy (SEP) | တစ်သီးတစ်သန့် ရပ်တည်နိုင်သော စီးပွားရေးသဘောထား ခံယူချက်ဆိုသည်မှာ လူမှုအဆင့်အတန်းအသီးသီးရှိ ပြည်သူလူထုကသင့်လျော်သလို ကျင့်သုံးနိုင်ရန် အတွက်ပဓာနကျသော မူဝါဒများကို အလယ်အလတ်ကျအောင် အရေးစိုက် လုပ်ဆောင်ပေးသည့် သဘောထား ခံယူချက်ကို ဆိုလိုပါသည်။ အဆိုပါ ခံယူချက်သည် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတို့နှင့် စပ်လျဉ်း၍ မိသားစုများမှစ၍ ရပ်ရွာလူထု၊ ထိုမှတစ်ဆင့် နိုင်ငံအဆင့်ဆီသို့ စတင်ကျင့်သုံးသွား ခြင်းအထိ အကျိုးဝင်သက်ရောက်သကဲ့သို့ ကမ္ဘာ့ရွာအသွင် ပြောင်းလဲလာသည့် ဖြစ်စဉ်များနှင့်အညီ ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရာတွင်လည်း အကျိုးဝင် သက်ရောက်ပါသည်။ ‘တစ်သီးတစ်သန့် ရပ်တည်နိုင်ရေး’ ဆိုသည်မှာ ချောင်ချောင်ချိချိနေထိုင်နိုင်ခြင်း၊ မျှမျှတတ သုံးစွဲနိုင်ခြင်း၊ ပြည်တွင်းနှင့် ပြည်ပ ပြောင်းလဲမှုများမှ ပေါ်ပေါက်လာသည့် ရိုက်ခတ်မှုဒဏ်များမှ ခံနိုင်ရည်ရှိစေရန် ပြည်တွင်းလိုအပ်ချက်များအတွက် ကိုယ်တိုင်ထုတ်လုပ် လည်ပတ်နိုင်စွမ်းအစရှိ သည် တို့ကိုဆိုလိုခြင်းဖြစ်သည်။ |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု | သဘာဝရင်းမြစ်များ လျော့ပါးကုန်ခန်းသွားစေခြင်းမရှိဘဲ ကျင့်သုံးလုပ်ဆောင် သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆိုလိုသည်။ |
| သင်ရိုးမာတိကာ | သင်ရိုးမာတိကာ သို့မဟုတ် သင်ရိုးအသေးစိတ် ဖော်ပြချက်များဆိုသည်မှာ သက်ဆိုင်ရာသင်ရိုးနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းစွာဖော်ပြ ထားသော၊ သင်ရိုးအတွက် မျှော်မှန်းထားသည်များနှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ဖော်ပြထားသော စာရွက်စာတမ်း ဖြစ်သည်။ |
| TCSF (Teacher Competencies Standards Framework) | ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် |
| ဥစားပင်များ | မြေအောက်သို့ ဆက်လက်ကြီးထွားပြီး အပင်အသစ်အဖြစ် ဖြစ်တည်နိုင်သော (အာလူးကဲ့သို့သော) အပင်များ၏ အစိတ်အပိုင်းဖြစ်သည့် ပုသော၊ တုတ်သော၊ လုံးဝန်းသည့် ပင်စည်ကို ဆိုလိုပါသည်။ |

# ကျမ်းကိုးစာရင်း

Association of Myanmar Architects. (2012). *30 heritage buildings of Yangon: Inside the city that captured time.* Chicago, IL: Serindia Publications.

Balasubramanian, A. (2014). *Classification of agricultural crops.* Retrieved from https://www.researchgate.net/

Barnes, T. (1999) *The Kingfisher book of religions: Festivals, ceremonies, and beliefs from around the world.* New York, NY: Kingfisher.

BBC Burmese. (2019, September 12). *[Over 300 Myanmar students compete in local jaggery making']* [Facebook status update]. Retrieved from https://www.facebook.com/BBCnewsBurmese/posts/2503505916371945/

Bennett, C. I. (1999). *Comprehensive multicultural education, theory and practice (4th ed.).* Boston, MA: Allyn & Bacon.

Bilderback, T., Bir, R. E., & Ranney, T. G. (2014, June 30). *Grafting and budding nursery crop plants.* Retrieved from https://www.ces.ncsu.edu/

Blair, J. P., & Carroll, M. C. (2008). *Local economic development: Analysis, practices, and globalization* (2nd ed.). Thousand Oaks, CA: Sage Publications.

Brady, N. C. (1984). *The nature and properties of soils* (9th ed.). New York, NY: Macmillan.

Brown, L. (2008). *Applied principles of horticultural science* (3rd ed.). Oxford, England: Linacre House.

*Cambridge Dictionary.* (2020). Retrieved from https://dictionary.cambridge.org/

Chandra, K. (2005). *Organic manures.* Hebbal, India: Regional Centre of Organic Farming.

Chau, T., & Kyaw Soe Htet. (2019, July 7). Bagan named UNESCO World Heritage Site. *Myanmar Times.* Retrieved from https://www.mmtimes.com/

Chunrasaksakun, C., Sanrattana, U., Tungkasamit, A., & Srisawat, N. (2015). Developing local curriculum framework on water resource and disaster course for enhancing students' learning achievements in the basic educational system. *Educational Research and Reviews, 10,* 2216-2225.

Condra, J. (Ed.). (2013). *Encyclopedia of national dress: Traditional clothing around the world.* Santa Barbara, CA: ABC-CLIO.

Cox, L., & Koening, R. (2010). Solutions to soil problems: II. High pH (alkaline soil). Retrieved from https://digitalcommons.usu.edu/

Department of Trade and Industry. (n.d.). *DTI One Town One Product (OTOP) Phillipines.* Retrieved from http://invest.cfo.gov.ph/pdf/part1/dti-one-town-one-product-otop-philippines.pdf

Eggen, P. D., & Kauchak, D. P. (2001). *Strategies for teachers: Teaching content and thinking skills (4th ed.).* Allyn and Bacon.

Evans, W., & Savage, J. (2015). *Developing a local curriculum: Using your locality to inspire teaching and learning.* Abingdon, England: Routledge.

Food and Agriculture Organization of the United Nations. (2020). Myanmar at a glance. Retrieved from http://www.fao.org/myanmar/fao-in-myanmar/myanmar/en/

Gilbert, R., & Hoepper, B. (Eds.). (2016). *Teaching humanities and social sciences: History, geography, economics & citizenship in the Australian curriculum* (6th ed.). Victoria, Australia: Cengage Learning Australia.

Go Myanmar Tours. (2020). *Myanmar World Heritage Sites.* Retrieved from https://www.gomyanmartours.com/myanmar-world-heritage-sites/

Grafting Lesson Official. (2019, March 25). *Mango V grafting technique with result (100% success)* [Video file]. Retrieved from https://www.youtube.com/watch?v=TL6Y2dIfkCk

Insight Guides. (2018). *Myanmar.* London, England: Insight Guides.

Haddad, C. (2007). *Mother tongue-based literacy programmes: Case studies of good practice in Asia.* Bangkok, Thailand: United Nations Educational, Scientific and Cultural Organization-Asia and Pacific Regional Bureau for Education.

Hartmann, H. T., Kester, D. E., Davies, F. T., & Geneve, R. L. (2014). *Hartmann and Kester's plant propagation* (8th ed.). Harlow, England: Pearson Education Limited.

James, J., Thomas, G., & Zatko, M. (2015). *The Rough Guide to Myanmar (Burma)* (1st ed.). London, England: Rough Guides.

Kajornsin, B., Potisook, P., Ekwarangkoon, P., & Lapanachokdee, W. (2004, November). *Local-based curriculum development: A case study of Watsamankit Elementary School, Thailand.* Paper presented at the Australian Association for Research in Education Conference, Melbourne, Australia.

Kivunja, C. (2015). *Teaching, learning & assessment: Steps towards creative practice.* Melbourne, Australia: Oxford University Press.

Kurokawa, K., Tembo, F., & te Velde, D.W. (2010). *Challenges for the OVOP movement in Sub-Saharan Africa (Insights from Malawi, Japan and Thailand).* Retrieved from https://www.files.ethz.ch/isn/116727/2010-04_Challenges-for-the-OVOP.pdf

Larmer, J., Mergendoller, J. R., & Boss, S. (2015). *Setting the standard for project based learning: A proven approach to rigorous classroom instruction.* Alexandria, VA: ASCD.

Ministry of Education. (2017). Local Curriculum Syllabus guidelines.

Ministry of Education. (2019). Education College Year 1 Local Curriculum Syllabus.

Ministry of Education. (n.d.). *Myanmar National Curriculum Framework (5th version).* Retrieved from https://www.lextutor.ca/myanmar/curriculum_framework_v5.pdf

Mongsawad, P. (2010). The philosophy of the sufficiency economy: A contribution to the theory of development. *Asia-Pacific Development Journal, 17,* 123-143.

Natsuda, K., Igusa, K., Wibbonpongse, A., & Thoburn, J. (2012). One village One product – rural development strategy in Asia: The case of OTOP in Thailand. *Canadian Journal of Development Studies, 33,* 369-385.

Reid, R., & Grosberg, M. (2005). *Myanmar (Burma)* (9th ed.). London, England: Lonely Planet.

Reynolds, R. (2014). *Teaching humanities and social sciences in the primary school.* Melbourne, Australia: Oxford University Press.

Richmond, S., Bush, A., Eimer, D., Elliott, M., & Ray, N. (2014). *Myanmar (Burma)* (12th ed.). London, England: Lonely Planet.

Shway Yoe. (1963). *The Burman, his life and notions.* New York, NY: Norton.

South, A., & Lall, M. (2016). *Schooling and conflict: Ethnic education and mother tongue-based teaching in Myanmar.* Retrieved from https://asiafoundation.org/

Stabback, P. (2016). *What makes a quality curriculum?* Retrieved from https://unesdoc.unesco.org/home

Sutton, A. L., Jones, D. D., Joern, B. C., & Huber, D. M. (2001). *Animal manure as a plant nutrient resource.* Retrieved from https://www.extension.purdue.edu/extmedia/ID/ID-101.html

Te Kete Ipurangi. (n.d.). *Strengthening local curriculum.* Retrieved from https://www.tki.org.nz/

The Flipped Learning Network. (2014). *Definition of flipped learning.* Retrieved from https://flippedlearning.org/definition-of-flipped-learning/

The Government of the Republic of the Union of Myanmar. (2018). *Myanmar Sustainable Development Plan (2018-2030).* Retrieved from: https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf

The Economist. (2013, May 23). The promise—and the pitfalls: Why investors still need to proceed with caution. Retrieved from https://www.economist.com/

Thein Lwin. (2007). *Education and democracy in Burma: Decentralization and classroom-level education reform.* Retrieved from https://www.rwctic.org/

Thein Lwin. (2017). Local Curriculum Implementation Guide, February 2017 Annex. In *Language, Identities and Education: in relation to Burma/Myanmar.*

Thein Naing. (2015). *Educated nation (Pyinnar Naing Ngan Daw), a collection of education articles.* Yangon, Myanmar: Wisdom House Publication.

Thein Naing. (2016). *Education in a federal democracy.* Yangon, Myanmar: Myanmar Knowledge Society.

Thomas, G. (2017). *The Rough Guide to Myanmar (Burma)* (2nd ed.). London, England: Rough Guides.

Tun, S. (2016). *Village development part 1.* Monywa Gazzette

Underhill, A. P., & Salazar, L. C. (Eds.). (2016). *Finding solutions for protecting and sharing archaeological heritage resources.* Cham, Switzerland: Springer.

United Nations Scientific, Cultural and Educational Organization. (2017). *World Heritage Sites: A complete guide to 1073 UNESCO World Heritage sites* (8th ed). Richmond Hill, Ontario, Canada: Firefly Books.

United Nations Scientific, Cultural and Educational Organization. (2020a). Myanmar. Retrieved from https://whc.unesco.org/en/statesparties/mm

United Nations Scientific, Cultural and Educational Organization. (2020b). World heritage. Retrieved from https://whc.unesco.org/en/about/

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (2013). *Glossary of curriculum terminology.* Geneva, Switzerland: United Nations Educational, Scientific and Cultural Organization-International Bureau of Education.

United Nations Educational, Scientific and Cultural Organization-International Bureau of Education. (n.d.). *Module 4: System management and governance.* Retrieved from http://www.ibe.unesco.org/fileadmin/user_upload/COPs/Pages_documents/Resource_Packs/TTCD/sitemap/Module_4/Module_4_2_concept.html

Upjohn, B., Fenton, G., & Conyers, M. (2005). *Soil acidity and liming.* Retrieved from https://www.dpi.nsw.gov.au/

Whiting, D., Card, A., Wilson, C., & Reeder, J. (2015). *CMG GardenNotes #222.* Retrieved from https://cmg.extension.colostate.edu/Gardennotes/222.pdf 3.4.

Whitton, D., Barker, K., Humphries, J., Nosworthy, M., & Sinclair, C. (2010). *Learning for teaching: Teaching for learning* (2nd ed.). Melbourne, Australia: Cengage Learning Australia.

Yangon City Development Council. (n.d.). *Introduction of Myanma festivals*. Retrieved from https://www.ycdc.gov.mm/content.php?yangon=Festivals

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)။ လယ်ယာသီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများအကြား ကွာခြားချက်များ

| စံနှုန်း | လယ်ယာသီးနှံများ | ဥယျာဉ်ခြံသီးနှံများ |
|---|---|---|
| အဓိကစားသောက်သုံးစွဲသူများ | လူသားများနှင့် တိရစ္ဆာန်များ | လူသားများ |
| အလုဆင်ရန်ရည်ရွယ်၍ စိုက်ပျိုးခြင်း | နည်းပါးသည် | မြင့်မားသည် |
| စိုက်ပျိုးသည့် ပုံစံ | နေထိုင်ရာနှင့် အနီးတစ်ဝိုက်တွင် စိုက်ပျိုးလေ့မရှိပါ | နေထိုင်ရာနှင့် အနီးတစ်ဝိုက်တွင်စိုက်ပျိုးလေ့ရှိသည် |
| ရိတ်သိမ်းသည့် အခြေအနေ | ရင့်မှည့်မှသာ ရိတ်သိမ်းလေ့ရှိသည် | အခြေအနေအမျိုးမျိုးတွင် ရိတ်သိမ်းကြသည် |
| စားသုံးပုံ | အများအားဖြင့် အခြောက်ခံ၍ စားသုံးကြသည် | လတ်လတ်ဆတ်ဆတ်/ အစိမ်းစား |
| အရည်ရွှမ်းမှု | နည်းပါးသည် (အခြောက်ခံပစ္စည်း) | မြင့်မားသည် (၉၀ % ခန့်) |
| ကယ်လိုရီပါဝင်မှု | မြင့်မားသည် | နိမ့်ပါးသည် |
| ဗီတာမင်နှင့် သတ္တုဓာတ်များ | နည်းပါးသည် | မြင့်မားသည် |
| သက်တမ်းကြာချိန် | တစ်နှစ်ခံပင်၊ နှစ်ရှည်ခံပင် အချို့လည်းရှိသည် | တစ်နှစ်ခံပင်၊ နှစ်နှစ်ခံပင်၊ နှစ်ရှည်ခံပင် |
| ထိန်းသိမ်းစီမံရသည့် အဆင့် | ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရသည်/ ထိန်းသိမ်းရမှု နည်းပါးသည် | အလွန်အမင်း ဂရုစိုက်ရသည်/ ထိန်းသိမ်းရမှုမြင့်မားသည် |
| စိုက်ပျိုးသည့် ဧရိယာအလိုက် ဝင်ငွေရရှိမှု | နည်းပါးသည် | မြင့်မားသည် |
| ရင်းနှီးမြှုပ်နှံရမှု | နည်းပါးသည် | မြင့်မားသည် |
| ထိခိုက်နိုင်ခြေ (ဥပမာအားဖြင့် ဈေးနှုန်းအတက်အကျ) | နည်းပါးသည် | မြင့်မားသည် |
| စိုက်ပျိုးထုတ်လုပ်သည့် ပုံစံများ | လယ်ကွင်းများ၊ စားကျက်မြေ၊ ကွင်းပြင်များ၊ တောတွင်း၊ သီးနှံခင်း/ခြံ | ဥယျာဉ်၊ သစ်သီးခြံ၊ သစ်တောအုပ်လိုက်၊ စပျစ်ခြံ၊ ဖန်လုံအိမ် စိုက်ပျိုးခြံ၊ပျိုးခြံ၊ သီးနှံခင်း/ခြံ |

## နောက်ဆက်တွဲ (၂)။ ဇယား (၃.၃) နှင့် ဇယား (၃.၅) အတွက် အဓိကအချက်များ

ဇယား (၃.၃) အောက်တွင်ပေးထားသော အခြေအနေများအတွက် pH အဆင့် ၆.၅ အထက် မြှင့်တင်ရန်အတွက် မြေအချဉ်ပေါက်မှုကိုပြုပြင်ရန် မြေသားထုံးကျောက် လိုအပ်ချက်ကို ဖော်ပြပါ။

| | တစ်စတုရန်းမီတာလျှင် တစ်ဂရမ်နှုန်းရှိ ထုံးကျောက် လိုအပ်ချက် (မြေဆီလွှာထုံးကျောက်) |
|---|---|
| မြေချဉ်ငန်ကိန်း (pH) ၄.၅ မှ ၆.၅ ရှိ မြေစေးနုန်းမြေ | ၂၀၀၀ |
| မြေချဉ်ငန်ကိန်း (pH) ၅.၅ မှ ၆.၅ ရှိ နုန်းဆန်သဲမြေ | ၅၀၀ |
| မြေချဉ်ငန်ကိန်း (pH) ၄.၅ မှ ၆.၅ ရှိ နုန်းမြေနု | ၁၄၀၀ |
| မြေချဉ်ငန်ကိန်း (pH) ၅.၀ မှ ၆.၅ ရှိ နုန်းမြေ | ၁၁၉၀ |
| မြေချဉ်ငန်ကိန်း (pH) ၄.၀ မှ ၆.၅ ရှိ သဲနုန်းမြေ | ၁၅၀၀ |

ဇယား (၃.၅) အောက်တွင်ပေးထားသော အခြေအနေများအတွက် pH အဆင့် ၆.၅ အောက် လျှော့ချရန်အတွက် ဆာလဖာလိုအပ်ချက်ကို ဖော်ပြပါ။

| | ဆာလဖာ လိုအပ်ချက် (တစ်စတုရန်းမီတာလျှင် တစ်ဂရမ်) |
|---|---|
| မြေချဉ်ငန်ကိန်း (pH) ၈.၀ မှ ၆.၅ ရှိ မြေစေးမြေ | ၄၀၅ |
| မြေချဉ်ငန်ကိန်း (pH) ၈.၅ မှ ၆.၅ ရှိ နုန်းဆန်သဲမြေ | ၂၀၀ |
| မြေချဉ်ငန်ကိန်း (pH) ၉.၀ မှ ၆.၅ ရှိ နုန်းမြေနု | ၄၅၀ |
| မြေချဉ်ငန်ကိန်း (pH) ၈.၅ မှ ၆.၅ ရှိ နုန်းမြေစေး | ၅၄၀ |
| မြေချဉ်ငန်ကိန်း (pH) ၇.၅ မှ ၆.၅ ရှိ မြေစေးနုန်းမြေ | ၂၂၀ |

## နောက်ဆက်တွဲ (၃)။ သဘာဝ မြေဆွေး/နွားချေး၏ အားသာချက်များ

- သဘာဝမြေဆွေး/ နွားချေးများသည် အပင်များလိုအပ်သော အာဟာရဓာတ် အားလုံးကို ပံ့ပိုးပေးနိုင်သော်လည်း ပေါပေါများများ ရရှိနိုင်ရန် မလွယ်ကူပေ။
- ယင်းသည် မြေဆီလွှာအတွင်းရှိ C:N အချိုး (ကာဗွန်:နိုက်ထရိုဂျင်အချိုး) ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အထောက်အကူပြုပေးနိုင်သည့်အပြင် မြေဆီလွှာ၏သီးနှံဖွံ့ဖြိုးမှု နှုန်းနှင့် အထွက်နှုန်းကိုလည်း တိုးတက်စေပါသည်။
- ယင်းသည် မြေဆီလွှာ၏ ရူပဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာ သတ္တိများ ကို တိုးတက်ကောင်းမွန်စေပါသည်။
- ယင်းသည် မြေဆီလွှာတည်ဆောက်ပုံနှင့် အရည်အသွေးနှစ်ခုလုံးကို တိုးတက် ကောင်းမွန်စေပါသည်။
- ယင်းသည် မြေဆီလွှာ၏ ရေစုပ်ယူထားနိုင်မှုကို အားကောင်းစေပါသည်။
- ဇီဝဖြစ်စဉ်ပိုင်းဆိုင်ရာ တိုးတက်လာသည်နှင့်အမျှ မြေဆီလွှာအောက်ပိုင်းတွင်ရှိသော အာဟာရဓာတ်များသည် အပင်များထံသို့ ရောက်ရှိရန် လွယ်ကူလာပါသည်။
- ယင်းသည် ရေငွေ့ပြန်ခြင်းကြောင့် မြေဆီလွှာအတွင်းရှိ စိုထိုင်းဆလျော့ကျခြင်းကို လျှော့ချပေးရာတွင် များစွာအထောက်အကူ ပြုပါသည်။

# မှတ်စုများ

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန